
# တေမြှုတ်ဘုန်းဝံ

ချစ်သူဝံပုလွေ



# စောမြတ်ဘုန်းစံ

## ချစ်သူ ဝံပုလွေ


**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)<br>(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| အတွင်းနှင့်<br>အဖုံးပုံနှိပ်သူ | - | ဦးကျော်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)<br>(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ကွန်ပျူတာစာစီ | - | မြည်မြီး |
| အတွင်းဖလင် | - | ကိုကြီးပေါက် (၀၉-၄၂၀၂၅၃၃၂၇) |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ်၊ ၂၀၁၅ မတ်လ။ |
| အုပ်ရေ / တန်ဖိုး | - | ၅၀၀ အုပ် / ၁၀၀၀ ကျပ် |
| ဖြန့်ချိရေး | - | ခုနစ်စဉ်ကြယ်စာပေ<br>အမှတ် ၁၈၂ (B)၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈ |

၈၉၅.၈၃

စောမြတ်ဘုန်းစံ

ချစ်သူဝံပုလွေ / စောမြတ်ဘုန်းစံ ။ - ရန်ကုန်၊

ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၅ ။

၂၃၂ - စာ ၊ ၁၂ x ၁၈ စင်တီ။

(၁) ချစ်သူဝံပုလွေ

## ပါဝင်သောအခန်းများ


အခန်း (၁) ဂျပန်မှ လုပ်ငန်းရှင်သူဌေးတစ်ဦး မြန်မာပြည်သို့ရောက်လာခြင်း

အခန်း (၂) အိပ်မပျော်နိုင်တဲ့ည

အခန်း (၃) ဗုဒ္ဓဘာသာဝင်ဖြစ်လို့ ဘုရားရှိခိုးပြီ

အခန်း (၄) ဗုဒ္ဓဘာသာနှင့် ဂိုဏ်းအဖွဲ့များ

အခန်း (၅) အဆောင်လက်ဖွဲ့ဆွဲကြိုးပိုင်ရှင်ဂိုဏ်းအဖွဲ့ကို စုံစမ်းကြပြီ

အခန်း (၆) လပြည့်လကွယ် အိုဇုကွ

အခန်း (၇) နေလဂိုဏ်းကို ရှာဖွေဖို့ သူလျှိုငှားလွှတ်ပြီ

အခန်း (၈) တန်ဆောင်အကြောင်းနာများ

အခန်း (၉) ချစ်သူပြောသော ပုံပြင်

အခန်း (၁၀) နေလဂိုဏ်းကို ရှာတွေ့ပြီ

အခန်း (၁၁) ဂျပန်မှယာမာချီ လိုက်လာပြီ

အခန်း (၁၂) ကွက်လပ်ကလေးတစ်ခု ရင်နာနာနှင့်ရှောင်ခွာသူ

အခန်း (၁၃) နေလဂိုဏ်းသားတွေ အစည်းအဝေးလုပ်၍
တိုင်ပင်ကြပြီ
အခန်း (၁၄) နေလဂိုဏ်းသားများနှင့် ဒဏ္ဍာရီဝံပုလွေတို့တိုက်ပွဲ
အခန်း (၁၅) ဒဏ္ဍာရီဝံပုလွေလူသားတွေနှင့်
နေလဂိုဏ်းသားတို့ရဲ့ သန်းခေါင်ယံတိုက်ခိုက်ပွဲ
အခန်း (၁၆) ရှီးဂန်းနှင့်ရှာတို့နှင့် နေလဂိုဏ်းသားများတိုက်ခိုက်ပွဲ
အခန်း (၁၇) ဟိမဝန္တာတောထဲက သားအမိ
အခန်း (၁၈) မြေအဘိုးနှစ်ယောက် ရဟန်းဘောင်သို့ ဝင်ကြပြီ
အခန်း (၁၉) မယ်တော်ကြီးဆာဆာကြွလာပြီး ကယ်တင်ပြီ


ညသန်းခေါင်အချိန်တွင် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသော လူတစ်ဦးသည် ဟိမဝန္တာတောနက်ကြီးထဲတွင်ရှိသော ဝံပုလွေမျိုးနွယ်စုများနေထိုင်ရာ ကျောက်လှိုဏ်ဂူကြီးဘက်သို့ မှောင်ရိပ်ခို၍လာနေသည်။ ထိုလူသည် ဂူကြီးထဲသို့မဝင်မီ မိမိခန္ဓာကိုယ်နှင့် အဝတ်များပေါ်သို့ ဝံပုလွေဆီများသုတ်လိမ်းလိုက်သည်။ ထို့နောက် ဓားတစ်လက်ကိုကိုင်၍ ဂူကြီးထဲသို့ ဟိုကြည့်ဒီကြည့်နှင့် ပုန်းကွယ်ကာ ဝင်သွားသည်။

ဂူကြီးထဲတွင် တစ်နေရာပြီးတစ်နေရာ ထိုလူက တစ်ခုခု

ကို ရှာဖွေနေသည်။ ဒီလို ညဥ့်နက်နေချိန်မျိုးတွင် ဝံပုလွေများ အစာဝကာ အိပ်နေတတ်ကြသည်။ သို့သော် ဝံပုလွေတို့သည် မျက်စိလျှင်၍ နားပါးသော သတ္တဝါများမို့ ကြာနေလို့မဖြစ်သည် ကိုလည်း ထိုသူက သဘောပေါက်သည်။ ထို့ကြောင့် အချိန်မဆွဲ ဘဲ တစ်နေရာပြီးတစ်နေရာ လျင်မြန်စွာ ရှာဖွေခဲ့သည်။ ကျောက် တံခါးပိတ်ထားသော အခန်းတစ်ခန်းသာ ကျန်တော့သည်မို့ ထို ကျောက်တံခါးကို အသာတွန်းဖွင့်၍ အတွင်းသို့ဝင်လိုက်သည်။

အတွင်းထဲတွင် ကလာပ်ပေါ်၌ အလင်းတန်းများ ဖြာ ထွက်နေသော မှော်ဝင်ဓာတ်လုံးကို ထိုလူက ရှာဖွေတွေ့သွား သည်။

"ငါ ဆယ်နှစ်လုံးလုံး ရှာဖွေခဲ့ရတဲ့ ဓာတ်လုံးက ဒီမှာ ကိုး ... ဟင်း ဟင်း"

ထိုလူသည် ဝမ်းမြောက်ပျော်ရွှင်စွာဖြင့် ကလာပ်ပေါ်က မှော်ဝင်ဓာတ်လုံးကို အသာယူ၍ သူဆွဲပါလာသော ဘူးကလေး ထဲသို့ထည့်ကာ ခါးတွင်ပတ်ချည်ထားသော အိတ်ထဲသို့ ဘူး ကလေးကို သေချာစွာထည့်သိမ်းလိုက်သည်။ ထို့နောက် ... ဂူပြင်သို့ ပြေးထွက်ဖို့ ခြေလှမ်းလှမ်းလိုက်စဉ် မှော်ဓာတ်လုံးအား





စောင့်ကြည့်ရန် တာဝန်ကျ ဝံပုလွေတစ်ကောင်နှင့် ထိုလူစိမ်း ပက်ပင်းတိုးလေသည်။

ထိုဝံပုလွေသည် ကလာပ်ပေါ်သို့ တစ်လှည့် လူစိမ်းကို တစ်လှည့်ကြည့်ရင်း အခြေအနေကို နားလည်ဟန်တူသည်။ ဓာတ်လုံးသူခိုး လူစိမ်းကို စူးစူးရဲရဲကြည့်၍ မာန်ဖီကာ တိုက်ခိုက် ပါတော့သည်။

"ဂါး"

လူစိမ်းသည် မိမိအား မာန်ဖီသံပေး၍ ခုန်အုပ်တိုက်ခိုက် သော ဝံပုလွေကို ရှောင်တိမ်းရင်း ဓားဖြင့် ဝံပုလွေ၏လည်ပင်းကို အားကုန်လွှဲ၍ ခုတ်လိုက်သည်။

"ဒုတ်"

ဝံပုလွေသည် အထိနာသွားသဖြင့် ကြမ်းပြင်ပေါ်သို့ လဲ ကျသွားကာ မထနိုင်တော့ပေ။ သို့သော်လည်း ...

"အု အူး"

ဝံပုလွေမှာ ကျယ်လောင်စွာ အူလိုက်လေသည်။ ထိုသို့ အူခြင်းမှာ အန္တရာယ်ရောက်နေကြောင်း ကျန်ဝံပုလွေများကို အသံဖြင့် အချက်ပြသတိပေးလိုက်ခြင်းပင်။ လူစိမ်းကလည်း

သဘောပေါက်သည်။ ထို့ကြောင့် လူစိမ်းသည် ဂူပြင်ဘက်ဆီသို့ ခရကြမ်း ပြေးထွက် ပါတော့သည်။

လူစိမ်းသည် မိမိထားခဲ့သော မြင်းရှိရာတောစပ်ဆီသို့ အားသွန်ပြေး၍ မြင်းပေါ်သို့ခုန်တက်ကာ လာရာလမ်းအတိုင်း မြင်းနှင့် အတင်းဒုန်းပြေးသွားလေသည်။

ထိုအချိန်တွင် ဝံပုလွေတို့သည် တစ်ကောင်နှင့်တစ်ကောင် အချက်ပေးဟောင်သံများ၊ အူသံများပြု၍ ဂူကြီးထဲသို့ ပြေးဝင်သွားကြလေသည်။

''ဝုတ် ဝုတ် ဝုတ်''

''အု အု အူး အူး''

''အု အူး အူး''

ဝံပုလွေတို့၏ အကြီးအကဲဖြစ်သော ဝံပုလွေမသည် သေဆုံးသွားသော ဝံပုလွေကိုကြည့်လိုက် ကလာပ်ပေါ်သို့ကြည့်လိုက်နှင့် အလွန်ဒေါသထွက်နေသည်။

''ဂါး ဂါး''

''အု အူး'' ဟု အကြီးအကဲ ဝံပုလွေမက အူလိုက်သော အခါ အနားတွင်ရှိကြသော ဝံပုလွေတို့သည် –





''ဝုတ် ဝုတ် ဝုတ်''

''ဂါး ဂါး ဂါး''

''အု အု အု''

''အု အူး အူး''

မာန်ဖီသံများ ဆူညံစွာပေး၍ ဂူပြင်ဘက်သို့ ပြေးထွက်ပြီး ဓာတ်လုံးသူခိုးရန်သူအား ရှာဖွေကိုက်သတ်ရန် တောထဲသို့ အုပ်စုဖြန့်ကာ အနံ့ခံ၍ ရှာကြတော့သည်။

အတန်ကြာ ရှာဖွေခဲ့ကြသော်လည်း ဓာတ်လုံးသူခိုးကို မတွေ့သဖြင့် ဂူကြီးအတွင်းသို့ ဝံပုလွေများ ပြန်လာစုရုံးခဲ့ကြသည်။

ဂူကြီးထဲတွင် –

လူလိုဖန်ဆင်း ပြောင်းလဲထားသော အကြီးအကဲ ဝံပုလွေမက –

''ငါတို့ ဝံပုလွေမျိုးနွယ်တွေကို အသက်ရှည်အောင် အသက်ဓာတ်အားပေးနိုင်တဲ့ မှော်ဝင်ဓာတ်လုံးကို လူသားတစ်ဦးက ခိုးယူသွားပြီ၊ အခုချိန်မှာတော့ ဘယ်သူ့ကိုမှ အပြစ်မပြောချင်တော့ဘူး။ တာဝန်မကျေတဲ့သူကို စစ်ဆေးပြီး အပြစ်ပေးဖို့လည်း

အချိန်မရှိတော့ဘူး။ သင်တို့ သိပ်ပေါ့ဆကြတယ်၊ ခတ်လုံးစိမ် ထားတဲ့ အသက်ဆက်ရေသာကုန်ရင် တို့ဝံပုလွေမျိုးနွယ်တစ်စု လုံး အနေးနဲ့အမြန် သေပွဲဝင်ပြီး မျိုးတုံးမျိုးပြတ်သွားနိုင်တယ်၊ ဒါကြောင့် ငါကိုယ်တိုင် လှည့်ပြည်သွားပြီး ခတ်လုံးသူခိုးလူသားကို သွားရှာမယ်၊ ခတ်လုံးရမှ ငါပြန်လာမယ်၊ လီလီ၊ ဖီဖီ ... မင်းတို့နှစ်ယောက် ငါ့နောက်လိုက်ခဲ့''

''အမိန့်အတိုင်းပါ သခင်မ''

ဟု ဒူးထောက်၍ ရိုသေစွာပြောသည်။

''ဗိုရာ ငါမရှိတုန်း ကျန်တဲ့ဝံပုလွေတွေကို ထိန်းသိမ်း စောင့်ရှောက်ကာကွယ်ပေးပါ။ နောက်ပြီး တစ်နှစ်တစ်ခါ သောက် ရတဲ့ အသက်ဆက်ရေကိုလည်း နည်းနည်းစီ သူတို့တွေကို သောက်ခွင့်ပေးလိုက်ပါ။ ငါမခေါ်ဘဲ ဘယ်သူမှ ငါ့နောက်ကို မလိုက်လာပါနဲ့။ ငါ့အတွက် စိတ်ပူစရာမလိုဘူး။ နယ်ကျော်ပြီး ဘယ်ဝံပုလွေကိုမှ အမဲမလိုက်ခိုင်းနဲ့။ အမိန့်ကိုမနာခံတဲ့ဝံပုလွေ ဆို သတ်ပစ်လိုက်''

''အမိန့်အတိုင်းပါ သခင်မ''

ထိုစဉ် သက်တော်ရှည် ဝံပုလွေအကြီးပေးက -





''သခင်မအိုမီ ... လူသားတွေနေထိုင်တဲ့ မြို့ကိုသွား တာ သိပ်အန္တရာယ်များလှပါတယ်၊ သွားရင်လည်း ဘယ်လောက် ကြာမယ်လို့ ခန့်မှန်းထားသလဲ''

''အနည်းဆုံး ဆယ်နှစ်လောက်တော့ လူကြားထဲ နေရ မယ်နဲ့တူတယ်၊ သဲလွန်စက သူခိုးကျကျန်ခဲ့တဲ့ ဒီအစီအရင် ဆွဲပြားနဲ့ သူခိုးကို ရှာရမှာဆိုတော့ ကြာမယ်'' ဟု သခင်မအိုမီ က သူ့ထင်ကြေးကိုပြောသည်။

''သခင်မ ... ဒီဆွဲပြားပုံစံက ဂိုဏ်းတစ်ဂိုဏ်းရဲ့ ဂိုဏ်း ဝင်ဆွဲပြားပဲ၊ ဒါပေမဲ့ ... အစီအရင်တွေနဲ့ သေသေချာချာ ပြုလုပ်ထား တာမို့ ဂိုဏ်းသားတော့ မဖြစ်နိုင်ဘူး ဂိုဏ်းချုပ်ပဲ ဖြစ်ရမယ်၊ အသက်ဆက်ရေကိုလည်း ယူသွားပါ။ လူတွေနဲ့ ကြာကြာနေရမှာမို့ လူတွေစားသလို၊ သုံးသလို စားသောက် နေထိုင်ဖို့အတွက် ရတနာအချို့ကိုလည်း ယူသွားပါ။ နောက်ဆုံး မှာချင်တာကတော့ လူသားတွေဟာ သိပ်ဉာဏ်များပြီး ကောက် ကျစ်တတ်ကြတယ်။ ဒါကြောင့်မို့ ... ဘယ်လူသားကိုမှ မယုံပါ နဲ့''

ဝံပုလွေသခင်မ အိုမီက ပြုံးလျက် -

''သင်မှာတာကို ငါမမေ့ဘူး။ ငါ့ကို စိတ်ချပါ''

''ကောင်းပါပြီ ... သခင်မ အောင်မြင်ပါစေ''

ဝံပုလွေသခင်မ အိုမီသည် လီလီ၊ ဇီဇီ ဝံပုလွေမနှစ်ဦးနှင့်အတူ လူ့မြို့ လူ့ရွာ လူ့တိုင်းပြည်သို့သွားကာ ဓာတ်လုံးသူခိုး လူသားကို နေရာအနှံ့ လိုက်လံစုံစမ်းရှာဖွေခဲ့ကြပါသည်။

## အခန်း (၁)

### ဂျပန်မှလုပ်ငန်းရှင်သူဌေးတစ်ဦး မြန်မာပြည်သို့ရောက်လာခြင်း

မိုးမြင့်ဆောက်လုပ်ရေးကုမ္ပဏီ၏ ဆောက်လုပ်ရေးတာဝန်ခံဖြစ်သူ ဆောက်လုပ်ရေးအင်ဂျင်နီယာ အောင်ဖြိုးနှင့် အဖွဲ့ဝင်အင်ဂျင်နီယာတို့သည် ဂျပန်မှ လုပ်ငန်းရှင်သူဌေးတစ်ဦးနှင့်တွေ့ဆုံကာ အဆောက်အဦး ဆောက်လုပ်ဖို့ကိစ္စ အသေးစိတ်ဆွေးနွေးဖို့ရန် ဧည့်ခန်းထဲ၌ စောင့်မျှော်နေကြသည်။ ဥက္ကဋ္ဌ ဦးသိန်းမောင်နှင့် ဒါရိုက်တာ ဦးကျော်ထွန်းတို့က လေဆိပ်တွင် ဧည့်သည်အား သွားရောက်ကြိုဆိုနေကြသည်။

မကြာခင်အချိန်တွင် မိုးမြင့်ကုမ္ပဏီသို့ ကားနှစ်စီး

ရောက်လာသည်။ ကုမ္ပဏီဝန်ထမ်းတို့ အပြေးအလွှား ကားတံခါး ဖွင့်ပေးသူကဖွင့်၊ ကြိုဆိုနှုတ်ဆက်သူက နှုတ်ဆက်နှင့် ညည်သည် တို့အား နွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။

ဂျပန်မှ လုပ်ငန်းရှင်သူဌေးကိုကြည့်၍ ကုမ္ပဏီဝန်ထမ်း များအားလုံး အံ့ဩကာ သဘောကျနှစ်သက်စွာဖြင့် ငိုင်း၍ကြည့်ရှု နေကြသည်။

ဂျပန်မှလုပ်ငန်းရှင်သူဌေးမှာ ထင်ထားသလို အသက် ကြီးကြီး၊ ထိပ်ပြောင်ပြောင် အမျိုးသားတစ်ဦးမဟုတ်ဘဲ ငယ်ရွယ် ၍ ချောမောသော အမျိုးသမီးတစ်ဦးဖြစ်နေသည်။ သူမ၏ အတွင်းရေးမှူး ဂျပန်မလေးနှစ်ယောက်သည် သူမအနား၌ အသင့်အနေအထားဖြင့် ရပ်စောင့်ပေးနေကြသည်။

မကြာမီအချိန်မှာပင် အဆောက်အဦးဆောက်လုပ်ရေး အတွက် မိုးမြင့်ဆောက်လုပ်ရေးကုမ္ပဏီလူကြီးများနှင့် ဂျပန်နှင့် စီးပွားရေးလုပ်ငန်းရှင်သူဌေးအဖွဲ့ကတို့ အသေးစိတ်တိုင်ပင်ညှိနှိုင်း ကာ ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ကြပါသည်။

အစည်းအဝေး ဆွေးနွေးပွဲတွင် ဦးစွာ ဂျပန်လုပ်ငန်းရှင် သူဌေးက မတ်တတ်ရပ်၍ သူမကိုယ်သူမ မိတ်ဆက်ပြောဆို





ခဲ့သည်။ ဘေးနားမှ စကားပြန်က သူမ ပြောသမျှကို မြန်မာလို ဘာသာပြန်ပြောခဲ့သည်။

''အားလုံးမင်္ဂလာပါ၊ ကျွန်မနာမည် အိုမိတိုးပါ။ ဂျပန် နဂိုယာမြို့က ဒိုင်းယက်ကားပစ္စည်းအပို ထုတ်လုပ်ရေးကုမ္ပဏီ ပိုင်ရှင်တစ်ဦးပါ။ ဒီနေ့ ကျွန်မ မြန်မာနိုင်ငံကို ရောက်လာရတဲ့ အကြောင်းရင်းက ကျွန်မ ငယ်ငယ်ကတည်းက ဝါသနာပါတဲ့ ကျောက်မျက်ရတနာလုပ်ငန်းကို လုပ်ကိုင်ဖို့အတွက် မြန်မာပြည် မှာပဲ ကျောက်မျက်လုပ်ငန်းအတွက် ကုမ္ပဏီ အဆောက်အဦး တစ်ခု ဆောက်လုပ်တည်ထောင်ဖို့ မိုးမြင့်ဆောက်လုပ်ရေးကုမ္ပဏီ ကို ကျွန်မ အကူအညီတောင်းခံအပ်ပါတယ်။ အဆောက်အဦးပုံစံ ကိုတော့ ဂျပန်ပညာရှင်တွေ ရေးဆွဲထားတဲ့ ပုံနဲ့ပဲ ကျွန်မ ဆောက်လုပ်ချင်ပါတယ်။ အဲဒါ မိုးမြင့်ဆောက်လုပ်ရေးအဖွဲ့အနေ နဲ့ ဖြစ်နိုင် မဖြစ်နိုင် ကျွန်မ သိချင်ပါတယ်''

မိုးမြင့်ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ အင်ဂျင်နီယာမှူး ဦးသိန်းမောင်က ဂျပန်ဘာသာဖြင့် သူဌေးအိုမိတိုးအား ထ၍ မြန်မာလို အောက်ပါအဓိပ္ပာယ်အတိုင်း ပြန်ပြောခဲ့သည်။

''လေးစားရပါသော သူဌေးအိုမိတိုးခင်ဗျာ၊ ဂျပန်မှာ

ငါးနှစ်တိုင် ဆောက်လုပ်ရေးအင်ဂျင်နီယာအဖြစ်နဲ့ ကျွန်တော် ငယ်ရွယ်စဉ်က ကောင်းစွာအလုပ် လုပ်ဖူးပါတယ်။ ဂျပန်လူမျိုးတို့ရဲ့ ရိုးရာယဉ်ကျေးမှု အစဉ်အလာဓလေ့တွေအားလုံးကိုလည်း ကျွန်တော် ကောင်းစွာနားလည်သိရှိထားပါတယ်။ ဂျပန်စီးပွားရေး လုပ်ငန်းရှင်အများစုဟာ အဆောက်အဦးတွေ ဆောက်ကြရင် ရိုးရှင်းသေသပ်ပြီး မဟာဆန်ဆန်လှပခန့်ညားတဲ့ အဆောက်အဦပုံစံမျိုးကိုပဲ ဆောက်လုပ်ခိုင်းတတ်ကြပါတယ်။ အခု ကျွန်တော်တို့ရဲ့ မိုးမြင့်ဆောက်လုပ်ရေးကုမ္ပဏီမှာရှိကြတဲ့ ဆောက်လုပ်ရေး အင်ဂျင်နီယာတွေအားလုံးဟာ အတွေ့အကြုံများပြီး တော်ကြတဲ့လူတွေချည်းပါပဲ။ ဒါကြောင့် သူဌေးအိုမိတိုးလိုချင်တဲ့ ဂျပန်ပညာရှင်တွေရဲ့ ဒီဇိုင်းပုံအတိုင်း အတိမ်းအစောင်းမရှိဘဲ ကျွန်တော်တို့ မိုးမြင့်ဆောက်လုပ်ရေးကုမ္ပဏီက ကောင်းစွာ တာဝန်ယူဆောက်လုပ်ပေးနိုင်ပါတယ်ဗျာ''

ထို့နောက် ဆောက်လုပ်ရေးအင်ဂျင်နီယာများနှင့် တစ်ဦးမကျန် သူဌေးအိုမိတိုးနှင့် ဥက္ကဋ္ဌက မိတ်ဆက်ပေးခဲ့သည်။

''သူကတော့ တာဝန်ခံဆောက်လုပ်ရေးအင်ဂျင်နီယာ အောင်မြိုးပါ၊ ဒီဘက်ကတော့ မောင်မောင်ဦး၊ ဟိုဘက်ကတော့





သူမျိုး။ သူကတော့ ဇော်ကြီး၊ သူကတော့ မိုးထိုက်၊ သူကတော့ ငသိန်း၊ သူကတော့ ဇော်ဝင်းမောင်၊ ဟိုနောက်နားလေးကတော့ သိုက်အောင်ပါ။ ဒီဘက်တစ်ခြမ်းအုပ်စုကတော့ လက်သမားအဖွဲ့တွေပါ။ လက်သမားအတွက်လည်း စိတ်ပူစရာမရှိဘူး။ အားလုံး အတွေ့အကြုံရှိပြီးသားတွေပါ။ သူဌေးအိုမိတိုးဖြစ်စေချင်တဲ့ အတိုင်း ကျွန်တော်တို့ မိုးမြင့်ကုမ္ပဏီက ကောင်းစွာ ဝန်ဆောင်မှုပေးနိုင်ပါတယ်ဆိုတဲ့အကြောင်း ထပ်လောင်းပြောရင်း ကျွန်တော် ခိုင်ခိုင်မာမာ အာမခံပါတယ်ဗျာ''

ဤသို့ဖြင့် ဂျပန်သူဌေးအိုမိတိုး လုပ်ငန်းရှင်တို့အဖွဲ့နှင့် မိုးမြင့်ဆောက်လုပ်ရေးကုမ္ပဏီတို့ အဆောက်အဦးဆောက်လုပ်ရန် စာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ဥက္ကဋ္ဌက အဆောက်အဦးနှင့်ပတ်သက်၍ ဂရန်တီ (အာမခံ) စာချုပ်ကိုပါ လက်မှတ်ထိုး၍ သူဌေးအိုမိတိုးထံ အပ်နှင်းခဲ့ပါသည်။

''ဖြောင်း ဖြောင်း ဖြောင်း''

နောက်တစ်ပတ်တွင် သူဌေးအိုမိတိုး ဝယ်ထားသော ရန်ကုန်မြို့၊ ရွှေဘုံသာလမ်းဘက်တွင် ကျောက်မျက်ကုမ္ပဏီ

အဆောက်အဦးကြီးကို ဖောင်ဒေးရှင်းများချ၍ စတင်ဆောက်လုပ်ခဲ့ကြပါသည်။

ဥက္ကဋ္ဌ ဦးသိန်းမောင်ကိုယ်တိုင် မကြာမကြာလာ၍ ဆောက်လုပ်ရေးအစီအစဉ်များကို အသေးစိတ်ကြည့်ရှုကာ အတိမ်းအစောင်းမရှိစေရန် ညွှန်ကြားခဲ့ပါသည်။

တာဝန်ခံအင်ဂျင်နီယာအောင်ဖြိုးသည် အဆောက်အဦးနှင့် ပတ်သက်၍ ပြီးဆုံးသည့်ကဏ္ဍအလိုက် သူဌေးအိုမီတိုးနေထိုင်ရာ ဘားလမ်းဘက်သို့ မကြာခဏ သွား၍ အိုမီတိုးထံ အစီအရင်ခံပေးရပါသည်။

"ဘော့စ် ... မြေညီထပ်ကတော့ ဒီနေ့ပဲ ပြီးစီးသွားပါပြီ။ မနက်ဖြန်မနက်ပိုင်း ရှစ်နာရီလောက် တစ်ချက်လာရောက်ကြည့်ရှုစေလိုပါတယ်"

မြန်မာလို မပီတပီဖြင့် –

"ကောင်းပါပြီ အောင်ဖြိုးစံ၊ မနက်ဖြန် ကျွန်မ လာကြည့်ပါ့မယ်" ဟု အိုမီတိုးက ပြုံးရွှင်စွာပြောခဲ့သည်။

ရှော့ပင်ဘောင်းဘီအတိုလေးနှင့် စွပ်ကျယ်သားအင်္ကျီအဖြူလေးကို ဝတ်ဆင်ထားသည်။ ပြေပြစ်ချောမောလှသော





အိုမီတိုးကို အနီးကပ်မြင်ရသောအခါ အောင်ဖြိုးသည် ငေးမောခင်း "တော်တော်ချောတဲ့အမျိုးသမီးပဲ" ဟု စိတ်ထဲ ကောက်ချက်ချမိသည်။

သတိဝင်လာကာ "သူချောတာ မချောတာ ငါနဲ့ မဆိုင်ပါဘူးလေ။ ငါက သူ့အလုပ်သမားတစ်ယောက်ပဲ။ အလုပ်အကြောင်းပဲ ခေါင်းထဲထည့်တာ ကောင်းပါတယ်" ဟု စိတ်ထဲပြောရင်း နှုတ်ဆက်ကာ ဆိုက်ထဲသို့ ပြန်လာသည်။

နောက်တစ်နေ့နံနက် ရှစ်နာရီအချိန်တွင် ပြီးစီးသွားသော မြေညီထပ်အနေအထားကို အိုမီတိုးက လာကြည့်သည်။

ဥက္ကဋ္ဌဦးသိန်းမောင်က အရေးတယူပင် ဆောက်လုပ်ဆဲ အဆောက်အဦးနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသနေသည်။ သူမက ဘာမှမပြောဘဲ ခေါင်းတညိတ်ညိတ်ဖြင့် ဟိုကြည့် ဒီကြည့်သာ ကြည့်နေသည်။

ဆိုက်ထဲရှိ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများသည် လုပ်လက်စအလုပ်ကိုပင် မလုပ်ကြတော့ဘဲ အိုမီတိုးအား နှစ်သက်သဘောကျသောမျက်လုံးများဖြင့် ဝိုင်း၍ကြည့်နေသည့်အဖြစ်ကို အောင်ဖြိုးတွေ့မြင်ရသောအခါ မိမိစိတ်ထဲ သူငယ်ချင်းများကို

အလိုလို မကျေမနပ်ဖြစ်မိသွားကာ သူမအား အလွန်နှမြောနေမိသည်။

"မြတ်စွာဘုရား ငါ ဘယ်လိုဖြစ်နေပါလိမ့်"ဟု မိမိကိုယ်မိမိ အံ့ဩ၍ အောင်ဖြိုးမေးနေမိသည်။ "သူ့ကိုများ ငါ သဘောကျနေရော့သလား" ဟု မိမိကိုယ်မိမိ ဆန်းစစ်နေသည်။ သူမလိုချောမော၍ ငယ်ငယ်ရွယ်ရွယ်နှင့် ပြည့်စုံချမ်းသာလွန်းသူကို သဘောကျမိသည်မှာ အမှန်ပင်။ သို့သော် အဆင့်အတန်းချင်းက မိမိနှင့် သူမကြား အတော်ကွာဟနေသည်မို့ စိတ်ပျက်အားငယ်သွားလေသည်။ "မဖြစ်နိုင်တဲ့ကိစ္စကို ငါ စိတ်ကူးယဉ်မိတာပဲ" ဟု စိတ်ထဲပြောမိကာ နောက်ထပ်မစဉ်းစားတော့ဘဲ အလုပ်ထဲ စိတ်နှစ်ထားလိုက်သည်။

တစ်ခါတလေ ဆိုက်ထဲ သူမလာလျှင် သူမအနားသို့သွားကာ ဆောက်လုပ်မည့်အစီအစဉ်များကို တောင်စဉ်ရေမရ ပြောပြီး သူမအား ငေးမော၍ ကြည့်မဝ ရှုမဝ ဖြစ်ခဲ့မိသည့် မိမိအဖြစ်ကို ရှက်လာမိသည်။

ထိုစဉ် ဘယ်အချိန်က ရောက်နေမှန်းမသိသော အိုမီတို့က –





"အောင်ဖြိုးစံ ...ကျွန်မပြန်တော့မယ်၊ ညနေ အလုပ်ဆင်းတဲ့အခါ ကျွန်မအိမ်ဘက် ခဏဝင်ခဲ့ပါ"

"ဪ ...ဟုတ် ... ကောင်းပါပြီ"

သူမသည် မိမိအနားမှ ထွက်သွားသော်လည်း သူမ၏ ကိုယ်သင်းရနံ့လေးသာ စွဲထင်ကျန်နေခဲ့ပါသည်။

ညနေပိုင်း အလုပ်ဆင်းချိန်တွင် သူမ အိမ်ဘက်သို့ ကားလေးဖြင့် အောင်ဖြိုးသွားခဲ့သည်။

ထိုအချိန်တွင် သူမသည် ခြံထဲ၌ရှိသော မမြင့်တမြင့် မြတ်လေးပန်းပင်နားတွင် ခုံရှည်လေးပေါ်မှ မြတ်လေးပန်းများကို ခူးဆွတ်နေသည်။

သူမသည် တစ်ဖက်သို့ ပန်းကောက်ခူးရန် အလှည့်တွင် သူမကိုယ်ကို သူမ အရှိန်မထိန်းနိုင်တော့ဘဲ ခုံပေါ်မှပြုတ်ကျမည့် အဖြစ်ကြောင့် နောက်နားမှ အောင်ဖြိုးသည် အပြေးအလွှားဖြင့် အိုမီတို့အား ဖမ်းထိန်းပေးရာ နှစ်ဦးသား မြေပြင်ပေါ်သို့ လဲကျသွားခဲ့လေသည်။

သူမ၏ နူးညံ့သောအသားအရေတို့နှင့် ထိတွေ့ခံရသော အောင်ဖြိုးအဖို့ အသက်ရှူရပ်တန့်မတတ် ရင်ခုန်လိုက်မောမိ

ပါတော့သည်။

မြေကြီးပေါ်မှ ပုံလျက်သား နှစ်ဦးသားလဲရာမှ အောင်ဖြိုးက အရင်ထကာ သူမလက်ကိုဆွဲ၍ မ,ထူပေးလိုက်သည်။

''ဘယ်နာသွားသေးလဲ ဘော့စ်''

သူမက ပြုံးပြလျက် –

''ကျွန်မက အောင်ဖြိုးစံအပေါ် လဲကျသွားတာမို့ ဘာမှမဖြစ်ပါဘူး။ ကျေးဇူးပဲ ... ဒါနဲ့ ရှင်ရော ဘာဖြစ်သွားသေးသလဲ''

ဟု စိုးရိမ်မျက်လုံးလေးဖြင့် မေးရှာသည်။

''ကျွန်တော် ဘာမှမဖြစ်ပါဘူး ဘော့စ်'' ဟု ပြုံးပြလျက် သူမအား ဖြေခဲ့သည်။

''လာ ... ဟိုအပင်အောက်က စားပွဲလေးမှာ သွားထိုင်ကြရအောင်''

''ဟုတ်'' ဟု အောင်ဖြိုးကပြောရင်း သူမခေါ်ဆောင်ရာသို့ လိုက်လာခဲ့သည်။ သူမသည် မြန်မာပြည်သို့ ရောက်လာတာ လေးလသာရှိသေးသည်။ မြန်မာစကားကို အတော်လေးပင် တတ်ကျွမ်းပြောဆိုနိုင်သည်မို့ ''တော်တော်ဉာဏ်ကောင်းတဲ့သူပဲ''





ဟု စိတ်ထဲ အောင်ဖြိုးက ချီးကျူးမိသည်။

''လီလီ ဒီကိုခဏလာဦး'' ဟု မြန်မာလို အိုမိတိုးက အတွင်းရေးမှူးမလေးတစ်ယောက်ကို ခေါ်လိုက်သည်။

လီလီသည် အပြေးတစ်ပိုင်းရောက်လာကာ –

''အမိန့်ရှိပါသခင်မ''ဟု အတွင်းရေးမှူးမလေးကလည်း မြန်မာလိုပင် ကျွမ်းကျင်စွာပြောသည်။ ကြည့်ရသည်မှာ သူမပါမက သူမရဲ့အတွင်းရေးမှူးမလေး နှစ်ယောက်စလုံးပါ မြန်မာစကားကို သေသေချာချာ သင်ကြားထားကြဟန်တူသည်။

အိုမိတိုးက –

''ဧည့်သည်ကို အိမ်မှာ ညနေစာကျွေးမှာမို့ ထမင်းဝိုင်းကို သေချာပြင်ထားလိုက်ပါ။ အခု တို့သောက်ဖို့ ဘာလီဖျော်ရည် နှစ်ခွက်ယူခဲ့''

''ကောင်းပါပြီသခင်မ'' ဟု လီလီက ရိုကျိုးစွာ ဦးညွတ်၍ အိမ်ဘက်ဆီသို့ သွားလေသည်။

''အဆောက်အဦကို တစ်နှစ်အတွင်း မပြီးလည်း ကိစ္စမရှိဘူး။ အသေးစိတ်သာ အကောင်းဆုံးလုပ်ပါ''

''ဟုတ် ...ကျွန်တော်တို့ အကောင်းဆုံးလုပ်ကြပါ

တယ်၊ အချိန်မီ တစ်နှစ်အတွင်း ပြီးမှာပါ ဘော့စ်''

သူမက ရယ်လျက် –

''ကျွန်မကို ဘော့စ်လို့ မခေါ်ပါနဲ့၊ ရင်းရင်းနှီးနှီး အိုမိလို့ပဲ ခေါ်ပါ''

''ဟုတ်ကဲ့ ... ဘော့စ် ... အဲ့ အိုမိ''

မိမိအပြောမှားသွားသည်ကို အိုမိကကြည့်ပြီး ရယ်နေသည်။

ထိုနေ့တွင် သူမက ညနေစာကို သူမအိမ်၌ အောင်ဖြိုး ကို ဧည့်ခံကျွေးမွေးခဲ့ပါသည်။ ထမင်းဝိုင်းလေးတွင် ပင်လယ်စာ ဟင်းများ၊ အသားဟင်းချိုစုံတို့ဖြင့် သူမက အရသာရှိစွာ မိမိအား စားစေခဲ့သည်။

ထို့ပြင် အကောင်းစား ဝီစကီအရက်တို့နှင့်လည်း ဧည့်ခံပေးခဲ့ပါသည်။ မိမိအနေနှင့် မသောက်ခဲ့ပေ။ ငယ်စဉ်က တည်းက အရက်မကြိုက်ခဲ့တာက တစ်ကြောင်း၊ ဘုရားထံ၌ မည်သည့်အခါမှ အရက်သေစာမသောက်ဟု သစ္စာဆိုလျှထား သည့်အကြောင်းရင်းတို့ကြောင့် အောင်ဖြိုး အရက်မသောက်ခြင်း ပင်။





အောင်ဖြိုး အရက်မသောက်သဖြင့် အိုမိကပင် တအံ့ တဩ ဖြစ်ကာမေးရသည့်အထိပင်။ အောင်ဖြိုးက ရိုးသားစွာ သူမအား ပြောပြသည်။

''ရှင် ငယ်ငယ်ကတည်းကနေ အခုအရွယ်အထိ တစ်ခါ မှ အရက်မသောက်ဖူးဘူး ဟုတ်လား အောင်ဖြိုးစံ''

''ဟုတ်ပါတယ် အိုမိ''

''ရှင်မသောက်ပဲနေနိုင်တာ သိပ်အံ့ဩတယ် အောင် ဖြိုးစံ၊ ဂျပန်မှာဆို ဂုဏ်ပြုပွဲအခမ်းအနားပွဲတွေနဲ့ ပျော်ပွဲရွှင်ပွဲက အစ အရက်မပါရင် မပြီးဘူး။ အသက်အရွယ်မရွေး၊ ယောကျ်ား မိန်းမ အကုန်သောက်ကြတယ်။ ဒါနဲ့ ရှင်က ဘာ ဘာသာ ကိုးကွယ်တာလဲ''

''ကျွန်တော်က ဗုဒ္ဓဘာသာပါ''

''ဂျပန်က လူအများစု ကိုးကွယ်တာလည်း ဗုဒ္ဓဘာသာ ပဲ၊ မြန်မာပြည်က ဗုဒ္ဓဘာသာ ကိုးကွယ်တာနဲ့ ဂျပန်က ဗုဒ္ဓ ဘာသာ ကိုးကွယ်မှုဟာ ကြည့်ရတာ နည်းနည်းကွာဟမှုတွေ ရှိတယ်နဲ့တူတယ်''

''အများကြီး ကွာဟပါတယ်။ ဂျပန်က ကိုးကွယ်တဲ့

ဗုဒ္ဓဘာသာ မဟာယာနဝါဒပါ။ မြန်မာလူမျိုးတွေ ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာ ထေရဝါဒပါ။ အယူဝါဒချင်းမတူဘူး'' ဟုပြောပြရင်း နာရီကို အောင်ဖြိုးက ငုံ့ကြည့်လိုက်သည်။ ည ရှစ်နာရီပင် ရှိနေပေပြီ။ သူမက –

''ပြန်ချင်ပြီလား။ မျှော်နေတဲ့သူတွေ ရှိလို့လား''

''မရှိပါဘူး။ ကျွန်တော်က လူပျိုလူလွတ်ပါ''

''ဒါဆိုရင်လည်း စောစောက ရှင်ပြောတဲ့ ဂျပန်က ဗုဒ္ဓဘာသာနဲ့ မြန်မာပြည်က ဗုဒ္ဓဘာသာအကြောင်း အသေးစိတ် ကျွန်မကို ရှင်းပြပါလား''

''နောက်နေ့တွေမှာ အိုမိုကို သေသေချာချာ ကျွန်တော် ပြောပြပေးပါ့မယ်။ ဒီနေ့က မိုးအတော်ချုပ်နေပြီ။ အုပ်ထိန်းမှု မရှိတဲ့ မိန်းမပျိုလေးအိမ်မှာ မိုးချုပ်ညဉ့်နက်နေတာ လူအမြင် မတော်လို့ပါ။

ကျွန်တော့်ကြောင့် ဂုဏ်သရေရှိတဲ့ အိုမိတို့သိက္ခာ ကျမှာ စိုးလို့ ကျွန်တော်ပြန်တော့မယ်။ နောက်နေ့မှ အေးအေးဆေးဆေး ပြောကြတာပေါ့ အိုမိ''

''ကောင်းပါပြီ အောင်ဖြိုးစံ'' ဟု သူမက ခေါင်းညွှတ်





အရိုအသေပေးရင်း အောင်ဖြိုးကို အံ့ဩတုန်းဆန်းစိတ်ဖြင့် ကြည့်နေသည်။ သူမစိတ်ထဲ ''ရုပ်ချောသလို ယဉ်ကျေးပြီး အင်မတန် အဆင့်အတန်းရှိတဲ့ အမျိုးသားတစ်ဦးပဲ'' ဟု ကောက်ချက်ချနေသည်။

❋ ❋ ❋

## အခန်း (၂)

## အိပ်မပျော်နိုင်တဲ့ည

အိုမိတို့အိမ်မှ ညစာစားပြီး မိမိအိမ်သို့ပြန်လာသော် ညကိုးနာရီပင် ထိုးလုနီးပြီ။ ကားကို ဂိုဒေါင်ထဲထည့်သိမ်းပြီး နောက် ရေချိုးခန်းထဲသို့သွားကာ ကိုယ်လက်ခြေဆေးသန့်စင် လိုက်သည်။ ထို့နောက် အဝတ်အစားများလဲကာ ဘုရားခန်းထဲသို့ သွား၍ ဘုရားဝတ်ပြုတက်ပြီး အိပ်ရာဝင်ခဲ့သည်။

အိပ်ရာထဲတွင် ဘယ်ညာလူးလိမ့်နေမိကာ အိပ်မပျော်နိုင် ခဲ့ပေ။ ခါတိုင်းဆို အလုပ်ပင်ပန်းခဲ့သော မိမိအဖို့ နာရီဝက်အတွင်း အိပ်ပျော်ခဲ့ပါသည်။ ဒီနေ့တစ်နေ့လုံးလည်း မိမိအနေနှင့် အလုပ်





ပင်ပန်းထားပါသည်။ သို့သော် ဒီညအဖို့ အောင်ဖြိုးအတွက် အိပ်မပျော်နိုင်တော့ပေ။

အိပ်မည်ဟု မျက်လုံးမှိတ်လိုက်တိုင်း အာရုံထဲ သူမ၏ ချောမောသောမျက်နှာလေးက အလိုလိုပေါ်လာသည်။ ပန်းခူးရာ ခုံပေါ်မှ လိမ့်ကျလာသော သူမကို ဖမ်းထိန်းကူရင်း နှစ်ဦးသား ပွေ့လျက်သား လဲကျခဲ့ရာ သူမ၏ နူးညံ့သော စွဲမက်ဖွယ်အတွေ့ အထိတို့ကြောင့် မိမိမှာ ပြောင်းဆန်မတတ် စိတ်လှုပ်ရှားကာ သူမအား ရင်ခုန်မိ၍ အရှူးအမူး စွဲလမ်းမိခဲ့ချေပြီ။

သူမ၏အတွေ့အထိတို့ကို အခုအချိန်ထိပင် စွဲမက်မိကာ မမေ့နိုင်ဖြစ်ခဲ့ရသည်။ မိမိအနေနှင့် ယခုအသက်အရွယ်အထိ ချစ်သူရည်းစားလည်း မထားဖူးခဲ့ပေ။ မိန်းမကိစ္စ ကင်းကင်းရှင်း ရှင်းနေခဲ့သည်။ ဘာသာရေးကိုသာ စိတ်ဝင်စားသဖြင့် ဘုန်းကြီး ဝတ်ဖို့ကိုသာ မိမိအနေနှင့် ငယ်စဉ်ကတည်းက သံဓိဋ္ဌာန်ချထားခဲ့ သည်။

ကျောင်းတုန်းကတော့ မိမိကို တစ်ဖက်သတ် စိတ်ဝင် စားကြသည့် မိန်းကလေးနှစ်ဦး ရှိခဲ့ဖူးပါသည်။ သို့သော် တစ် ယောက်ကိုမှ စိတ်ဝင်စားလို့မရ၊ ရင်မခုန်ခဲ့ပေ။ ထိုမိန်းကလေး

နှစ်ယောက်နှင့်အတူ အခြားသော မိန်းကလေးများနှင့်လည်း ခပ်ကင်းကင်း ခပ်ရှင်းရှင်းသာနေခဲ့သည်။ ကျောင်းပြီးဘွဲ့ရ၍ လုပ်ငန်းခွင်ထဲ ဝင်ရောက်လုပ်ကိုင်သည့် ယခုအချိန်အထိပင်။

ဘယ်မိန်းမနှင့်မှ မပတ်သက်ခဲ့ဖူးသည့် အူရိုင်း လူပျိုနိုး လေးဖြစ်သော အောင်ဖြိုးသည် ဂျပန်လုပ်ငန်းရှင် သူဌေးအိုမိစိုး ၏ ရုပ်ရုံ၊ အဆင်း၊ အသံ၊ အနံ့ အတွေ့အထိတို့ကို မရှောင်တိမ်း နိုင်တော့ဘဲ အရှူးအမူး စွဲလမ်း၍ အသဲခိုက်အောင် ချစ်မိခဲ့လေပြီ။

ညတာက ရှည်လွန်းသည်ဟု အောင်ဖြိုးက ထင်မိသည်။ နံနက်ခင်းအမြန်ရောက်၍ မိုးအမြန်လင်းစေချင်ပါသည်။ သို့မှသာ ...သူမနှင့် အမြန်တွေ့ရပေမည်။ ချောသော၊ ယဉ်သော သူမ၏ အလှတစ်မျက်နှာစီဝယ် ငေးမောရင်း သူမ၏ချို လွင်သော စကားသံလေးထဲ သာယာနစ်မျော ပျော်ဝင်နေချင်မိသည်။

အိပ်မရသည့်အဆုံး အိပ်ရာမှထ၍ ဝရန်တာဘက်သို့ ထွက်လာကာ ထိန်ထိန်သာနေသော လမင်းကြီးကို ငေးမော ကြည့်နေမိသည်။ ကြယ်လေးက မှိတ်တုတ်မှိတ်တုတ်နှင့်ပင်။

သူမသည် အလွန်တရာ ချမ်းသာကြွယ်ဝသော ဂျပန်မှ





ငွေးပွားရေးလုပ်ငန်းရှင်။ ပြီးတော့ မဟာယနဗုဒ္ဓဘာသာဝင်၊ အရက်ကို မိုးပြိုမတတ် သောက်ကြသည့် အနောက်တိုင်းဆန်ဆန် အနေအထိုင် ပွင့်လင်းလွန်းအားကြီးသည့် ဂျပန်လူမျိုး။ အရက် အကြောက်တရားနှင့် ယဉ်ကျေးမှုတို့ကို အထွတ်အမြတ်ထား သည့် ထေရဝါဒဗုဒ္ဓဘာသာဝင် မိမိနှင့်တော့ သူမဟာ သိပ်တော့ အပ်စပ်ပါ။ အဆင့်အတန်းချင်းကလည်း အတော်ကွာဟလှ ပါသည်။

ပြီးတော့ ...မိမိက သူတစ်ပါး၏ လက်အောက်ခံ အလုပ်သမားတစ်ဦးပင်။ သူမလို အစစအရာရာ ပြည့်စုံချမ်းသာ လွန်းသူတစ်ယောက်က မိမိလို သာမန်ဆောက်လုပ်ရေး အင်ဂျင် နီယာ အောက်လက်ငယ်သားတစ်ယောက်ကို သူမ စိတ်ဝင်စား ည် မထင်ပေ။ ထိုသို့ စဉ်းစားမိတော့ မိမိကိုယ်မိမိ အားငယ်မိရ ပြန်သည်။

"မဖြစ်နိုင်တဲ့ကိစ္စကို ငါ စိတ်ကူးယဉ်နေမိတာပဲ" ... ဟု စိတ်ထဲပြောမိပြီး ကောင်းကင်သို့ မော့ကြည့်လိုက်မိသည်။ ကြယ် လေးတွေက မှိတ်တုတ် မှိတ်တုတ်နှင့် မိမိအား ဝိုင်းလှောင် ကျီစယ်နေကြသလိုနှယ်။ မလုံမလဲစိတ်ဖြင့် မိမိကိုယ်ကိုမိမိ

ရှက်နေမိသည်။

"ဒီညတော့ အိပ်လို့မရတော့ဘူး။ မင်းကြောင့် ငါ ရှုးနေပြီ အိုမိရယ်" ဟု တစ်ယောက်တည်း တီးတိုးလေးပြောရင်း အောင်ဖြိုးတစ်ယောက် အချစ်မီးတောက်လောင်နေရရှာသည်။

❄ ❄ ❄

## အခန်း (၃)

## မုဒ္ဒါအာသာဝင်ဖြစ်လို့ ဘုရားရှိခိုးပြီ

မနက်ပိုင်းမှစ၍ ညနေ သုံးနာရီအထိ အလုပ်ဆင်းရသည်။ ထမင်းစားချိန်လေးသာ အောင်ဖြိုးတို့နားခဲ့ရသည်။ အလုပ်ဆင်းချိန်ရောက်တော့ အိုမိ,ကို အပြေးအလွှားသွားတွေ့ချင်နေမိသည်။ ပင်ပန်းသမျှတို့သည် အိုမိနှင့်တွေ့လျှင် အပန်းပြေပျောက်နိုင်ပေမည်။ သူမဆီမှ ဖုန်းနှင့် လှမ်းများခေါ်လေမလားဟု အထင်ဖြင့် လက်ကိုင်ဖုန်းလေးကို ဖွင့်ကြည့်လိုက်သည်။ လုံးဝမခေါ်ပေ။ အောင်ဖြိုးတစ်ယောက် အတော် စိတ်ဓာတ်ကျသွားရှာသည်။ လေးကန်သော ခြေလှမ်းများနှင့် မိမိကားထားရာဆီသို့

မသွားချင်သွားချင်နှင့် သွားနေသည်။ ထိုစဉ် –

"အောင်ဖြိုး ... ဘော့စ်က အပြန်မှာ အိမ်ဝင်ခဲ့ဦးတဲ့"

"ဟုတ် ... ကျွန်တော် အခုပဲ သွားလိုက်ပါ့မယ်"

ဟု အောင်ဖြိုးသည် အလွန်ပျော်ရွှင်စွာဖြင့် ကားပေါ်တက်ကာ ကားစက်ကို အမြန်နှိုး၍ အိုမီအိမ်ဖက်သို့ မောင်းထွက်လာခဲ့သည်။

သူမအိမ်သို့ရောက်သော် သူမသည် ဂျပန်ရိုးရာ ကီမိုနိုဝတ်စုံအဖြူကို ကျကျနန ဝတ်ဆင်ထားသည်။ ဝိတောက်ပင်၏အောက်တွင် စားပွဲခုံရှည်လေးချထားသည်။ ထိုစားပွဲပေါ်၌ ဖျော်ရည်များနှင့် သစ်သီးဝလံများကို စားချင်စဖွယ် ချထားသည်။

အောင်ဖြိုးသည် သူမခေါ်ရာ ဝိတောက်ပင်အောက်သို့ အသာလိုက်လာခဲ့သည်။ အောင်ဖြိုးအား ဖျော်ရည်များနှင့် စားစရာ သစ်သီးတို့ဖြင့် ညှို့ခံကျွေးမွေးခဲ့သည်။

ဖျော်ရည်များကိုသောက်ရင်း သူမကိုကြည့်လိုက်သည်။ နက်မှောင်ရှည်လျားသော ဆံပင်များအားလုံးကို လှန်သိမ်းပြီး လှပပြေပြစ်စွာ ဆံထုံး ထုံးဖွဲ့၍ ဆံထိုးထိုးထားသည်။ ရိုးရာ





ကီမိုနိုအဖြူရောင် ဝတ်စုံလေးနှင့် သူမတစ်ယောက် အလွန်လိုက်ဖက် ကြည့်ကောင်း၍ ပန်းတင့်ကာ ချောမောနေသည်။ သူမကို မြင်လိုက်ရသည့်ခဏတွင် မိမိရင်ထဲသို့ စမ်းချောင်းကလေး စီးဆင်းသွားသလို တစ်နေ့တာပင်ပန်းနွမ်းနယ်သမျှအားလုံး ပြေပျောက်၍ အပန်းပြေအေးချမ်းသွားသည်။

မိမိ၏စိတ်နှလုံးသားသည်လည်း အလိုလို ရွှင်ပျကြည်နူးနေမိသည်။ သူမကို ချစ်နေမိပြီဟု မိမိကိုယ်မိမိ အောင်ဖြိုးခံစားနားလည်လိုက်သည်။ လေအဝှေ့တွင် ပန်းခြံထဲမှ ပန်းရနံ့လေးများကလည်း တစ်ချက်တစ်ချက် မိမိတို့နှစ်ဦးဆီသို့ လွင့်လာသည်။ မိမိအတွက် ဤ အချိန်လေးသည် သာမောဖွယ်ရာပင်။

"ရှင်အမောပြေရင် မနေ့ကအကြောင်းလေး ကျွန်မကို ဆက်ပြောပြပါလား အောင်ဖြိုးစံ"

"ကောင်းပါပြီ အိုမီ"ဟု အောင်ဖြိုးက ခေါင်းညိတ်ပြရင်း မနေ့က ဗုဒ္ဓဘာသာအကြောင်းများကို ဆက်ပြောပြခဲ့သည်။

"ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေအားလုံးရဲ့ နောက်ဆုံးရည်မှန်းချက်ပန်းတိုင်က နိဗ္ဗာန်ပါပဲ၊ နိဗ္ဗာန်ဆိုတာက ... မသေရာ၊ မနာရာ၊ မအိုရာ၊ ဆင်းရဲခပ်သိမ်းကင်းတဲ့ ထာဝရ

ချုပ်ငြိမ်းရာနေရာလို့ အဓိပ္ပာယ်သက်ရောက်ပါတယ်။

အဲဒီနိဗ္ဗာန်ကို ရောက်ရှိချင်တဲ့လူတိုင်းဟာ ဗုဒ္ဓဘုရားရှင် ပေးခဲ့တဲ့ နည်းလမ်းကျင့်စဉ်ကို ကျင့်ကြံအားထုတ် အောင်မြင်မှသာ နိဗ္ဗာန်ကို ရောက်နိုင်မှာပါ။ တရားကျင့်စဉ်တွေမှာ 'သမထနဲ့ ဝိပဿနာ' ဆိုပြီး နှစ်မျိုးရှိပါတယ်။

သမထကျင့်စဉ်ကတော့ စိတ်စွမ်းအားတန်ခိုးကို ဖြစ်စေပါတယ်။ သမထကျင့်စဉ်နည်းလမ်းတွေကတော့ ကမ္မဋ္ဌာန်း (လေးဆယ်) အစရှိတဲ့ နည်းလမ်းအမျိုးမျိုး ရှိကြပါတယ်။ ဒါပေမဲ့ သမထစိတ်စွမ်းအားတန်ခိုးနဲ့ နိဗ္ဗာန်ကို သွားလို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်နာမ်နှစ်ပါးရဲ့ဖြစ်ပျက် ချုပ်ပျက်တို့ကို သမထကျင့်စဉ်ပညာနဲ့ မချုပ်ငြိမ်းနိုင်လို့ပါပဲ။

"ကျွန်တော်တို့တစ်တွေအားလုံးဟာ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ယုတ်ညံ့တဲ့ တိရစ္ဆာန်ဘဝတွေဖြစ်လိုက်နဲ့ ဘဝသံသရာလည်နေကြရပါတယ်။ ဒီသံသရာဘဝ အိုးအိမ်ခန္ဓာရဲ့ဖြစ်ပျက်ချုပ်ပျက်တွေကို ချုပ်ငြိမ်းအောင် လုပ်ပေးနိုင်ပြီး နိဗ္ဗာန်ကို ရောက်အောင် ပို့ဆောင်ပေးနိုင်တဲ့အရာကတော့ ဝိပဿနာတရားပါပဲ။

နိဗ္ဗာန်ကိုသွားဖို့အတွက် ဒီဝိပဿနာတရားကိုပဲ ကျင့်ကြံ





အားထုတ်ဖို့ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်က နည်းလမ်းပေးခဲ့တာပါ။

ဒါကြောင့် နိဗ္ဗာန်ကိုသွားမယ့် ဗုဒ္ဓဘာသာဝင်တိုင်းဟာ ဒီဝိပဿနာတရားကို ရှာမှီးရမှာမို့ ကျွန်တော်တို့ မြန်မာပြည် ဗုဒ္ဓဘာသာဝင်တွေအားလုံးဟာ ဗုဒ္ဓချမှတ်တဲ့လမ်းစဉ် ဒီဝိပဿနာတရားကိုသာ ဦးစားပေးကျင့်ကြံအားထုတ်ကြတဲ့ ထေရဝါဒဗုဒ္ဓဘာသာတွေပေါ့ဗျာ။ ဂျပန်နိုင်ငံကတော့ သမထကိုပဲ အသားပေးကျင့်ကြံတဲ့ မဟာယနဝါဒနဲ့ ဗုဒ္ဓဘာသာဝင်တွေပေါ့ဗျာ" ဟု အောင်ဖြိုးက ရှင်းပြပြောဆိုရာ အာခြောက်လာသဖြင့် ရေ ဘစ်ခွက် ငုံသောက်လိုက်သည်။ အိုမိက –

"ဒါဆို အောင်ဖြိုးစံတို့ မြန်မာပြည်က ကိုးကွယ်တဲ့ ထေရဝါဒဗုဒ္ဓဘာသာက အကောင်းဆုံးပဲပေါ့နော်"

"ဟုတ်ပါတယ်" ဟု အောင်ဖြိုးက ခေါင်းညိတ်၍ ဖြေခဲ့သည်။

"ကျွန်မလည်း ထေရဝါဒဗုဒ္ဓဘာသာကိုပဲ လက်ခံကိုးကွယ်ဖို့ ဆုံးဖြတ်လိုက်ပြီ။ အသင်းဝင်ဖို့ ဘာတွေလုပ်ရဦးမှာလဲ"

"ဘာမှ ထွေထွေထူးထူးလုပ်ဖို့ မလိုပါဘူး အိုမိရဲ့၊

သရဏဂုံသုံးပါးကို ခံယူ။ ဗုဒ္ဓချမှတ်တဲ့သီလကို သေချာထိန်း။ ဝိပဿနာကို နေ့စဉ် အချိန်ပေးပြီး အားထုတ်ကျင့်ကြံရင် ထေရဝါဒဗုဒ္ဓဘာသာဝင် ဖြစ်တာပါပဲဗျာ''

''အထွေအထူးမရှိဘူးပဲ၊ လွယ်လိုက်တာ။ ဘုရားရှိခိုး နည်းလေးတော့ နည်းနည်းပါးပါး ကျွန်မသင်ထားဖို့ လိုမယ် ထင်တယ်။ အဲဒီဝိပဿနာတရားကို ဘယ်လိုကျင့်ရတယ်၊ ရှောင် ရတယ်၊ ဆောင်ရတယ်ဆိုတာလေးတော့ ကျွန်မကို အသေးစိတ် ရှင်းပြသင်ပြပေးပါဦး အောင်ဖြိုးစံ''

''ဟုတ်ကဲ့ ... အိုမိ နားလည်သိထားသင့်တာတွေ အားလုံး ကျွန်တော် သင်ပြရှင်းလင်းပေးပါ့မယ်ဗျာ'' ဟု အောင် ဖြိုးက ယဉ်ကျေးစွာ ပြောခဲ့သည်။

ထိုနေ့ညနေမှာပင် အိုမိအား ငါးပါးသီလ၊ ရှစ်ပါးသီလ ဆောက်တည်ပုံ၊ သရဏဂုံတည်ပုံနှင့် အကျိုးကျေးဇူးများပုံ၊ ကုသိုလ်ရရှိပုံတို့ကို ဇာတ်နိပတ်တော်များနှင့်တကွ တရားတော် အကြောင်းများပါ စုံလင်စွာရှင်းလင်းပြောကြားခဲ့ပါသည်။

သူမသည် အလွန်ဉာဏ်ကောင်းလှသူပင်။ သင်ကြား ပြောသမျှ အကြောင်းအရာအားလုံးကို ခဏလေးနှင့် သိရှိမှတ်မိ၍





သဘောပေါက်နားလည်ကာ တတ်မြောက်လွယ်သည်။ ထိုနေ့ ညနေပိုင်းတွင် အိုမိသည် ထေရဝါဒ ဗုဒ္ဓဘာသာကို နှစ်နှစ် ကာကာ လက်ခံယုံကြည်သောသူတစ်ဦးဖြစ်လာသည်။

''ကောင်းလိုက်တဲ့ဘာသာတရားပဲ။ ကျွန်မ နေရပ်ကို ရောက်ရင် ဆွေမျိုးတွေနဲ့ လက်အောက်ငယ်သားတွေအားလုံးကို ထေရဝါဒ ဗုဒ္ဓဘာသာတရားအကြောင်း ပြောပြရမယ်။ ပြီးရင် ဗုဒ္ဓဘာသာကို ကိုးကွယ်နိုင်းမယ်'' ဟု အားတက်သရော သူမက ပြောခဲ့သည်။

အောင်ဖြိုးအတွက် ညနေစာကိုလည်း အိုမိက ညှော်ခံ ကျွေးခဲ့သည်။

ညကိုးနာရီမှ အောင်ဖြိုး အိမ်သို့ ပြန်လာရသည်။

အောင့်ဖြိုး ပြန်သွားပြီးနောက် အိုမိက သူမ၏အတွင်း ရေးမှူးမလေးများ ဖြစ်ကြသည့် လီလီနှင့်ဇီဇီတို့ကိုခေါ်၍ –

''ဒီနေ့ကစပြီး နင်တို့နှစ်ယောက်လည်း ထေရဝါဒဗုဒ္ဓ ဘာသာကိုပဲ ကိုးကွယ်ကြ''

''အမိန့်အတိုင်းပါ သခင်မ''ဟု လီလီ၊ ဇီဇီတို့ နှစ် ယောက်က ရိုသေစွာ ဦးညွှတ်၍ ပြောခဲ့သည်။

"ဒီလူသားဟာ ငါတွေ့ဖူးတဲ့ လူသားတွေနဲ့မတူဘူး။ ရုပ်လည်း ချောသလို၊ ယဉ်ကျေးတယ်။ အခွင့်အရေးမယူတတ်ဘူး။ သူ့ရဲ့ ဘာသာရေးအယူအဆတွေနဲ့ အတွေးအခေါ်တွေက သိပ်အဆင့်အတန်းရှိတယ်။ စိတ်ရင်းစေတနာလည်း ကောင်းတယ်။ သူ့ကို ကောင်းကောင်းဆက်ဆံကြ။ တစ်နေ့ သူဟာ တို့အတွက် အသုံးဝင်နိုင်တယ်" ဟု အိုမိက သူမထင်ကြေးကို ပြောပြခဲ့သည်။

ထိုနေ့မှစ၍ အိုမိသည် ထေရဝါဒ ဗုဒ္ဓဘာသာကို ကိုးကွယ်လက်ခံခဲ့သည်။ နေ့စဉ်နံနက်တိုင်းလည်း ဘုရားရှိခိုးခြင်း၊ ငါးပါးသီလ ခံယူခြင်း၊ ဝိပဿနာတရားတို့ကို အနည်းငယ် အချိန်ပေး၍ အားထုတ်တရားထိုင်ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

နောင် အလုပ်အားလပ်ရက်များတွင် အောင်ဖြိုးနှင့်အတူ ရွှေတိဂုံဘုရားနှင့် ပဲခူးရွှေမော်ဓောဘုရားသို့ မကြာခဏ သွားရောက်ဖူးမြင်တတ်လေသည်။

❄ ❄ ❄



## အခန်း (၄)

### ဗုဒ္ဓဘာသာနှင့် ဝိုင်ကီးအဖွဲ့များ

တစ်နေ့တွင် မန္တလေးမြို့သို့ အလည်အပတ်သဘောဖြင့် အိုမိတိုးတို့လုပ်ငန်းအဖွဲ့သားများနှင့်အတူ အောင်ဖြိုးလည်း လိုက်ပါလာသည်။ ရတနာပုံနေပြည်တော် ရှေးနန်းတော်ကြီးဘက်သို့ အရင်သွားရောက် လည်ပတ်ကြည့်ရှုခဲ့ကြသည်။ ထို့မှတစ်ဆင့် မန္တလေးမြို့၏ ကျက်သရေဆောင်ဘုရားကြီးတစ်ဆူဖြစ်သော မဟာမြတ်မုနိဘုရားဆီသို့ သွားရောက်ဖူးမြော်တော်မူခဲ့ကြသည်။

မြန်မာပြည်သားဖြစ်သော အောင်ဖြိုးက အိုမိတိုးတို့ ဂျပန်လုပ်ငန်းရှင် အဖွဲ့သားများကို မဟာမြတ်မုနိဘုရားသမိုင်း

အကြောင်းကို အတိုချုပ်လေးဖြင့် ရှင်းပြပြောပြခဲ့သည်။

"အစက ဒီဘုရားဟာ ကြေးဆင်းတုတော်ဘုရားတစ်ဆူပဲ။ ဒီဘုရားကို သွန်းလုပ်ထုတော်မူတဲ့ ကြေးသွန်းပညာရှင်တွေဟာ ဘုရားရဲ့ခေါင်းပိုင်းကို စေ့အောင် ဘယ်လိုမှပြုလုပ်လို့မရဘဲ အခက်ကြုံခဲ့ရတယ်။ သက်တော်ထင်ရှားရှိတဲ့ ဗုဒ္ဓဘုရားရှင်က ကြားသိတော်မူလို့ ဒီကြေးဆင်းတုတော်ရဲ့ ဘယ်လိုမှ စေ့လို့မရတဲ့ ဦးခေါင်းတော်ကို ဗုဒ္ဓဘုရားက ရင်ငွေ့တော် ·ခုနစ်ခါအုပ်ပြီး စေ့ပေးတော်မူခဲ့တယ်။ နောင်းလူတွေလက်ထက်ကနေ ယနေ့လက်ထက်တိုင် ဒီဘုရားဆင်းတုတော်ကို ရွှေဆိုင်းတွေ၊ ရွှေတွေ ကပ်လှူခဲ့ကြလို့ အခုမြင်ရတဲ့အတိုင်း ရွှေရောင်တဝင်းဝင်းနဲ့ အင်မတန် သပ္ပာယ်ကြည်ညိုစရာကောင်းတဲ့ ရွှေဆင်းတုတော် ဘုရားကြီးတစ်ဆူဖြစ်လာခဲ့ပါတယ်။ ဒီဘုရားကြီး၏ထူးခြားချက်တစ်ခုက ဘုရားရဲ့ကိုယ်တော်အနှံ့အပြားကို ရွှေချပေမယ့် မျက်နှာတော်ကို ဘယ်တော့မှ ရွှေမချဘူး။ ရွှေချ၊ ရွှေကပ်ပါများလွန်းလို့ ဘုရားကြီးရဲ့ကိုယ်လုံးတော်ဟာ အဆမတန် ကြီးထွားလာပါတယ်။ ရွှေမချတဲ့ ဘုရားမျက်နှာတော်ဟာ ငယ်နေမယ့်အစား ဘုရားကြီးရဲ့ကိုယ်လုံးကိုယ်ဖန်တော် အနေအထားကိုလိုက်ပြီး





မျက်နှာတော်ဟာ အလိုလို ကြီးလာပါတယ်။ သိပ်ထူးဆန်းပြီး တန်ခိုးကြီးတဲ့ ဆုတောင်းပြည့်ဘုရားကြီးတစ်ဆူပေါ့။ ဟိုးရှေးယခင်ကဆို ဒီဘုရားကြီးဟာ လူတွေကို စကားပြောပါတယ် ဟို အသက်သွင်းထားတဲ့ တန်ခိုးနဲ့ပြည့်စုံတဲ့ ဘုရားကြီးတစ်ဆူပေါ့ဗျာ။ ဒါကြောင့် ရောက်တုန်းရောက်ခိုက် ဧည့်သည်တော်များ၊ မိမိတို့ရဲ့ အလိုဆန္ဒရှိကြတဲ့ ကိစ္စရပ် ဆန္ဒတွေ ပြည့်ဝအောင် ဒီမဟာမြတ်မုနိ ရွှေဘုရားကြီးမှာ ရှိခိုးဆုတောင်းကြပါလို့ စိတ်စေတနာကောင်းနဲ့ ကျွန်တော် တိုက်တွန်းလိုပါတယ်ဗျာ"

ဟု အောင်ဖြိုးက ရှင်းပြပြောပြရင်း သူပါ ဘုရားကြီးကို ကြည်ညိုစိတ်ဖြင့် ရိုသေစွာ ကန်တော့ပူဇော်ခဲ့သည်။ ပါလာသော ဧည့်သည်တော်အားလုံးကလည်း မိမိတို့အလိုဆန္ဒများကို ပြည့်ဝဖို့ ဆုတောင်းရင်း ကန်တော့ခဲ့ကြသည်။ တချို့ကလည်း ဂျပန်လို ဘုရားစာများဆိုကာ အမွှေးနံ့သာတိုင်များနှင့် ပူဇော်ကန်တော့ကြသည်။

ထိုသို့ ကန်တော့နေကြစဉ် အဝတ်အဖြူများကို အပေါ်အောက်ဆင်တူဝတ်ထားသော မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများနှင့် ပုတီးလည်ပင်းဆွဲထားသော အဖြူရောင်ဝတ် ဂိုဏ်းသားအုပ်စုများ

ဘုရားကြီးဆီသို့ ရောက်လာကြသည်။ အိုမိက တအံ့တသြကြည့်ရင်း အောင်ဖြိုးအား မေးခဲ့သည်။

"ဒီလူတွေက ဘာတွေလဲ အောင်ဖြိုးစံ"

"ဒီလူအုပ်စုတွေဟာ ဗုဒ္ဓဘာသာကိုတော့ ကိုးကွယ်ကြပါတယ်။ ဒါပေမဲ့ ထွက်ရပ်ပေါက်ဝိဇ္ဇာဖြစ်ဖို့ ကျင့်စဉ်ဝါဒတွေနဲ့ ဖွဲ့စည်းပြီးနေကြတဲ့ ဝိဇ္ဇာဂိုဏ်းတစ်ဂိုဏ်းပဲ ဆိုပါတော့ဗျာ။ ကျွန်တော်တို့မြန်မာပြည်မှာ သူတို့လိုဂိုဏ်းအဖွဲ့အစည်းတွေ အများကြီးပဲ။ ဘာဂိုဏ်း ညာဂိုဏ်းဆိုပြီး ဖွဲ့စည်းထားကြတယ်။ တချို့က ဆေးဂိုဏ်း။ တချို့က မြေလျှိုးမိုးပျံနိုင်တဲ့ ဝိဇ္ဇာဂိုဏ်း။ တချို့က အောက်လမ်းဂိုဏ်း၊ အထက်လမ်းဂိုဏ်း။ တချို့ဂိုဏ်းတွေက အလယ်အလတ်ဂိုဏ်းတွေဆိုပြီး အမျိုးမျိုးရှိကြတယ်"

"ဒါဆို ... ရှင်က ဘာဂိုဏ်းဝင်ထားလဲ"

အောင်ဖြိုးက တစ်ချက်ပြုံးရင်း –

"ကျွန်တော်က ဘာဂိုဏ်းမှ မဝင်ထားဘူး၊ ရတနာသုံးပါးပဲ ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာဝင်ပါ"

"အဲဒီဂိုဏ်းသားတွေက ထေရဝါဒဗုဒ္ဓဘာသာဝင်တွေ မဟုတ်ကြဘူးလား"





"မဟုတ်ကြဘူးဗျ။ လူအမြင်တော့ ဗုဒ္ဓဘာသာပဲ။ တကယ်တော့ သူတို့တွေဟာ ဗုဒ္ဓဟောကြား လမ်းညွှန်ထားတဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကျင့်စဉ်တွေကို ဘေးဖယ်ပြီး မြေလျှိုးမိုးပျံနိုင်တဲ့ ထွက်ရပ်ပေါက်ဝိဇ္ဇာပဲဖြစ်ဖို့ တခြားကျင့်စဉ်တွေပဲ ကျင့်ကြတာ အိုမိရဲ့"

"သူတို့က ဝိဇ္ဇာဖြစ်သွားတော့ ဘာတွေလုပ်ကြလဲ"

"ခုနစ်ရက်သားသမီး လူသူတော်ကောင်းတွေကို ကူညီကယ်တင်ပေးမယ်၊ နောင် ဘုရားပွင့်တဲ့အထိ အသက်ရှည်အောင် နေထိုင်ပြီး ဘုရားရဲ့ တရားတော်တွေကို နာကြားပြီး ဘုရားကို အားရအောင်ဖူးပြီးမှ ကျွတ်တန်းဝင်ဖို့ ရည်ရွယ်ချက်တွေနဲ့ ထွက်ရပ်ပေါက်အောင် ကျင့်ကြတယ်လို့ ပြောကြတာပါပဲ"

"ဘာထူးဦးမှာလဲ၊ ဗုဒ္ဓရဲ့တရားနာရင်လည်း ဗုဒ္ဓက နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းဖြစ်တဲ့ ဝိပဿနာကိုပဲ ကျင့်ကြံ အားထုတ်ဖို့ တရားချတရားပြလို့ ဝိဇ္ဇာတွေအားလုံး ဝိပဿနာ ချုပ်ပျက်ကိုပဲ ကျင့်ကြံအားထုတ်ရဦးမှာပဲ မဟုတ်လား အောင်ဖြိုးစံ"

"အိုမိပြောတာ ဟုတ်ပါတယ်"

"ဒီလူတွေ လမ်းလွဲလိုက်နေကြတာပဲ။ ဒီလောက်ကောင်းတဲ့ ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားတဲ့ တိုင်းပြည်ထဲနေပြီး ဗုဒ္ဓက သေသေချာချာ ချမှတ်တဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားကို မကျင့်ကြံဘဲ အတွေးချော်ပြီး ဝိဇ္ဇာဖြစ်ချင်ရတယ်လို့ ဖြစ်မှဖြစ်ရလေ"ဟု သူမက အဝတ်ဖြူဝတ်ဂိုဏ်းဝိဇ္ဇာအဖွဲ့ကို ကြည့်၍ စိတ်မကောင်းစွာဖြင့် ပြောလေသည်။

သူမ၏တွေးခေါ်မြော်မြင်မှုနှင့် ဉာဏ်ရည်ထက်မြက်မှုတို့ကို မချီးကျူးဘဲ မနေနိုင်ချေ။ တော်ပါပေသည်။

"ဒါနဲ့ အောင်ဖြိုးစံ ...ဖြန်မာပြည်က ဂိုဏ်းအဖွဲ့အစည်းဝင်တွေဟာ အစီအရင်ဆွဲကြိုးတွေ၊ ဘာတွေ ဆောင်တတ်ကြသလား"

"ဆောင်တတ်ကြတယ်၊ အစီအရင်အမျိုးမျိုးကို ပြုလုပ်ပြီး ဆောင်ကြ ဆွဲကြတတ်ကြတယ်။ ဘာလဲ အိုမီက အစီအရင်အဆောင်တွေ လိုချင်လို့လား"

"မလိုချင်ပါဘူး။ ကျွန်မဆီမှာရောက်နေတဲ့ အစီအရင်ဆွဲကြိုးလေးအကြောင်းသိချင်လို့ မေးတာပါ"

"ကျွန်တော့်ကိုပြကြည့်ပါလား။ သိရင်တော့ အခုပြောပြပေးမယ်။ မသိရင်တော့ အိုမီအတွက် ကျွန်တော် ရအောင်စုံစမ်းပေးမယ်"ဟု အောင်ဖြိုးကပြောရာ အောင်ဖြိုးမျက်နှာကို ကြည့်လိုက် ဘုရားနားတွင်ရှိကြသော များစွာသောလူတို့ကိုကြည့်လိုက်နှင့် အိုမီက ပြသင့် မပြသင့်ချိန်ဆနေသည်။

အောင်ဖြိုးက အလိုက်သိစွာဖြင့် –

"လူတွေရှေ့မှာမို့ ပြရမှာခက်ရင်လည်း ဘုရားမြောက်မုဒ်ဘက်နားမှာ ရပ်ထားခဲ့တဲ့ ကျွန်တော်တို့ကားထဲမှာဆိုရင်ရော"

သူမက ခေါင်းအသာငြိမ့်ပြကာ ကားထားရာမြောက်မုဒ်ဘက်ဆီသို့ သူမက ထွက်လာသည်။ အောင်ဖြိုးကလည်း အလိုက်သိစွာဖြင့် သူမနောက် လိုက်လာခဲ့သည်။

ကားထဲတွင် –

"ဒီဆွဲကြိုးလေးပဲ အောင်ဖြိုးစံ" ဟုပြောရင်း အောင်ဖြိုးထံသို့ သူမက ပေးခဲ့သည်။

အောင်ဖြိုးသည် အဆောင်ဆွဲကြိုးလေးကို အသေးစိတ်ကြည့်ရှုလိုက်သည်။ ကြိုးပုံစံက လက်ဖွဲ့ချည်ကြိုးကို ကျစ်ထားသည့် အနီရောင်ချည်ကြိုးလေးပင်။ တစ်လက်မအရှည် ဆွဲပြား




ခု နစ် စဉ့် ကြယ် စာ ပေ

ဝိုင်းလေးသည် ငွေဖြင့်ပြုလုပ်ထားပြီး အပေါ်မျက်နှာပြင်အဝိုင်းပေါ်တွင် နေနှင့်လတံဆိပ် ခပ်နှိပ်ထားပြီး အောက်ခံအဝိုင်းဘက်တွင် အစီအရင် အင်းကွက်များနှင့် အင်းချဂဏန်းသင်္ကေတများ ပါရှိလေသည်။ အင်းကွက်များတွင်ပါရှိသော အင်းဆံဂဏန်းများသည် မြန်မာအက္ခရာ ဂဏန်းစာလုံးများဖြစ်နေသည်။

"ဒီအဆောင်လက်ဖွဲ့ဆွဲကြိုးက ကျွန်တော်တို့မြန်မာပြည်က ဂိုဏ်းတစ်ဂိုဏ်းရဲ့ အဆောင်လက်ဖွဲ့ပစ္စည်းပဲ အိုမိရဲ့"

မျက်လုံးအဝိုင်းသားဖြင့် အံ့ဩစိတ်ဖြစ်ကာ –

"တကယ်သေချာရဲ့လား အောင်ဖြိုးစံ"

"သေချာပါတယ် အိုမိ၊ ဒီအနောက်ဘက်အဝိုင်းပြားပေါ်က အင်းကွက်ပေါ်ချထားတဲ့ ဂဏန်းတွေက မြန်မာအက္ခရာဂဏန်းတွေ ဖြစ်နေလို့ပါပဲဗျာ"

ထိုစဉ် ဘုရားကြီးထဲမှ မိမိတို့ကားထားရာ နေရာဆီသို့ အဖွဲ့တော်၊ ညွှန့်သည်တော်များ လာနေကြသဖြင့် အိုမိက အဆောင်လက်ဖွဲ့ဆွဲကြိုးလေးကို လျင်မြန်စွာ ကောက်သိမ်းလိုက်သည်။

အိုမိက –

ခု နစ် စဉ် ကြယ် တ ပေ



"ခုကိစ္စကို တစ်စုံတစ်ဦးသိသွားလို့မဖြစ်ဘူး။ ရှင့်ရင်ထဲမှာပဲ ဒီကိစ္စကိုသိမ်းထားပေးပါ အောင်ဖြိုးစံ။ ရန်ကုန်ရောက်မှ ကျွန်မတို့ဆက်ပြောကြတာပေါ့"

"ကောင်းပါပြီ အိုမိ"

မန္တလေးမြို့တွင် တစ်ပတ်ကြာလည်ပတ်ပြီးနောက် ရန်ကုန်မြို့သို့ ပါလာသောကားများဖြင့် အိုမိတို့ လုပ်ငန်းအဖွဲ့တော်သားများနှင့်အတူ အောင်ဖြိုးတို့ ပြန်လာခဲ့ကြသည်။

❄ ❄ ❄

## အခန်း (၅)

### အဆောင်လက်ဖွဲ့ဆွဲကြိုးပိုင်ရှင်ဂိုဏ်းအဖွဲ့ကို စုံစမ်းခြင်း

ရန်ကုန်ပြန်ရောက်လာပြီး နောက်တစ်ရက်တွင် အိုမိက အောင်ဖြိုးကို သူမအိမ်သို့ခေါ်ကာ အဆောင်လက်ဖွဲ့ဆွဲကြိုး အကြောင်း ဆက်လက်ပြောဆို ဆွေးနွေးခဲ့ကြသည်။

အောင်ဖြိုး ထိုင်နေရာစားပွဲပေါ်သို့ ငွေအပြည့် ထည့်ထားသော လက်ဆွဲအိတ်ကို အိုမိက အသာတွန်းပို့ရင်း ...

"ဒီငွေတွေအားလုံးကို အောင်ဖြိုးစံ ယူလိုက်ပါ။ ကျွန်မအတွက် ဒီအဆောင်လက်ဖွဲ့ဆွဲကြိုးပိုင်ရှင်အစစ်အမှန်ဂိုဏ်းအဖွဲ့ကို ရအောင်စုံစမ်းပေးပါ"





အောင်ဖြိုးက ငွေအိတ်ကို သူမရှေ့သို့ အသာတွန်းပို့ရင်း

"အိုမိ့အပေါ်ထားရှိတဲ့ ကျွန်တော့်ရဲ့ စေတနာမေတ္တာတွေကို ဒီငွေနဲ့တော့ တန်ဖိုးမဖြတ်လိုက်ပါနဲ့ဗျာ။ ပြန်ယူလိုက်ပါ အိုမိ။ အိုမိရဲ့ကိစ္စကို ဘာအဖိုးအခမှမယူဘဲ ကျွန်တော် ကူညီပေးပါ့မယ်။ ဒါပေမဲ့ ဒီဆွဲကြိုးဂိုဏ်းကို ဘာဖြစ်လို့ အိုမိသိချင်ရတာလဲ။ ဒါလေးတော့ ကျွန်တော့်ကိုပြောပြပါ"

အိုမိက သက်ပြင်းချရင်း –

"ဒီအဆောင်ဆွဲကြိုးပိုင်ရှင်ဟာ ကျွန်မတို့ရဲ့မျိုးနွယ်စုဘိုးဘွားပိုင်ရတနာပစ္စည်းကို ခိုးသွားလို့ပါ။ သူ့ဆီက ကျွန်မတို့ရဲ့ရတနာပစ္စည်းကို ပြန်ယူဖို့အတွက်ပါပဲ"

"တော်တော်ဆိုးသွမ်းတဲ့လူပဲ။ သူတစ်ပါးရဲ့ပစ္စည်းကို ခိုးရတယ်လို့။ အိုမိတို့ရဲ့ ဘိုးဘွားပိုင်ရတနာပစ္စည်းကို အိုမိလက်ထဲပြန်ရောက်တဲ့အထိ ကျွန်တော် ကူညီမယ်ဗျာ"

သူမသည် အလွန်ဝမ်းသာစွာဖြင့် –

"ရှင့်ကို သိပ်ကျေးဇူးတင်တာပဲ"

အိုမိ့မျက်နှာကိုကြည့်ရင်း –

"မလိုပါဘူး အိုမိရယ်၊ အိုမိ့အတွက်ဆို ကျွန်တော်

အမြဲကူညီပေးပါ့မယ်'' ဟု အောင်ဖြိုးက တည်ကြည်စွာ ပြောခဲ့သည်။

ထိုနေ့မှစ၍ အိုမိ၏ စိစဉ်ဆောင်ရွက်ပေးမှုကြောင့် အောင်ဖြိုးသည် ဆောက်လုပ်ရေးလုပ်ငန်းတွင် ခွင့်ရက်ရှည် ရရှိကာ အလုပ်ဆင်းစရာမလိုဘဲ လစာငွေ ထုတ်ယူခွင့် ရရှိခဲ့သည်။

အောင်ဖြိုးသည် ညပိုင်းတွင် အိပ်ရာထဲ၌ ထိုကိစ္စ စုံစမ်းဖို့အတွက် စဉ်းစားကာ အကြံထုတ်နေသည်။ မိမိသည် စီအိုင်ဒီ စုံထောက်မဟုတ်သဖြင့် ဟိုအဆောင်ဆွဲကြိုးကိစ္စကို မည်သို့ အစပြု၍ မည်သို့လိုက်ရမည်ကိုမသိဘဲ အကြံအိုက်ကာ စဉ်းစားရ ကျပ်နေမိသည်။

ထိုသို့ စဉ်းစားတွေးတောနေစဉ် အဖေဘက်က အဘိုး ဖြစ်သူ၏ ညီတော်စပ်သူ သူ့အဘိုးလေး ဦးဘိုးချို့ကို ပြေး၍ သတိရလိုက်သည်။ ယခင်က အဘိုးလေးချို့သည် ဂိုဏ်းတစ်ဂိုဏ်း အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ထွက်ရပ်ပေါက်ဝိဇ္ဇာဖြစ်ဖို့အတွက် အကြီးအကျယ် ကျင့်ကြံခဲ့သူပင်။ ထိုကိစ္စအတွက်နှင့်ပင် မိန်းမ လည်း မယူခဲ့ပေ။ လူပျိုလူလွတ်ဖြင့်သာနေ၍ ဝိဇ္ဇာဖြစ်ရေးကိုသာ

ခု နစ် စဉ် ကြယ် တ ပေ



အထူးအာရုံစိုက်၍ ကျင့်ကြံခဲ့သည်ဟု ဖခင်ထံမှ မိမိကြားဖူးထား သည်။

ယခု အိုမိ၏အဆောင်ဆွဲကြိုးဂိုဏ်းပိုင်ရှင်ကို အဘိုးလေး ချို့မှတစ်ဆင့် စုံစမ်းလျှင် သိနိုင်ပေမည်။ အဘိုးလေးချို့သည် ဝိဇ္ဇာလောကဂိုဏ်းတစ်ဂိုဏ်းသား ဖြစ်သဖြင့် မြောက်မြားစွာရှိ ကြသော ထိုလောကဂိုဏ်းပေါင်းမျိုးစုံတို့အကြောင်းကို ကောင်းစွာ သိကျွမ်းကောင်း သိကျွမ်းပေလိမ့်မည်။

ထိုသို့ အတွေးများဖြင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ဘစ်ဖက်ကမ်းရှိ ဝိုင်းမော်မြို့တွင် နေထိုင်သော အဘိုးလေးဦးဘိုး ချို့ထံ သွား၍ ထိုဆွဲကြိုးကိစ္စ စုံစမ်းရန် အောင်ဖြိုး ဆုံးဖြတ်လိုက် သည်။

❄ ❄ ❄

## ပိုင်းမော်မြို့က အဘိုးလေးချို

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့သို့ မီးရထားစီး၍ အောင်ဖြိုး ရောက်လာသည်။ မြစ်ကြီးနားမြို့၊ ဧရာဝတီမြစ်၏ တစ်ဖက်ကမ်းတွင်ရှိသော ပိုင်းမော်မြို့သို့ စက်လှေစီး၍ အဘိုးလေးချိုထံ အောင်ဖြိုး ရောက်ရှိလာခဲ့သည်။

အဘိုးလေးချိုက အောင်ဖြိုးကို သိပ်မမှတ်မိပေ။ စေ့စေ့ကြည့်၍ မေးနေသည်။

"မင်းက ဘယ်သူ့သားလဲ"

"ကျွန်တော် ဦးမြင့်အောင်ရဲ့သားလေ အဘိုးလေးချိုရဲ့"





"သြော် ...ဟုတ်ပြီ၊ မြင့်အောင်ဆိုတာ ငါ့အစ်ကို ဘိုးထွန်းရဲ့သား မှတ်မိပြီ။ မင်းက အောင်ဖြိုးဆိုတဲ့သူငယ်လား"

"ဟုတ်ပါတယ် အဘိုးလေးချိုရယ်၊ ကျွန်တော် အောင်ဖြိုးပါ"

"ဒီကို အလုပ်တာဝန်ကျလို့ လာတာလား၊ အလည်သဘောနဲ့လာတာလား"

"အဘိုးလေးချိုဆီလည်း အလည်လာရင်းနဲ့ကိစ္စလေးတစ်ခု အကူအညီလိုလို့ပါဗျာ"

"ဘာကိစ္စများလဲ အောင်ဖြိုးရဲ့"

"အိမ်ထဲရောက်မှ ပြောပါရစေ"

ထိုအခါမှ အဘိုးလေးချိုသည် သတိရလာကာ အောင်ဖြိုးအား အိမ်ထဲသို့ ခေါ်ခဲ့သည်။ အဘိုးလေးချို၏ အိမ်လေးမှာ ပျဉ်ထောင်ပျဉ်ခင်းနှင့် ဆောက်ထားသော တစ်ထပ်အိမ်ပုလေးပင်။ အိမ်ထဲတွင် ထွေထွေထူးထူးမရှိပေ။ ဧည့်ခန်းထဲတွင် ဘုရားစင်နှင့် များစွာသောဆေးပင်များ၊ ဆေးပုလင်းများသာ ပြည့်နေသည်။

ဘုရားစင်ရှေ့နားသို့ အောင်ဖြိုးကို အဘိုးလေးချိုက ခေါ်၍ထိုင်ကာ မေးလေသည်။

"ကဲ ... ဆိုပါဦး ဘာကိစ္စများလဲ"

အောင်ဖြိုးသည် အိတ်ထဲတွင်ထည့်ထားသော အဆောင်လက်ဖွဲ့ကြိုးကို အသာထုတ်ယူလိုက်ပြီး အဘိုးလေးချိုအား ပြ၍ မေးခဲ့သည်။

"အဘိုးလေးချို ... ဒီအဆောင်လက်ဖွဲ့ဆွဲကြိုးဟာ ဘယ်ဂိုဏ်းသားတွေရဲ့ အဆောင်ပစ္စည်း ဖြစ်နိုင်မလဲ"

အဘိုးလေးချိုက အဆောင်လက်ဖွဲ့ဆွဲကြိုးလေးကို အသာယူ၍ ဆွဲပြားအပိုင်း၏ အပေါ်အောက် သေသေချာချာ ကြည့်ကာ ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ထို့နောက် အောင်ဖြိုး မျက်နှာကိုကြည့်ပြီး ပြောခဲ့သည်။

"ဒီလက်ဖွဲ့အဆောင်ဆွဲကြိုးက နေလဂိုဏ်းသားတွေရဲ့ အဆောင်ပစ္စည်းပဲ၊ ဒါနဲ့ ... မင်း ဘယ်ကများ ရခဲ့တာလဲ အောင်ဖြိုးရယ်"

"ကျွန်တော့် အသိမိတ်ဆွေဆီကပါ၊ အဲဒီအသိမိတ်ဆွေဟာ ကျွန်တော့်အတွက် တော်တော်အရေးကြီးတဲ့လူဖြစ်နေလို့ ကျွန်တော် အကူအညီပေးမလို့ပါဗျာ"

အဘိုးလေးချိုသည် အတန်ငယ်စူးစိုက်၍ အောင်ဖြိုး





ကို စူးစိုက်ကြည့်လိုက်သည်။

"မင်း အသိမိတ်ဆွေကို မင်းကူညီဖို့ မကြိုးစားနဲ့၊ မင်းအတွက် အန္တရာယ်များလိမ့်မယ် လူကလေး။ ဒီဆွဲကြိုးရဲ့ ဂိုဏ်းအကြောင်းတော့ မင်းသိချင်ရင် အဘိုးလေးချို ပြောပြမယ်"

ဟုဆိုကာ ထိုဂိုဏ်းသားများအကြောင်းကို အဘိုးလေးချိုက ပြောပြခဲ့ပါသည်။

"နေလဂိုဏ်းကို သိပေါမင်း ပါတော်မူစကတည်းက ရာပြည့်ဆိုတဲ့လူတစ်ဦးက ဖွဲ့စည်းတည်ထောင်ခဲ့တယ်။ သူက ဘားပြီး တုတ်ပြီးတဲ့ ကာယသိဒ္ဓိအောင်ထားတဲ့ မြန်မာ့သိုင်းပညာရှင်တစ်ဦးလို့ ဆိုကြတာပဲ။ သူတို့ဂိုဏ်းရဲ့ မူလရည်ရွယ်ချက်က မြန်မာတစ်မျိုးသားလုံးကို နေလိုအလင်းနဲ့ နွေးထွေးစေပြီး လလို အေးမြစေရမယ်ဆိုတဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ ဖွဲ့စည်းခဲ့ကြတယ်။ မြန်မာပြည်အနှံ့အပြားကို လျှောက်သွားပြီး မြန်မာလူမျိုးမှန်သမျှကို သဒ္ဒါကြေးနဲ့ ဆေးကုပေးတယ်။ မရှိရင် မေတ္တာအခမဲ့နဲ့ ဆေးလိုက်ကုပေးကြတယ်။ အစပိုင်းတော့ ဆေးဂိုဏ်းပေါ့။ နောက်ပိုင်း ထွက်ရပ်ပေါက်ဝိဇ္ဇာလမ်းကို လိုက်လာကြပြန်တယ်။ နောင်နှစ်အနည်းငယ်ကြာတော့ ဂိုဏ်းချုပ်ဖြစ်တဲ့ရာပြည့်

ဟာ ထွက်ရပ်ပေါက်ကျင့်စဉ်ကို အောင်မြင်သွားလို့ သူဂိုဏ်းသား တွေအားလုံးကို သူနဲ့အတူ တစ်ပါတည်း ခေါ်သွားခဲ့တယ်။ အဲဒီ တုန်းကတည်းကနေ အခုအချိန်အထိ နေလဂိုဏ်းနဲ့ပတ်သက်တဲ့ သတင်းဆို ဘာမှမကြားရတော့ဘူးကွဲ့။ တစ်ခါတည်းနဲ့ကို ဒီ လောက တည်းက ပျောက်သွားတော့တာပါပဲ။ ကျန်တဲ့ဂိုဏ်း လောကသားတွေအားလုံးဟာ နေလဂိုဏ်းကတောင် ထွက်ရပ် ပေါက်ဝိဇ္ဇာဖြစ်ရင် တို့ဂိုဏ်းကလည်း ကျင့်ရင်ဖြစ်နိုင်တာပဲဆိုပြီး အပြိုင်အဆိုင်စိတ်တွေနဲ့ ဂိုဏ်းအသီးသီးက လောကသားတွေ ဟာ မအိပ်မနေ ရှူးမတာတ် ကျင့်ကြံအားထုတ်ကြတော့တာပါပဲ။ တချို့ဆို အိမ်ရာထောင်ထားတဲ့ သားမယားတွေကိုတောင်ပစ်ပြီး ကျင့်ကုန်ကြတာ။ ဒီအထဲမှာ နဝင်းသိဒ္ဓိဂိုဏ်းသားတွေဖြစ်တဲ့ အဘိုးလေးချူလည်း ရှူးခဲ့မိတာပေါ့ကွယ် ...၊

လက်ထပ်ဖို့ကတိပေးတဲ့ ရည်းစားမပုလဲကိုတောင် လက် မထပ်ဘဲ ကတိဖျက်ပြီး ထွက်ရပ်ပေါက်ဝိဇ္ဇာကျင့်စဉ်ကိုပဲ နှစ် ပေါင်း လေးဆယ်ကျော် အဘိုးလေးချူ တအားကျင့်ခဲ့တယ်။ အကျင့်လွန်လို့ ခြေထောက်တောင် ထုံခွဲချင်သလို ဖြစ်ခဲ့တယ်။ ဒါပေမဲ့ မင်းမြင်တဲ့အတိုင်း အခုထိ အဘိုးလေးချူမှာ ဝိဇ္ဇာမဖြစ်





သေးပါဘူးကွယ်။ တစ်ခုစဉ်းစားမိတယ်၊ မပုလဲကိုလက်ထပ်မယ် ပြောပြီး ကတိဖျက် မျက်ရည်ကျအောင် သူ့ကိုလုပ်ခဲ့မိလို့လား မပြောတတ်ပါဘူး လူလေးရယ်။ ဒီကိစ္စကြောင့် အဘိုးလေးချူ ဝိဇ္ဇာမဖြစ်နိုင်တာနဲ့ တူပါရဲ့ကွာ။ သူလည်း သေတဲ့အထိ စိတ်နာ သွားရှာမှာပဲ။ စိတ်ထဲမကောင်းလိုက်တာ လူလေးရယ်။ ငါ မှား သွားတယ်'' ဟု မျက်ရည်လေးများစို့၍ စိတ်မကောင်းစွာ အဘိုး လေးချူက အောင်ဖြိုးအား ပြောပြရှာသည်။

အောင်ဖြိုးသည် အဘိုးလေးချူ၏အဖြစ်သနစ်တို့ကို သနားလည်းသနားမိကာ ရယ်လည်းရယ်ချင်မိပါသည်။ သို့သော် အဘိုးလေးချူကို အားနာမိသောကြောင့် မရယ်ခဲ့ပေ။

''ဒါနဲ့ နေလဂိုဏ်းက အခု ဘယ်နေရာမှာ ရှိနိုင်မလဲ အဘိုးလေးချူ''

''ဒါတော့ ငါလည်း မပြောတတ်ဘူး။ ခန့်မှန်းရခက် တယ်ကွဲ့။ ဒါနဲ့ မင်းမိတ်ဆွေက နေလဂိုဏ်းကို ဘာကိစ္စနဲ့ တွေ့ချင်ရတာလဲ''

ပြောသင့်မပြောသင့် အောင်ဖြိုး စဉ်းစားလိုက်သည်။ သို့သော် သူ့အနေနှင့် ဘယ်လိုမှ မနီးစပ်နိုင်သည့်ကိစ္စမို့ မပြောလို့

မဖြစ်သေး။ ပြောပြပြီး အကူအညီတောင်းရပေဦးမည်ဟု စဉ်းစားမိရင်း အကြမ်းဖျင်းအဖြစ် အဘိုးလေးချို့အား ပြောပြခဲ့သည်။

"ကျွန်တော့်မိတ်ဆွေရဲ့ ဘိုးဘွားပိုင်ရတနာပစ္စည်း တစ်မျိုးကို အဲဒီနေလကိုဏ်းသားတစ်ဦးဟာ ခိုးယူသွားလို့ပါဗျာ"

"ဘာ . . . ဘယ်လို၊ နေလကိုဏ်းသားတစ်ဦးက မင်းမိတ်ဆွေရဲ့ပစ္စည်းကို ခိုးသွားတယ်။ ဟုတ်ရဲ့လားကွာ။ မဖြစ်နိုင်လိုက်တာ အောင်ဖြိုးရယ်"

"အဲဒီရတနာပစ္စည်းကို ခိုးယူသွားတဲ့လူ ကျကျန်ထားတဲ့ အဆောင်ဆွဲကြိုးလေးဟာ အခု အဘိုးလေးချို့ပြောတဲ့ နေလကိုဏ်းသားတွေရဲ့ ပစ္စည်းဆိုရင် ကျွန်တော့်မိတ်ဆွေရဲ့ ဘိုးဘွားပိုင်ရတနာပစ္စည်းကို ခိုးယူသွားတဲ့လူဟာ သူတို့ကိုဏ်းသားတစ်ဦးဆိုတာ သေချာပါတယ် အဘိုးလေးချို့"

"မြတ်စွာဘုရား . . . ကမ္ဘာကြီးတော့ ပြောင်းပြန်ဖြစ်ပါပြီ။ ထွက်ရပ်ပေါက်ဝိဇ္ဇာတွေမပြောနဲ့ ထွက်ရပ်ပေါက်ကျင့်စဉ်ကို ကျင့်ကြံအားထုတ်ကြတဲ့ လူမှန်သမျှဟာ သူတစ်ပါးပစ္စည်းကို မခိုးရဘူး။ အင်း . . . မဟုတ်မှလွဲရော ကြည့်ရတာတော့ နေလကိုဏ်းသားတွေဟာ တစ်ယောက်မှ ဝိဇ္ဇာမဖြစ်ကြသေးဘူးပဲ။





ဒီတစ်ချက်နဲ့တင် သိသာထင်ရှားနေပြီ။ ဟင် . . . ငါတို့မှာတော့ ဘယ်ကဝိဇ္ဇာဖြစ်သွားပြီထင်လို့ အားကျလိုက်ရတာ၊ ချီးမွမ်းလိုက်ရတာ၊ ငါ့လခွေး အာပလာတွေ ဖြစ်နေတယ်"

"အဘိုးလေးချို့ရယ် . . . ကျွန်တော့်မိတ်ဆွေရဲ့ ရတနာပစ္စည်းကို ပြန်ရအောင် နေလကိုဏ်းအဖွဲ့ကို ရှာပေးပါဦးဗျာ"

"ပစ္စည်းပိုင်ရှင်က မြန်မာပြည်ထဲကပဲလား"

"မဟုတ်ဘူးဗျ . . . ပိုင်ရှင်က ဂျပန်ကပါ။ အခု မြန်မာပြည်မှာ ရောက်နေပါပြီ အဘိုးလေးချို့"

"တောက် . . . ဒီနေလကိုဏ်းကြောင့် တို့မြန်မာပြည်ကို ဘိုင်းတစ်ပါးသားတွေ အထင်သေးကုန်ကြတော့မှာပါပဲ။ အထူးသဖြင့် မြန်မာပြည်ထဲကျန်တဲ့ ငါတို့လိုကိုဏ်းအဖွဲ့တွေကို လူတွေအထင်သေးပြီး အကြီးအကျယ် သိက္ခာကျစေမယ့်ကိစ္စပဲ။ ဒီကိစ္စဟာ တို့ကိုဏ်းနဲ့ ဘာမှမဆိုင်ပေမယ့်လည်း မျက်ကွယ်ပြုလို့တော့ မဖြစ်ဘူး။ တို့ နဝင်းသိဒ္ဓိကိုဏ်းအပါအဝင် ကျန်ကိုဏ်းအဖွဲ့အစည်းအားလုံးကို ဖိတ်ခေါ်ပြီး အစည်းအဝေးပြုလုပ်ရမယ်။ အစည်းအဝေးမှာ ဒီကိစ္စကို ပြောပြရမယ်။ နေလကိုဏ်းက ခိုးသွားတဲ့ ဘိုင်းတစ်ပါးသား ရတနာပစ္စည်းကိုလည်း ပိုင်ရှင်တိုင်းတစ်ပါး

သားလက်ထဲ ပြန်ရောက်အောင် ဝိုင်းကူညီပေးဖို့လည်း အဘိုးလေးချို အကြံပြုတောင်းဆိုပေးမယ် လူလေး။ မင်း မိတ်ဆွေကို ပစ္စည်းပြန်ရအောင် အဘိုးလေးချိုတို့ ကူညီပေးမယ်ဆိုတဲ့ အကြောင်းလည်း လှမ်းပြောပြလိုက်ပါ”

“ကျေးဇူးပဲ အဘိုးလေးချိုရယ်၊ ဒီကိစ္စကို ကျွန်တော် ဘယ်လိုလုပ်ပေးလို့ လုပ်ပေးရမှန်းမသိ ဖြစ်နေတာ”

ဦးစွာ ဘိုးလေးချိုက သူ၏နဝင်းသိဒ္ဓိဂိုဏ်းသားအားလုံးကို မြစ်ကြီးနားမြို့ပေါ်သို့ ခေါ်လိုက်သည်။ နောက်တစ်ဖန် လက်လှမ်းမီသမျှ ဂိုဏ်းအဖွဲ့အသီးသီးတို့၏ ဂိုဏ်းချုပ်ဆရာကြီးများကို ဖိတ်ခေါ်ကာ နေလဂိုဏ်းအကြောင်းနှင့် ပစ္စည်းခိုးယူမှုကိစ္စတို့ကို အဘိုးလေးချိုက ပြောပြကာ အစည်းအဝေးပြုလုပ်၍ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

အစည်းအဝေးတွင် အကြီးအမှူးနာယကဖြစ်သော ဦးဘိုးချို ခေါ် အဘိုးလေးချိုက –

“လေးစားရပါသော ဂိုဏ်းအသီးသီးက သူတော်ကောင်းအပေါင်းတို့ခင်ဗျား ... ကျွန်တော်တို့ နဝင်းသိဒ္ဓိဂိုဏ်းအပါအဝင် ဂိုဏ်းအသီးသီးက ဂိုဏ်းသားတွေအားလုံးဟာ အနန္တောအနန္တ





ါးပါးကို ဦးထိပ်ပန်ဆင်ပြီး သီလကို လုံခြုံစွာ ထိန်းခဲ့ကြတယ်။ နစ်ရက်သားသမီးတွေကိုလည်း ကူညီကယ်တင်မယ်။ ထွက်ရပ်ပေါက်ဝိဇ္ဇာဖြစ်ဖို့လည်း ကြိုးစားကျင့်ကြံကြမယ်ဆိုတဲ့ ကောင်းမြတ်တဲ့ စိတ်စေတနာ ရည်ရွယ်ချက်တွေနဲ့ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘဲ ရိုးသားစွာ နေထိုင်ခဲ့ကြတာပါ ...၊

ဒါပေမဲ့ အခု နေလဂိုဏ်းသားတစ်ဦးဟာ တိုင်းတစ်ပါးသားတစ်ဦးရဲ့ ဘိုးဘွားပိုင် ရတနာပစ္စည်းကို ဂိုဏ်းစည်းကမ်းတွေ သီလတွေ ဖောက်ဖျက်ပြီး ခိုးယူခဲ့တယ်။ ကိုယ့် ဂိုဏ်းသားမဟုတ်လို့ ကိုယ်နဲ့တော့ မဆိုင်ပေမယ့်လည်း ဒီနေလဂိုဏ်းဟာ ကျွန်တော်တို့ မြန်မာပြည်ထဲက ဂိုဏ်းတစ်ဂိုဏ်းပါ။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုတဲ့အတိုင်း မြန်မာပြည်ထဲကျန်တဲ့ဂိုဏ်းအဖွဲ့အစည်းတွေအပေါ် ဂယက်ရိုက်ပြီး လူတွေက အထင်မှား အမြင်မှားနဲ့ အထင်သေးတော်ခံရပြီး အားလုံး သိက္ခာကျသွားနိုင်ပါတယ် ...၊

ကျွန်တော်တို့လောကထဲ ဂိုဏ်းဖွဲ့စည်းပြီး မဟုတ်တာတွေလုပ်နေတဲ့ အတုအယောင် နေလဂိုဏ်းကို ကျွန်တော်တို့ အားလုံး ဝိုင်းပြီး ဆုံးမသင့်တယ်။ ဒါကြောင့် နေလဂိုဏ်းဌာနချုပ်

တို့ စုံစမ်းပြီး သူတို့ဂိုဏ်းချုပ်ကို ခေါ်တွေ့ပြောရမယ်။ ခိုးသွားတဲ့ တိုင်းတစ်ပါးသား ရတနာပစ္စည်းကိုလည်း ပြန်ပေးအပ်နိုင်ရမယ်။ ဒီလိုလုပ်လိုက်မှ လူတွေက ကျွန်တော်တို့ဂိုဏ်းအသီးသီးအပေါ် အထင်မှား အမြင်မှား သံသယတွေ ရှင်းသွားမှ။ ဒါမှလည်း ကျွန်တော်တို့ ဂိုဏ်းလောကသားအဖွဲ့အစည်း အသီးသီးဟာ လူပုံအလယ်မှာ သိက္ခာရှိရှိနဲ့ မားမားမတ်မတ် ရပ်တည်နိုင်ကြမှာပါ။ ကျွန်တော်ပြောတာ အားလုံး ဘယ်လိုသဘောရပါသလဲ။ ပွင့်ပွင့်လင်းလင်း ဝင်ရောက်ပြောဆို ဆွေးနွေးနိုင်ပါတယ်''

ဟု နာယကအဖြစ် အဘိုးလေးချိုက ပြောကြားခဲ့ရာ အစည်းအဝေးခန်းမထဲ တစ်ဦးနှင့်တစ်ဦး ပြောဆိုတိုင်ပင်သူက တိုင်ပင်၊ ဟိုတစ်စု ဒီတစ်စုနှင့် ထင်ကြေးမြင်ကြေးတွေ ပြောသူက ပြောနှင့် ခန်းမထဲ ဆူညံနေပါသည်။ ခဏအကြာလောက်တွင် –

''ကျုပ်ကတော့ ဝင်းဂိုဏ်းကပါ။ စောစောက ဆရာကြီးပြောသလို ဒီနေလဂိုဏ်းသားကို ကောင်းကောင်းဆုံးမဖို့ ကျုပ်တို့ဝင်းဂိုဏ်းသားအားလုံးက ဆရာကြီးတို့နဲ့ ပူးပေါင်းကူညီပေးဖို့ သဘောတူ ထောက်ခံပါတယ်''





''ကျွန်တော်တို့ ဘုရားငါးဆူဂိုဏ်းကလည်း ဆရာကြီးပြောတာ ထောက်ခံပါတယ်''

''ကျွန်တော်တို့ မနောမယိဗ္ဗိ ဂိုဏ်းကလည်း ဆရာကြီးပြောတာကို သဘောတူထောက်ခံပါတယ်''

''ကျွန်တော်တို့ စေတမန်အင်းဂိုဏ်းကလည်း သဘောတူ ထောက်ခံပြီး ဆရာကြီးတို့နဲ့ ပူးပေါင်းကူညီပါ့မယ်''

''ကျွန်တော်တို့ ရှားဂိုဏ်းကလည်း သဘောတူထောက်ခံပါတယ်''

''ကျွန်တော်တို့ နေသူရိန်ဂိုဏ်းကလည်း ထောက်ခံပါတယ်''

''ကျွန်တော်တို့မြသပိတ် ဆေးဂိုဏ်းကလည်း သဘောတူပါတယ်ဗျာ''

''ကျွန်တော်တို့ ရွှေရင်ကျော်ဂိုဏ်းကလည်း သဘောတူပါတယ်''

တက်ရောက်လာကြသော ဂိုဏ်းအဖွဲ့အစည်းအသီးသီး၏ဂိုဏ်းချုပ်များက ထောက်ခံခဲ့ကြသဖြင့် အဘိုးလေးချိုက ဂိုဏ်းအသီးသီးတို့အား နေလဂိုဏ်းဌာနစခန်းကို အမြန်ရှာဖွေ

စုံစမ်းရန် တာဝန်အသီးသီး ပေးအပ်ခဲ့လေသည်။

ဂိုဏ်းသားအသီးသီးတို့သည် နေလဂိုဏ်းဌာနစခန်းနှင့် နေလဂိုဏ်းသားများကို အင်တိုက်အားတိုက် စုံစမ်းရှာဖွေကြပါတော့သည်။

"လူလေးအောင်ဖြိုး ...ရန်ကုန်ပြန်ပြီး ကိုယ့်အလုပ်ကိုယ် သွားလုပ်တော့၊ နေလဂိုဏ်းကို ခြေရာခံမိပြီဆိုရင် မင်းဆီ ငါ ဆက်သွယ်အကြောင်းကြားလိုက်မယ်"

"ဟုတ်ကဲ့ ...ကျေးဇူးပဲ အဘိုးလေးချို"

မိမိအနေနှင့် ဝိုင်းမော်တွင် ဆက်နေရင်လည်း ဘာမှ မလုပ်တတ် မကိုင်တတ်နှင့်မို့ အကြောင်းထူးမည် မဟုတ်ချေ။ ထို့ကြောင့် မိမိဇာတိရန်ကုန်သို့ ရက်အနည်းငယ်အကြာတွင် အောင်ဖြိုးပြန်လာခဲ့ပါသည်။

❄ ❄ ❄



## အခန်း (၆)

## လမြည့်လကွယ် အိုဇုတ္တ

အောင်ဖြိုးသည် အိုမိကိုစွနှင့် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့သို့ တစ်လကြာ ခရီးထွက်ခဲ့ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ရန်ကုန်သို့ ပြန်ရောက်ရောက်ချင်းပင် တစ်ဖက်သတ် တိတ်တခိုးချစ်ရသော အိုမိကို အလွန်လွမ်းဆွတ်မိသည့်စိတ်တို့ဖြင့် အမြန်ပြေးတွေ့လိုက်ချင်မိသည်။ သို့သော် သူမနှင့်မိမိက ဘာမှမဟုတ်ကြဘဲ ရိုးရိုးသူငယ်ချင်းမိတ်ဆွေအဆင့်သာရှိသေးသည်။ ထိုသို့ စဉ်းစားမိရင်း ဖုန်းနှင့်သာ သူမထံ အရင်ဆက်

သွယ်ပြီးမှ မိမိအနေနှင့် သွားတာကောင်းပါသည်ဟု တွေးလိုက်ပြီး သူမထံ အောင်ဖြိုးက လက်ကိုင်ဖုန်းလေးဖြင့် ဆက်သွယ် အကြောင်းကြားလိုက်သည်။

“ဟဲလို အိုမိလား ... ကျွန်တော်အောင်ဖြိုးပါ၊ ရန်ကုန်ကို ကျွန်တော် ပြန်ရောက်နေပြီ။ ညနေဖက် အိုမိတို့ဆီ လာခဲ့မယ်နော်”

တစ်ဖက်တွင် –

“ဟာ ... မလာခဲ့နဲ့ဦး။ မနက်ဖြန်နေ့လယ်မှလာနော်။ တော်တော်အရေးကြီးတဲ့ကိစ္စလေးတစ်ခုကို ဖြေရှင်းရဦးမှာမို့လို့ပါ။ ဒါပဲနော် အောင်ဖြိုး ... ဘိုင် ဘိုင်”

တစ်ဖက်က ဖုန်းလေးပိတ်သွားတော့ အောင်ဖြိုး အံ့တော်ဆွေးသွားရသည်။ ‘မနက်ဖြန်မှလာတဲ့’ မိမိအနေနှင့် သူမကိုလွမ်းလွန်းလို့ ယခုပင်လာချင်မိသော်လည်း မတတ်နိုင်ပေ။ သူမမှ မလာခိုင်းသည်ကို။

ညပိုင်းတွင် တော်သလင်းလပြည့်ရက်မို့ လသည် ပြည့်ပြည့်ဝန်းဝန်းဖြင့် ထိန်ထိန်သာနေသည်။ အောင်ဖြိုးသည် မိမိအခန်း၏ ပြတင်းတံခါးမှ ထိန်ထိန်သာနေသော လမင်းကြီးကို





ငေးမောကြည့်ရင်း မိမိချစ်ရသောအိုမိကို လွမ်းဆွတ်နေမိသည်။ သူမကို လွမ်းလွန်းသဖြင့် ဘယ်လိုမှ အိပ်မရနိုင်ခဲ့ပေ။ အိပ်မရသည့်အဆုံး ထိန်ထိန်သာနေသော လကို ငေးမောကြည့်နေမိတော့သည်။

ထိုသို့ ထိန်ထိန်သာနေသော တော်သလင်းလပြည့်ညဉ်းကိုးနာရီအချိန်တွင် ဘားလမ်းထဲ အိုမိတို့နေထိုင်ရာအိမ်ထဲတွင် အိုမိအပါအဝင် အတွင်းရေးမှူးမလေးနှစ်ဦးဖြစ်သော လီလီနှင့်ဖီဖီ သုံးဦးစလုံးတို့သည် ညှော်ခန်းကြမ်းပြင်ပေါ်တွင် လေးဖက်ထောက်သွားကာ အလှမှန်တပ်ဆင်ထားသော မှန်သားမှ ထိန်ထိန်သာနေသော လပြည့်ဝန်းကိုကြည့်လိုက် ခွေးလိုအူလိုက်နှင့် အတန်ကြာ ပြုလုပ်နေကြသည်။

“အူ အူး”

“အူ အူ အူး”

“ဝုတ် ဝုတ် အူး”

ခဏအကြာတွင် ခွေးလိုအူခြင်း၊ဟောင်ခြင်း မပြုလုပ်တော့ဘဲ မှန်သားပြင်မှ အထင်းသားတွေမြင်ရသော လပြည့်ဝန်းကြီးကို လေးဖက်ထောက်အနေအထားနှင့် သုံးဦးစလုံး ငြိမ်သက်

စွာ ငေးမောစူးစိုက်ကြည့်နေကြသည်။

ထိုသို့ ငြိမ်သက်စွာငေးမောစူးစိုက်ကြည့်နေစဉ်အတွင်း အိုမီ၊ လီလီ၊ ဇီဇီတို့သုံးဦးစလုံး၏ ကိုယ်ခန္ဓာအနှံ့အပြားတွင် ထူပျစ်သော အမွေးများထွက်လာကြသည်။ တစ်ဦးရဲ့အမွေးက ဝါနုနုနှင့် မီးခိုးပြေးရောင်၊ တစ်ဦးကတော့ အညိုရောင်၊ နောက် တစ်ဦးကတော့ နက်ကြားရောင်။

တစ်စတစ်စနှင့် ဦးခေါင်းပိုင်းမှ နားရွက်တို့သည် ကြီးကြီး ရှည်ရှည် ထောင်ထောင်ဖြစ်လာကာ ခွေးကဲ့သို့သော ပါးစပ် နှာခေါင်းများသို့ ပြောင်းလဲလာကြသလို သူမတို့၏ လူ့ခြေ၊ လူ့ လက်တို့သည် လေးဖက်ထောက်သွားသော ခွေးသတ္တဝါခြေလက် များအဖြစ်သို့ လျင်မြန်စွာ ပြောင်းလဲလာ၍ အမြီးများကိုယ်စီ ပေါက်လာကာ ဝံပုလွေသတ္တဝါအဖြစ်သို့ လုံးလုံးလျားလျားပင် သူမတို့သုံးဦး ပြောင်းလသဖြစ်ကုန်ကြတော့သည်။

ထို့နောက် ဝံပုလွေသတ္တဝါသုံးကောင်စလုံးသည် လပြည့် ဝန်းကြီးကိုကြည့်၍ ခွေးကဲ့သို့ ဟောင်ခြင်း၊ အူခြင်းများကို အဆက်မပြတ် အတန်ကြာပြုလုပ်ပြီး တစ်ကောင်နှင့်တစ်ကောင် နမ်းရှုံ့ရင်း ဟောင်ကာ အဝါနုနှင့်မီးခိုးပြေးရောင်ရှိသော ဝံပုလွေမ





သတ္တဝါက ဦးဆောင်၍ စားဖိုခန်းဘက်သို့ ဆင်းပြေးသွားကြ သည်။

စားဖိုခန်းထဲတွင် စားပွဲပေါ်၌ အသင့်ချက်ပြုတ်ကင်ထား သော အသားကင်များ၊ အသားတုံးဟင်းများကို ဝံပုလွေမ သုံး ကောင်က စားပွဲပေါ်သို့တက်ကာ အလုအယက် စားသောက်ကြ လေသည်။

ထို့ပြင် စားဖိုဆောင်ထဲတွင် မနက်စာအတွက် ကြို ဝယ်ထားသော အမဲသားအစိမ်း အသားတွဲများကိုပါ ဆွဲယူကိုက် ဖြတ်၍ စားသောက်ကြပါတော့သည်။ စားဖိုဆောင်တစ်ခုလုံးတွင် ဝံပုလွေမသုံးကောင် စားသောက်ကိုက်ပစ်ထားသည့် အရိုးများနှင့် ပန်းကန်ခွက်ယောက်များမှာ မြင်မကောင်းအောင် ပွလန်ကြဲနေ သည်။

ထိုသို့ စားသောက်ပြီး အစာဝ၍ ဗိုက်ပြည့်လာသော ဝံပုလွေမသုံးကောင်သည် အိပ်ဖို့ရန်အတွက် နေရာရှာလေသည်။ စားဖိုဆောင်နှင့်ကပ်လျက်ရှိသော ဧည့်ခန်းအခန်းငယ်လေးတွင် ခင်းထားသော ကော်ဇောပေါ်တွင် ဝံပုလွေမသုံးကောင်သည် တစ်နေရာဆီ ထိုး၍ ခွေအိပ်နေကြသည်။

နောက်တစ်နေ့နံနက် မိုးလင်းသော် ကြမ်းပြင်ပေါ်တွင် အိုမီ၊ လီလီ၊ ဗီဗီ တို့သည် မှောက်လျက် အနေအထားနှင့် အိပ်ပျော်နေကြသည်။

အရင်ဦးဆုံး အိုမီ နိုးထလာသည်။ ပတ်ဝန်းကျင်ကို ရုတ်တရက်ကြည့်လိုက်ပြီး လီလီနှင့်ဗီဗီတို့ကို နှိုးလိုက်သည်။ ထို့နောက် စားဖိုဆောင်ဘက်သို့ အိုမီက တစ်ချက်ကြည့်လိုက်သည်။

"အို ဘုရားရေ ... စားဖိုဆောင်တစ်ခုလုံး မြင်မကောင်းတော့ဘူး။ လီလီ, ဗီဗီ ... ဒီကိုအမြန်လာခဲ့။ စားဖိုဆောင်ကို အမြန်ရှင်းရအောင်"

"လာပါပြီ သခင်မ"

အိုမီ၊ လီလီ၊ ဗီဗီတို့သုံးယောက်သည် ပွလန်ကြဲနေသော စားဖိုဆောင်ကို သွက်သွက်လက်လက် ရှင်းလင်းကြသည်။ ပန်းကန်ခွက်ယောက်များကို ဆေးကြောသန့်စင်၍ သူ့နေရာနှင့်သူ အစီအရီထား၍ အရိုးများ၊ အမှိုက်များကို အမှိုက်ပုံးထဲသို့ အမြန်ထည့်၍ သန့်ရှင်းရေးဝိုင်းလုပ်လိုက်ကြသည်။

စားဖိုဆောင်၏စားပွဲတွင် သုံးဦးသား ဝိုင်းထိုင်၍ ခဏ





နားလိုက်ကြသည်။ အိုမီက –

"ငါတို့ရဲ့ ဘဝအမှန်ကို ဘယ်သူမှသိလို့မဖြစ်ဘူး။ အထူးသဖြင့် ငါတို့ကို အကူအညီပေးနေတဲ့ ယာမာချိုနဲ့ အောင်ဖြိုးကို မသိမမြင်စေနဲ့၊ သိုသိပ်လျှို့ဝှက်ပြီးနေထိုင်ကြပါ"

"အမိန့်အတိုင်းပါ သခင်မ"

လီလီက –

"လပြည့်လကွယ်ညတွေနဲ့ ကျွန်မတို့ရဲ့ ဘဝအပြောင်းအလဲကိစ္စတွေကို အိမ်နီးနားချင်းတွေကြားရင် သိကုန်မှာစိုးရိမ်ရပါတယ် သခင်မ။ ဒီကိစ္စကို ဖုံးဖိဖို့ စဉ်းစားပါဦး သခင်မ"

"ဒီကိစ္စအတွက် အင်ဂျင်နီယာအောင်ဖြိုးကို ခေါ်ခိုင်းရမှာပဲ"

"အောင်ဖြိုးကို ဘာလုပ်ခိုင်းမှာလဲ သခင်မ"

"မြေအောက်တိုက်ခန်း ခပ်ကျယ်ကျယ် ဆောက်ခိုင်းမလို့ပါ။ လပြည့်လကွယ်ညတွေမှာ မြေအောက်တိုက်ခန်းမှာ ငါတို့ဆင်းပြီးနေလိုက်ရင် ဘယ်သူမှ ငါတို့အကြောင်းတွေ မသိနိုင်တော့ဘူး"

"ဟုတ်သားပဲ၊ သခင်မက သိပ်ဉာဏ်ကောင်းတာပဲ"

ဟု ဇီဇီက ချိုးမွှမ်းပြောဆိုသည်။

"လူတောထဲ ဘယ်အချိန်ထိ နေ,နေရဦးမှာလဲ၊ လူတွေထဲ အမြဲသတိထားပြီး နေ,နေရတာ ကျွန်မ စိတ်ညစ် စိတ်ရှုပ်လှပြီ၊ ဘယ်အချိန်မှ လွတ်လွတ်လပ်လပ်နေရမှာလဲ သခင်မရယ်"

သခင်မ အိုမီက –

"လူ့ပြည်မှာ နေချင်လွန်းလို့ လာနေတာမှ မဟုတ်ပဲ၊ ငါတို့ ဝံပုလွေမျိုးနွယ်စုအတွက် မှော်ဓာတ်လုံးကို ပြန်ယူဖို့အတွက် မနေမဖြစ်လို့ လူ့ပြည်မှာ လာနေရတာပါ။ ငါတို့လို ဝံပုလွေတွေအတွက် သိပ်အန္တရာယ်များလှပါတယ်။ လူတွေသာ ငါတို့အကြောင်းသိရင် အချိန်မရွေး လာသတ်ကြလိမ့်မယ်။ ဒါကြောင့် မှော်ဓာတ်လုံးမရမချင်း လူတွေမသိအောင် သိုသိပ်လျှို့ဝှက်ပြီးနေကြပါ။ နောက်ထပ် ငါ့ကို ဘာမှ လာမပြောကြနဲ့တော့။ လုပ်စရာရှိတာ သွားလုပ်ကြတော့"

"အမိန့်အတိုင်းပါ သခင်မ"

အရိုအသေပေးပြီး ထွက်သွားကြသော လီလီ၊ ဇီဇီတို့ကို ကြည့်ရင်း သခင်မအိုမီက သက်ပြင်းရှည်ကိုချင်ရင်း ခေါင်းခါလိုက်သည်။





အချိန်တန် လပြည့်လကွယ်ညရောက်လာရင် ဘယ်လိုမှ ရှောင်လွှဲလို့မရနိုင်သည့် ဝံပုလွေသတ္တဝါပြောင်းလဲဖြစ်ရသည့် ဒုက္ခ။

အချိန်ကျော်လို့ မိုးလင်းလာလျှင် လူသားဘဝ ပြောင်းလဲဖြစ်ပြန်နှင့် သံသရာလည်ဖြစ်ရသော မိမိတို့ဘဝကို အိုမီ အကြိမ်ကြိမ် စိတ်ပျက်ခဲ့ရသည်မှာ အကြိမ်ပေါင်း မနည်းတော့ပေ။

လူတောထဲ အနေကြာလာတော့ လူတွေလို ယဉ်ကျေးမှုတွေ၊ ဥစ္စာပစ္စည်းချမ်းသာမှုတွေနှင့် အဆင့်အတန်းမြင့်မြင့်နှင့် ဂုဏ်သရေရှိသော လူသားစင်စစ် မိန်းမသားဘဝကို မိမိအနေဖြင့် အိုမီ ဖြစ်ချင်လာသည်။

သို့သော် မိမိ၏ မူလဘဝအမှန် ဝံပုလွေမအဖြစ် လပြည့်လကွယ်ညရောက်တိုင်း ပြောင်းလဲဖြစ်နေရသည့် ဒုက္ခကို မတွန်းလှန်နိုင်သဖြင့် စိတ်ပျက်စိတ်ဆင်းရဲရုံမှတစ်ပါး မိမိအနေနှင့် မတတ်နိုင်ခဲ့ပေ။

ထိုသို့ သူမဘဝကို စဉ်းစားတွေးတောမိရင်း –

"လပြည့်လကွယ်ရက်တွေကို ဘယ်သူတွေများ ထွင်ခဲ့

ပါလိမ့်။ လပြည့်လကွယ်တွေသာမရှိရင် ... ငါ့ဘဝလေးဟာ အေးချမ်းပြီပေါ့၊ အခုတော့ လပြည့်လကွယ်တွေက ငါ့အတွက် ဒုက္ခ''

ဟု အသံတိုးတိုးလေးဖြင့် မိမိကိုယ်ကို စိတ်ပျက်စွာ ပြောနေမိတော့သည်။

❄ ❄ ❄

## အခန်း (၇)

## နေလဝိုဏ်းတို့ ရှာဖွေဖို့ ထူးချွံခံစုလွှေစေလွှတ်ပြီ

တော်သလင်းလပြည့်ကျော် (၁) ရက်နေ့ နေ့လယ်ပိုင်းတွင် အောင်ဖြိုးသည် ဂျစ်ကားလေးဖြင့် အိုမိနေထိုင်ရာအိမ်သို့ ရောက်လာသည်။

အိုမိသည် အောင်ဖြိုးအား ပြုံးရွှင်စွာ ဆီး၍ ကြိုဆိုနှုတ်ဆက်သည်။

''ဟိုင်း အောင်ဖြိုးစံ ... နေကောင်းရဲ့လား''

''ဟိုင်း ... အိုမိ။ အိုမိအတွက် သတင်းကောင်းတွေ ကျွန်တော်ယူလာတယ်''

''အို ... တကယ်၊ ဘာသတင်းတွေလဲ အောင်ဖြိုးစံ''

''အလကားတော့ မပြောနိုင်ဘူး၊ ကျွန်တော့်ကို မုန့်အရင်ကျွေးရမယ်''

''ကျွေးပါ့မယ်၊ ရှင် ဘာမုန့်စားချင်လဲပြော''

''အဟက် ... ဟား ဟား၊ နောက်တာပါဗျာ။ ဘာမှကျွေးစရာမလိုပါဘူး။ အိုမီ့ကိစ္စကို စေတနာသန့်သန့်နဲ့ ကျွန်တော်က ကူညီတာပါဗျာ''

''သိပါတယ်၊ အောင်ဖြိုးစံက ယဉ်ကျေးပြီး ချောသလို စိတ်သဘောထားလည်း ကောင်းတယ်ဆိုတာ အစောကတည်းက ကျွန်မသိပြီးသားပါ''

''အလယ် ... လူကို မသိမသာ မြှောက်ပြောနေပြန်ပြီ၊ အဟက်ဟက် ဟား''

သူမသည် ဘာမှ ထပ်မပြောတော့ဘဲ –

''လီလီ၊ ဖီဖီ ဒီကို ကော်ဖီနှစ်ခွက်ယူခဲ့ပါ'' ဟု လှမ်းအော်ပြောလိုက်သည်။

အိမ်ရှေ့နား ပိတောက်ပင်အောက်တွင် အောင်ဖြိုးကို အိုမီက ညော်ခံစကားပြောရှာသည်။





စားပွဲပေါ်သို့ လာချပေးသော ကော်ဖီတစ်ခွက်အား အောင်ဖြိုး စားပွဲနားသို့ အိုမီက ပြောင်းချပေးရင်း –

''နေ့လယ်ခင်းမှာလန်းသွားအောင် ကော်ဖီလေးသောက်လိုက်ပါဦး အောင်ဖြိုးစံ။ ကော်ဖီသောက်ပြီးမှ စကားပြောကြတာပေါ့''

''သိုင်းခယူပါ အိုမီ''

အောင်ဖြိုးသည် ကော်ဖီကို တစ်ခါတည်း မော့သောက်ပြီး စားပွဲပေါ် ခွက်ကို အသာတင်လိုက်သည်။

''အိုမီရဲ့အဆောင်ဆွဲကြိုးကိစ္စ ကျွန်တော်စုံစမ်းလို့ သိခဲ့ရပြီ''

''ဟယ် တကယ်'' ဟု မျက်လုံးအဝိုင်းသားဖြင့် အိုမီက အံ့ဩသွားလေသည်။

''တကယ်ပြောတာ အိုမီရဲ့၊ ကျွန်တော့်အဘိုးရဲ့ညီ တော်စပ်တဲ့ အဘိုးလေးတစ်ယောက်ဟာ ဒီလိုလောကထဲက တခြားဂိုဏ်းသားတစ်ဦးဗျ၊ သူကနေ တစ်ဆင့် စုံစမ်းခဲ့ရတာ။ ဒီလိုအဆောင်ဆွဲကြိုးမျိုးကို နေလဂိုဏ်းသားတွေပဲ ဆွဲတတ်လို့ နေလဂိုဏ်းရဲ့ပစ္စည်းတဲ့''

“နေလဂိုဏ်းဆိုတာ ဘယ်လိုဂိုဏ်းမျိုးလဲ”

“အရင်ကတော့ ဆေးပဲကုတဲ့ ဂိုဏ်းပဲ။ နောက်တော့ ထွက်ရပ်ပေါက်ဝိဇ္ဇာကျင့်စဉ်ကို လိုက်စားလာတဲ့ ဂိုဏ်းတစ်ဂိုဏ်းလို့ပြောပြတာပဲ”

“အဲဒီနေလဂိုဏ်းက အခု ဘယ်နေရာမှာရှိသလဲ”

“အဲဒါတော့ သူတို့လောကသားအချင်းချင်းတောင် မသိကြဘူး ဖြစ်နေကြလို့ အဘိုးလေးကိုယ်တိုင် မြန်မာပြည်ထဲ ရှိသမျှဂိုဏ်းတွေကို မြစ်ကြီးနားခေါ်ဖိတ် အစည်းအဝေး ကျင်းပပြီး ဆွေးနွေးတိုင်ပင်ကြတဲ့အထိ ပြုလုပ်ခဲ့ကြတယ်”

ဟု အောင်ဖြိုးက မိမိ ပိုင်းမော်သို့ရောက်၍ အဘိုးလေးချုံနှင့် တွေ့ဆုံပုံ၊ မိမိက အဆောင်ဆွဲကြိုးလေးကိုထုတ်ပြပုံ၊ အဘိုးလေးချုံက ဆွဲကြိုးကိုအသုံးပြုတတ်သော နေလဂိုဏ်းနှင့် ဂိုဏ်းအကြောင်းများပြောပြပုံ၊ ဂိုဏ်းကို ဖွဲ့စည်းပြီး မဟုတ်တာလုပ်နေသော နေလဂိုဏ်းကို စုံစမ်းဖော်ထုတ်၍ အပြစ်ပေးဖို့ကို အစည်းအဝေးများ ကျင်းပကြပုံများကို အိုမီအား အသေးစိတ်ပြောပြရှင်းပြခဲ့လေသည်။

“နောက်ပြီး အဘိုးဘေးချုံက ကျွန်တော့်ကို မှာခဲ့သေး





ဘယ်။ ရတနာပစ္စည်းပိုင်ရှင်ဖြစ်တဲ့ အိုမိတို့ဆီ နေလဂိုဏ်းကို ရှာတွေ့တာနဲ့ အဲဒီပစ္စည်းကို ပြန်တောင်းပေးပါ့မယ်တဲ့။ စိတ်မပူပါနဲ့တဲ့။ အဲလိုမှာခဲ့တယ် အိုမိ”

အိုမိက ဘာမှမပြောဘဲ ခေါင်းသာ အသာညိတ်ပြ၍ ငြိုးစားနေသည်။

“ကျွန်တော်လည်း အိုမိတို့ရဲ့ ရတနာပစ္စည်း။ အိုမိ့လက်သဲ ရောက်တဲ့အထိ အစွမ်းကုန်ကူညီပေးပါ့မယ်”

“ကျေးဇူးတင်ပါတယ် အောင်ဖြိုးစံ။ အဲဒီပစ္စည်းသာပြန်ရရင် ရှင်အလိုရှိတဲ့အရာနဲ့ ကျွန်မ ကျေးဇူးဆပ်ပါ့မယ်”

“ဒီကိစ္စနဲ့ပတ်သက်ပြီး အိုမိ့ဆီက ဘာဆိုဘာမှ ကျွန်တော် မမျှော်လင့်ပါဘူးဗျာ”

“ဪ ဒါနဲ့၊ ကျွန်မ အခုနေတဲ့ အိမ်အောက်မှာ မြေတိုက်ခန်းခပ်ကျယ်ကျယ်ကို ရှင် တာဝန်ယူဆောက်ပေးနိုင်လားဟင်”

“ကျွန်တော် ဦးဆောင်ပြီး ကောင်းကောင်းဆောက်ပေးနိုင်ပါတယ် အိုမိ။ ဘယ်တော့ ကျွန်တော် လာဆောက်ပေးရမလဲ အိုမိ”

"မနက်ဖြန်ကစပြီး အမြန်ဆောက်ပေးပါ အောင်ဖြိုးစံ၊ ကျွန်မ ရက်ပိုင်းအတွင်း အမြန်ပြီးချင်တယ်"

"ကောင်းပါပြီ အိုမီ။ မနက်ဖြန်စောစောပဲ လိုအပ်တဲ့ ပစ္စည်းတွေနဲ့ အလုပ်သမားတွေကို ကျွန်တော်ခေါ်ပြီး လာခဲ့ပါ့ မယ်"

"မြေတိုက်ခန်းဆောက်လုပ်လို့ ကုန်ကျတဲ့ ဘီလ်စာရင်း ကို ကျွန်မအတွင်းရေးမှူးလီလီဆီ တင်ပြပြီး ငွေကို ထုတ်ယူ လိုက်ပါ အောင်ဖြိုးစံ"

"ကောင်းပါပြီ အိုမီ"

ထိုနေ့ညနေစာကို အိမ်မှာပင် သူမနှင့်အတူ အောင်ဖြိုး ကို ကောင်းမွန်စွာ ညစာခံကျွေးမွေးခဲ့သည်။

အောင်ဖြိုးသည် ညနေစာစားပြီးနောက် မြေအောက် တိုက်ခန်း ဆောက်လုပ်မည့် ပုံစံအနေအထားကို အကြမ်းဖျင်း ရှင်းလင်းပြောပြ၍ အိမ်သို့ ပြန်သွားခဲ့လေသည်။

အောင်ဖြိုး အိမ်ပြန်သွားပြီးနောက် အိုမီတို့အိမ်လေးထဲ တွင် –

"အဲရင်က ဒီဆွဲကြိုးဂိုဏ်းကို ဂျပန်ကဂိုဏ်းတစ်ဂိုဏ်း





ဘင်လို့ ငါတို့တွေ ဂျပန်မှာ ဆယ်နှစ်တာနေပြီး 'ယာမာချီ' အကူအညီနဲ့ စုံစမ်းခဲ့ကြတယ်။ ဂျပန်လူမျိုးတွေပဲ လက်ရဲဇက်ရဲနဲ့ ဘာမဆို လုပ်ရဲတယ်လို့ ငါထင်ထားတာ။ အခုတော့ မှော်ဓာတ် ငုံးကို ခိုးတဲ့သူခိုးဟာ မထင်ထားတဲ့ မြန်မာက ဂိုဏ်းတစ်ဂိုဏ်း ဖြစ်နေတယ်။

အခု အောင်ဖြိုးပြောပြချက်အရဆိုရင် မြန်မာပြည်က ဂိုဏ်းသားအားလုံးဟာ တို့ပစ္စည်းကို နေလဂိုဏ်းသားဆီကနေ ပြန်တောင်းပြီး တို့လက်ထဲပြန်ပေးမယ်ဆိုပေမယ့်လည်း တို့ပစ္စည်း ဟာ အသက်ဓာတ်အားစွမ်းအားတွေကို ပေးတဲ့ မှော်ဝင်ဓာတ်လုံး ဆိုတာ သိသွားရင်တော့ တို့လက်ထဲရောက်လာမှာမဟုတ် ဘူး...။

မြန်မာပြည်ထဲက ဂိုဏ်းသားအဖွဲ့အစည်းတွေအားလုံး ထိုလိုဟာ ထွက်ရပ်ပေါက်ဝိဇ္ဇာဖြစ်ဖို့ပဲ ကျင့်ကြံတဲ့ လမ်းလွဲနေတဲ့ သူတွေ ဖြစ်ကြတယ်။ ထေရဝါဒဗုဒ္ဓဘာသာဝင်လူတွေ မဟုတ်ကြ လို့ ဂိုဏ်းအားလုံးကို ယုံစားလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ လူသားတွေမို့ ပစ္စည်းအကြောင်းသိရင် လောဘဇောနဲ့ အချင်းချင်းတောင် သတ်ဖြတ်လုယက်ကြဦးမှာ။

တို့ဘက်က လက်ဦးအောင် နေလဂိုဏ်းကို အမြန်တွေ့ထားဖို့ လိုတယ်။ ဒါကြောင့် သူလျှိုတွေလွှတ်ပြီး နေလဂိုဏ်းကို အမြန်စုံစမ်းရှာဖွေနိုင်းရမယ်။ စုံစမ်းလို့သိတာနဲ့ကို တို့ဝံပုလွေတွေ သူတို့ဂိုဏ်းကို ဝိုင်းတိုက်ခိုက်ပြီး တို့ရဲ့မော်ဓာတ်လုံးကို ရအောင်ပြန်ယူကြမယ်။

ဂျပန်က ငါတို့ရဲ့သူလျှိုဆယ်ယောက်ကို ဒီကိုသာ အမြန်ခေါ်လိုက်တော့ ဗီဗီ။ ဝိုင်းမော်မြို့နဲ့ မြန်မာပြည်အနှံ့အပြားမြို့တွေဆီ သူလျှိုတွေစေလွှတ်ပြီး နေလဂိုဏ်း ရှိမယ့်နေရာကို အမြန်စုံစမ်း ရှာဖွေနိုင်းလိုက်''

''အမိန့်အတိုင်းပါ သခင်မ''

နောက်နှစ်ရက်အကြာတွင် ဂျပန်မှ ဝံပုလွေသူလျှို ဆယ်ဦးသည် မြန်မာပြည်သို့ ရောက်လာကြသည်။

သခင်မအိုမီရှေ့တွင် ဒူးထောက်ခစားနေသော ဝံပုလွေသူလျှိုဆယ်ဦးအား -

''နေလဂိုဏ်းသားတွေဟာ မြန်မာပြည် နယ်နမိတ်အတွင်းထဲမှာပဲ သေချာပေါက်ရှိနေနိုင်တယ်။ အခြားဂိုဏ်းသားတွေ နေလဂိုဏ်းနေရာကို မတွေ့ခင် မင်းတို့တွေ အမြန်တွေ့အောင် ရှာဖွေခဲ့ကြ၊ နေလဂိုဏ်းကို အခြားဂိုဏ်းသားက အရင်တွေ့တယ်ဆိုရင် မင်းတို့အားလုံးကို သေဒဏ်ပေးမယ်''





''အမိန့်တော်အတိုင်းပါ သခင်မ'' ဟု ရိုသေစွာ ဦးညွှတ်၍ တာဝန်အသီးသီးကိုယ်စီဖြင့် ဝံပုလွေသူလျှိုဆယ်ဦးသည် နေလ ဂိုဏ်းကို စုံစမ်းရှာဖွေရန် ထွက်ခွာသွားကြလေသည်။

❄ ❄ ❄

## အခန်း (၈)

## ဟန်ဆောင်အကြင်နာများ

အောင်ဖြိုးသည် အလုပ်သမားဆယ်ဦးနှင့်အတူ အိုမီနေထိုင်ရာ အိမ်အောက်ထပ်အား ပိုင်းဖောက်ကာ၍ မြေအောက်တိုက်ခန်းကို အားချင်း ဆောက်လုပ်ခဲ့ကြသည်။ ထိုသို့ ဆောက်လုပ်နေစဉ်အတွင်း အိုမီသည် သူမ၏အတွင်းရေးမှူးများဖြစ်သော လီလီနှင့်ဇီဇီတို့နှင့်အတူ အရေးပေါ်စီးပွားရေးကိစ္စတစ်ခုအတွက်နှင့် ခရီးထွက်ခွာသွားကြသည်။

ရက်ပေါင်းနှစ်ဆယ်ကျော်တွင် မြေအောက်တိုက်ခန်းဆောက်လုပ်ရေးမှာ အချောသပ် တည်ဆောက်ပြီးစီးခဲ့လေသည်။





ထိုသို့ တည်ဆောက်ပြီးစီးသွားပြီးနောက် နှစ်ရက်အကြာတွင် ခရီးထွက်ရာမှ ပြန်လာသော အိုမီသည် မြေအောက်တိုက်ခန်းကို အောင်ဖြိုးနှင့်ဆင်း၍ လှည့်ပတ်ကြည့်ရှုခဲ့သည်။

မြေအောက်တိုက်ခန်းလေးထဲတွင် –

"ကျွန်မလိုချင်တဲ့ပုံစံအတိုင်း ရှင် ဆောက်ပေးခဲ့တာပဲ။ ကျေးဇူးတင်ပါတယ် အောင်ဖြိုးစံ"

"မလိုပါဘူး အိုမီရယ်၊ နောက်ထပ် အိုမီအလိုရှိတဲ့အရာတွေကိုလည်း ကျွန်တော်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာပါ၊ ဆောင်ရွက်စရာရှိရင် ကျွန်တော့်ကိုသာ ပြောပါ အိုမီ"

"အောင်ဖြိုးစံရဲ့ အကူအညီတွေယူနေတာ တစ်ခုပြီးတစ်ခု သိပ်များနေပြီ။ ရှင် ဘာကိုလိုချင်လဲ ပြောပါ၊ ကျွန်မပေးပါ့မယ်"

"ကျွန်တော်လိုချင်တာကို အိုမီက တကယ်ပေးမှာလား"

"ပြောမှာသာပြောလိုက်ပါ အောင်ဖြိုးစံ။ ကျွန်မ မနှမြောပါဘူး"

"ကျွန်တော် အိုမီ့ဆီက အကြင်နာအချစ်တွေပဲ လိုချင်ပါတယ်"

"ဘာ ...ဘယ်လို"

အိုမိသည် အောင်ဖြိုးအား အံ့ဩစူးစမ်းစိတ်ဖြင့်ကြည့်ကာ –

"မြန်မာပြည်မှာ ကျွန်မထက်ချောတဲ့ မိန်းမတွေ အများကြီးရှိပါတယ်၊ ရှင် သေသေချာချာစဉ်းစားပြီးမှ ပြောပါ အောင်ဖြိုးစံ။ ရှင်အပါအဝင် ဘယ်ယောကျ်ားမှ လက်မခံနိုင်တဲ့ ကြောက်စရာကောင်းတဲ့ နောက်ပိုင်းကိုယ်ရေးရာဇဝင်အကြောင်း ကျွန်မမှာ ရှိတယ် အောင်ဖြိုးစံ"

"အိုမိမှာ ဘယ်လိုရာဇဝင်ပဲရှိပါစေ ကျွန်တော် ဂရုမစိုက်ဘူး။ အိုမိကို ရာသက်ပန် ရိုးမြေကျ ချစ်သွားမယ်ဗျာ။ ဒါကြောင့်မို့ အိုမိရဲ့ အကြင်နာအချစ်တွေအားလုံး ကျွန်တော့်ကို ပေးပါ။ နှစ်သက်မြတ်နိုး ရင်ခုန်မှုတွေနဲ့ ကျွန်တော် မျှော်လင့်နေပါတယ် အိုမိ"

အိုမိသည် အောင်ဖြိုးကို ဘာမှမပြောဘဲ စူးစိုက်ကြည့်ရင်း စဉ်းစားတွေးတောနေသည်။ သူမ၏အတွေးထဲတွင် "ဒီလူသားဟာ ငါ့အကြောင်းကို အထာနဲ့ပြောပြတာတောင် ကြောက်ရမှန်းမသိ၊ လန့်ရမှန်းမသိနဲ့ ငါ့အပေါ် တစ်ဖက်သတ်နှစ်သက်





မြတ်နိုးနေတယ်။ အင်း ဒီလူသားဟာ တခြားလူသားတွေနဲ့တော့ မတူဘူး။ ယဉ်လည်းယဉ်ကျေးတယ်၊ ရုပ်လည်းချောမောသလို စိတ်ရင်းလေးလည်း ရိုးသားဖြူစင်ရှာတယ်။ အခွင့်အရေးလည်း မယူတတ်ဘူး။

တော်တော်လည်း ကြင်နာတတ်တဲ့ လူသားတစ်ဦးပဲ။ ငါ့အကျိုးကိုလည်း လိုလိုလားလား ဆောင်ရွက်ပေးရှာတဲ့ ဒီလူသားကိုတော့ ငါ့ဘက်သားဖြစ်အောင်လုပ်ထားတာ မမှားဘူး။ တစ်နေ့နေ့မှာတော့ ငါ့အတွက် အသုံးဝင်လောက်မယ်" ဟု စဉ်းစားတွေးတောလိုက်သည်။

"ရှင့်ကိုလည်း ကျွန်မ နှစ်သက်မြတ်နိုးပါတယ် အောင်ဖြိုးစံ"

"ရှေ့ ဝေး၊ ပျော်လိုက်တာ အိုမိရယ်" ဟု ခုန်ပေါက်ကာ ထအော်၍ အောင်ဖြိုးတစ်ယောက် ပျော်နေရှာသည်။

ကလေးကဲ့သို့ ခုန်ပေါက်ပျော်ရွှင်နေသော အောင်ဖြိုးကို ကြည့်၍ ဟန်ဆောင်အကြင်နာအချစ်တွေပေးမိသော အိုမိက အောင်ဖြိုးကို အနည်းငယ်သနားသွားမိသည်။

"အိုမိ ကျွန်တော့်ကို တကယ်နှစ်သက်တယ်၊ မြတ်နိုး

တယ်ဆိုရင် မွှေးမွှေးပေး'' ဟု ပြုံးရွှင်စွာဖြင့် အောင်ဖြိုးက သူ၏မျက်နှာလေးကို အိုမိအနား အသာတိုးပေးလိုက်သည်။

အိုမိက အောင်ဖြိုးပါးလေးကို ညင်သာစွာ အနမ်းလေး ပေးလိုက်သည်။ ထို့နောက် အောင်ဖြိုးကလည်း အိုမိ့ကို အသာ ထွေးဖက်လိုက်ရင်း ပါးလေးကို နှစ်သက်ပြတ်နိုးသော ချစ်ခြင်း များစွာတို့ဖြင့် နမ်းလိုက်သည်။

❋ ❋ ❋

## အခန်း (၄)

### ချစ်စရာကြော့သော ပုံပြင်

ချစ်သူတွေဖြစ်လာကြသော အောင်ဖြိုးနှင့်အိုမိတို့သည် အားလပ်ရက်ကလေးများတွင် ဘုရားသို့သွားခြင်း၊ ကားတစ်စီး ဖြင့် လျှောက်လည်ခြင်း မကြာခဏ ရုံတင်ပြသသော ရုပ်ရှင်ကား များကို ကြည့်ရှုကာ အပန်းဖြေခဲ့ကြသည်။

အပြင်ဘက်သို့ မသွားလိုသော အားလပ်ရပ်များတွင် အိုမိနေထိုင်ရာ အိမ်ဝန်းထဲမှာပင် တစ်ယောက်မျက်နှာတစ် ယောက်ကြည့်ကာ မိမိတို့ကြားဖူးနားဝရှိခဲ့သော ပုံပြင်များပြော၍ နေခဲ့ကြသည်။

"ကိုဖြိုးပြောတဲ့ ပုံပြင်ထက် စိတ်ဝင်စားစရာကောင်းတဲ့ ပုံပြင်တစ်ပုဒ်ကို ကျွန်မပြောပြမယ်"

ချစ်သူမျက်နှာလေးကို ငေးကြည့်ရင်း ဘာမှမပြောဘဲ အောင်ဖြိုးက ခေါင်းအသာညိတ်ပြခဲ့သည်။

"ရှေးတုန်းက ဂျပန်မှာ ချိကုဝဆိုတဲ့ အင်မတန် အမဲလိုက်တော်တဲ့ မုဆိုးတစ်ဦးရှိခဲ့တယ်။ သူ့မှာ ဇနီးမယား သားသမီးတွေ တစ်ယောက်မှ မရှိရှာဘူး။ တစ်ကိုယ်တော် တောလိုက်မုဆိုးပေါ့။ သူဟာ နေရာစုံ တောစုံအောင် တောလိုက်ဖူးတဲ့မုဆိုးပဲ။ တစ်နေ့မှာ ဂျပန်သူဌေးတစ်ဦးက ဆေးဖော်ဖို့ သမင်ကောင်ကို အလိုရှိလို့ဆိုပြီး မုဆိုးထံရောက်လာခဲ့တယ်။ မုဆိုး ချိကုဝကို ငွေကြေးများစွာပေးပြီး သမင်သားကောင်ကို ရအောင် ရှာဖွေပစ်ခိုင်းခဲ့တယ်။ ဒါနဲ့ မုဆိုးချိကုဝဟာ သမင်ကောင်တွေရှိတတ်တဲ့ တိဗက်ကို ရောက်လာခဲ့တယ်။ သမင်ကောင်တွေရှိတတ်တဲ့ တိဗက်ဒေသတစ်ခုရဲ့ ရေခဲတောင်ပေါ်ကို မုဆိုးချိကုဝဟာ တက်ပြီး ရှာဖွေခဲ့တယ်။ ဒီလို ရှာဖွေနေတုန်း တစ်နေရာမှာ ဝက်ဝံတစ်ကောင်နဲ့ မုဆိုးတစ်ဦး သတ်ပုတ်လုံးထွေးနေတာ တွေ့ခဲ့ရတယ်။ ဝက်ဝံနဲ့တိုက်ခိုက်နေတဲ့ မုဆိုးဟာ ရှုံးပြီး သေမလို





ဖြစ်နေတဲ့အတွက် မုဆိုးချိကုဝက ဝက်ဝံကို သေနတ်နဲ့ ပစ်သတ်ပြီး အဲဒီမုဆိုးကို ကယ်တင်လိုက်တယ်။ ဒဏ်ရာတွေ ဗရပွနဲ့ မထနိုင်ဖြစ်နေတဲ့ မုဆိုးကို ချိကုဝက ထမ်းပြီး တောင်အောက်ကို ဆင်းလာခဲ့တယ်။ ဒဏ်ရာရမုဆိုးနေတဲ့ရွာအရောက် အိမ်အထိ ထမ်းပြီး ချိကုဝဟာ ပို့ပေးခဲ့တယ်။

ရက်အနည်းငယ်မှာပဲ သက်သာပျောက်ကင်းထလာနိုင်တဲ့ မုဆိုးဟာ ဂျပန်မုဆိုးချိကုဝကို အသက်သခင်ဆိုပြီး ကျေးဇူးတင်မဆုံး ဖြစ်လွန်းလို့ သူ့အိမ်မှာပဲ မုဆိုးချိကုဝကို နေစေပြီး ကောင်းမွန်စွာ ကျွေးမွေးပြုစုခံပေးခဲ့တယ်။ တိဗက်လူမျိုးစကားကို အနည်းငယ်တတ်ကျွမ်းပြောဆိုတတ်တဲ့ မုဆိုးချိကုဝနဲ့ အဲဒီမုဆိုးဟာ ဆက်ဆံရေးတွေ ပြေပြစ်ပြီး ညီအစ်ကိုလို ခင်မင်ရင်းနှီးခဲ့ကြတယ်။

"တိဗက်ဒေသမှာ မသိသူမရှိတဲ့ မုဆိုးဒေါင်လီဆိုတာ ကျွန်တော်ပေါ့ မုဆိုးကြီးရဲ့"

"ကျုပ်ကတော့ ဂျပန်မှာ အေးအေးဆေးဆေးနေပြီး နေရာစုံ တောစုံသွားပြီး တောလိုက်တောပစ်စားတဲ့ မုဆိုးချိကုဝပေါ့ဗျာ။ မိန်းမ မရှိဘူး။ သားသမီးတွေမရှိတဲ့ တစ်ကိုယ်တော်

မုဆိုးလုပ်စားနေတဲ့သူပေါ့''

ဂျပန်မုဆိုးချိုကုဝနှင့် တိဗက်မုဆိုးဒေါင်လီတို့နှစ်ဦးဟာ တစ်ဦးနှင့်တစ်ဦး အလွန်ခင်မင်ရာမှ မုဆိုးချိုကုဝက တိဗက်ကို လာရသည့်အကြောင်းရင်းကို မုဆိုးဒေါင်လီအား ပြောပြခဲ့သည်။

ခုဆို ဒေါင်လီက အသက်သခင်ဖြစ်သည့် မုဆိုးချိုကုဝအတွက် အလိုက်သိစွာဖြင့် သမင်ကောင်ကို ဖမ်းဆီးသတ်ပေးကာ လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။

ထိုမျှမကသေး မုဆိုးဒေါင်လီက မုဆိုးချိုကုဝအပြန်တွင် ဒဏ္ဍာရီလာ ဝံပုလွေခွေးမျိုးပေါက်လေးတစ်ကောင်ကို အမှတ်တရ လက်ဆောင်အဖြစ် ပေးခဲ့သည်။

''မိတ်ဆွေကြီးချိုကု . . . ခင်ဗျားမှာ မယားမရှိ သားသမီးလည်း မရှိနဲ့ နောင်အသက်ကြီးရင် ကူဖော်လောင်ဖက် တစ်ဦးတော့ လိုလိမ့်မယ်။ ခင်ဗျားအတွက် ကူဖော်လောင်ဖက်လေးအဖြစ် အင်မတန်ရှားပါးတဲ့ ဒဏ္ဍာရီဝံပုလွေခွေးမလေး တစ်ကောင်ကို ညီရင်းပမာ ယိုင်းပင်းစိတ်နဲ့ လက်ဆောင်ပေးပါတယ်''

ချိုကုဝသည် မီးခိုးရောင်အမွေးထူထူနှင့် ချစ်စဖွယ်





ကောင်းသော ဝံပုလွေခွေးပေါက်လေးကို လှမ်းယူပွေ့လိုက်သည်။

မုဆိုးဒေါင်လီက မုဆိုးချိုကုဝကို မှာကြားခဲ့သည်။

''မိတ်ဆွေကြီးချိုကု . . . ဒဏ္ဍာရီဝံပုလွေတွေရဲ့ အသွေးအမွေးအရောင်တွေဟာ ရာသီဥတုနဲ့ အခြေအနေအချိန်အခါ အလိုက် ပြောင်းလဲတတ်ကြတယ်။ သူတို့ဟာ အသက် ဆယ်နှစ်ကျော်လာလို့ အရွယ်ရောက်လာရင် လူလို ဖန်ဆင်းနေနိုင်ကြတယ်။ လူတွေရဲ့ အလုပ်တွေကိုလည်း ကောင်းကောင်းလုပ်ပေးနိုင်ကြတယ်။ ဒါကြောင့်မို့ ဒီရှားပါးတဲ့ ဒဏ္ဍာရီဝံပုလွေပေါက်လေးကို ခင်ဗျားသားသမီးလေးလို သေချာမွေးမြူပြီး လေ့ကျင့်ပျိုးထောင် သင်ကြားပေးလိုက်ရင် ခင်ဗျားတောလိုက်တဲ့အခါမှာလည်း အသုံးဝင်သလို အသက်ကြီးလာရင် ခင်ဗျားအတွက် ကူဖော်လောင်ဖက် သားသမီးလို အားကိုးရတာ တွေ့ရလိမ့်မယ်။ သူ့ကို လူတွေစားသလို ကျက်ပြီးသားအသားဟင်းတွေနဲ့ ထမင်းကိုသာ ကောင်းကောင်းကျွေးပေးရင် ရပါပြီ။ သားစိမ်းငါးစိမ်းတွေ မကျွေးမိစေနဲ့။ သူ အရွယ်မရောက်မချင်းအထိပေါ့''

''အရွယ်မရောက်ခင် အသားစိမ်းတွေ သူစားမိတော့ ဘာဖြစ်သွားမှာမို့လဲ ဒေါင်လီ''

"ဒဏ္ဍာရီဝံပုလွေတွေဟာ ဆယ်နှစ်မပြည့်ခင် သားစိမ်းတွေ စားလိုက်ရင် အရွယ်ရောက်လာတဲ့အခါ လူဖန်ဆင်းလို့မရတော့ဘူး။ ဒါကြောင့် ဒီဒဏ္ဍာရီဝံပုလွေမလေး အရွယ်ရောက်ရင် လူဖန်ဆင်းပြီး နေနိုင်အောင် သူ့ကို သေချာစောင့်ရှောက်ကျွေးမွေးပေးပါ မိတ်ဆွေကြီးချိုကု။ ဒါမှလည်း ခင်ဗျားအသက်ကြီးလာလို့ မလုပ်နိုင်မကိုင်နိုင်လာတဲ့အခါ သူက လူဖန်ဆင်းပြီး ခင်ဗျားကို ဖခင်အမှတ်နဲ့ သူက ကျွေးမွေးစောင့်ရှောက်ပေးပါလိမ့်မယ်"

"ကောင်းပါပြီ မိတ်ဆွေဒေါင်လီ" ဟု ချိုကုဝက ပြောကာ နှုတ်ဆက်၍ ဂျပန်သို့ပြန်သွားခဲ့လေသည်။

❄

မုဆိုးချိုကုဝဟာ သူနှင့်ပါလာသော ဒဏ္ဍာရီဝံပုလွေလေးကို မိချိုနာလို့ အမည်ပေးခဲ့ပါသည်။ ဇနီးမယားမရှိရှာသည့် (မု)ဆိုးချိုကုဝဟာ မိချိုနာလေးကို သမီးရင်းပမာ ချစ်ခင်ကြင်နာစွာ(ဖ)ြင့် ကျွေးမွေးစောင့်ရှောက်ပေးခဲ့ပါသည်။ မိချိုနာဝံပုလွေမလေး(က)လည်း ချိုကုဝကို အလွန်ခင်တွယ်ရှာသည်။ ချိုကုဝ အမဲလိုက်(သ)ွားရာ တောထဲသို့ တကောက်ကောက်လိုက်ကာ အမဲလိုက်ကူ(ည)ီးတတ်သည်။ မိချိုနာသည် သမင်သား၊ ဒရယ်သားများကို (အ)လွန်နှစ်သက်စွာ စားသုံးသည်။ ထို့ကြောင့် ချိုကုဝမုဆိုးက

ခု နစ် စဉ် ကြယ် တာ ပေ

သူ့သမီး မိချိုနာဝံပုလွေမလေးအတွက် မကြာခဏဆိုသလို သမင်နှင့်ဒရယ်သားကောင်တို့ကို အဓိကထား၍ အမဲပစ်တောလိုက်ခဲ့သည်။

"ငါ့သမီးမိချိုနာအတွက် အဖေ ဒီနေ့လည်း သမင်တစ်ကောင်ရအောင် ပစ်ပေးမယ်"

"ဝုတ် ဝုတ်"

မိချိုနာဝံပုလွေမလေးကလည်း ပျော်ရွှင်စွာဟောင်၍ ဖခင် မုဆိုးချိုကုဝနောက်သို့ မြူးတူးစွာ ခုန်ဆွခုန်ဆွနှင့် ပြေးလိုက်ရှာသည်။

သားကောင်ရ၍ ပြန်လာလျှင် ဖခင်ချိုကုဝမုဆိုးက မိချိုနာ ကြိုက်တတ်သော သမင်သားများကို စားချင်စဖွယ် သေချာချက်ပြုတ်၍ သမီးသဖွယ် ချစ်ရသော မိချိုနာကို ဦးစွာကျွေးမွေးပေးခဲ့သည်။

ဒီလိုနှင့် မိချိုနာ အသက်ရှစ်နှစ်အရွယ်ရောက်လာချိန်တွင် သမင်၊ ဒရယ်များ ပေါများစွာရှိတတ်သော ဟိမဝန္တာတောဘက်သို့ မုဆိုး ချိုကုဝနှင့် မိချိုနာဝံပုလွေမလေးတို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။





မုဆိုးချိုကုဝ အသက် (၇၅) နှစ်အရွယ်တွင် မိချိုနာဝံပုလွေမလေးသည် အသက် (၁၂) နှစ်ပင်ရှိနေပေပြီ။

တစ်နေ့တွင် မုဆိုးချိုကုဝဟာ တောပစ်အမဲလိုက်ရာ မတော်တဆ ခြေထောက်ငုပ်စူးမိခဲ့သည်။ ထိုငုပ်စူးမိသော ဒဏ်ရာကြောင့် ချိုကုဝသည် အပြင်းဖျား၍ အိပ်ရာထဲ လဲနေရလေသည်။

အိပ်ရာထဲမှ မထနိုင်ရှာသော ချိုကုဝက မိချိုနာကိုခေါ်၍

"မိချိုနာ ... အဖေ ငုပ်စူးမိလို့ ဒီနေ့တော့ အမဲပစ်သွားနိုင်တော့ဘူး။ တို့သားအဖစားဖို့အတွက် သားကောင်တစ်ကောင် ရအောင် ငါ့သမီး တောလိုက်သွားချေတော့"

"ဝုတ် ဝုတ် ဝုတ်"

မိချိုနာသည် ငုပ်စူးမိ၍ဖျားကာ အိပ်ရာမှမထနိုင်ရှာသော ဖခင်ချိုကုဝကို စိတ်မကောင်းစွာကြည့်လိုက်ပြီး သုံးကြိမ်ဟောင်၍ သားကောင်ရှာရန် ပြေးထွက်သွားခဲ့လေသည်။

ဖခင်နှင့်မကြာခဏလိုက်၍ အမဲပစ်ချောင်းခဲ့သော ရေအိုင်စပ်နားဘက်သို့ မိချိုနာဝံပုလွေမလေးက အသင့်နေရာယူ၍ ပုန်းကွယ်ကာ ရေသောက်ဆင်းလာကြမည့် သားကောင်များကို

ချောင်းမြောင်းကိုက်သတ်ရန် စောင့်ကြည့်နေသည်။

နေစောင်းချိန် ညနေလောက်တွင် သမင်မလေး သုံးကောင် ရေသောက်ဆင်းလာကြသည်။ သမင်သုံးကောင်ထဲ အကြီးဆုံးသောသမင်ကို မိချိုနာကရွေး၍ လျင်မြန်စွာသော လေအဟုန်တို့ဖြင့် ခုန်အုပ်ကိုက်သတ်၍ ဖမ်းဆီးခဲ့လေသည်။

ကိုက်သတ်ရရှိခဲ့သော သမင်သားကောင်ကို မိချိုနာဝံပုလွေမလေးက နေထိုင်ရာ တဲအိမ်ဘက်ဆီသို့ တရွတ်တိုက် ကိုက်ချီဆွဲလာသည်။ မိချိုနာပြန်လာချိန်မှာ အနည်းငယ်ပင် မိုးမှောင်၍ မိုးချုပ်နေပေပြီ။ လပြည့်ညမို့ ဝင်းဖန့်ဖန့်အရောင်လေးဖြင့် ပြည့်ပြည့်ဝန်းဝန်း လကထွက်ပေါ်နေပြီ။

မိချိုနာဝံပုလွေမလေးသည် သားကောင်ကိုချီထားရင်း အမှတ်တမဲ့နှင့် လကို မော့ကြည့်လိုက်သည်။ ရုတ်တရက် သူမစိတ်ထဲ ဖိန်းဖိန်းရှိန်းရှိန်း ဖြစ်သွားကာ သူမ၏နှလုံးသားများ တလှပ်လှပ်နှင့် အခုန်မြန်လာကာ အလွန်အူမြူးရွှင်မြူးလာလေသည်။ ထို့ကြောင့် ကိုက်ချီလာသော သားကောင်ကိုအသာချ၍ မိချိုနာဝံပုလွေမလေးသည် လကိုကြည့်၍ ဟောင်လိုက် အူလိုက်လုပ်နေသည်။ အတန်ကြာပြုလုပ်သွားပြီးနောက် မိချိုနာသည်





သကိုကြည့်၍ ငြိမ်သက်သွားသည်။

သူမသည် လမင်းကြီးကို ငြိမ်းအေးသော၊ ကြည်နူးသော ဝတ်တို့ဖြင့် ငေးမောကြည့်နေစဉ်အတွင်း ဝံပုလွေဦးခေါင်းပိုင်းသည် တဖြည်းဖြည်းနှင့် ချောမောပြေပြစ်သော လူမိန်းကလေး မျက်နှာသို့ ပြောင်းလဲလာသည်။ ထို့အတူ ဝံပုလွေခြေထောက်တို့သည်လည်း လူ့ခြေ လူ့လက်များအဖြစ်သို့ ပြောင်းလဲကာ အမြီးသည် ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ မိချိုနာသည် ချောမောပြေပြစ်လှသော လူသားမိန်းကလေးအသွင်သို့ ပြောင်းလဲသွားခဲ့လေသည်။

ထို့နောက် သူမသည် ဖခင်ချီကုဝ မကြာခဏဖွင့်၍ နားထောင်တတ်သော ဂျပန်သီချင်းတစ်ပုဒ်ဖြစ်သော ‘ချယ်ရီပန်းလေးနှင့်မင်း’ ဟူသော သီချင်းလေးကို သူမက ပျော်ရွှင်စွာ သီဆိုရင်း သားကောင်ကို ကောက်ချီမ၍ ပြန်လာသည်။

♬ ချယ်ရီပန်းလေးနှင့်မင်းကို အမှတ်တမဲ့ ချယ်ရီပင်အောက်မှာ ကိုယ်တွေ့ခဲ့ရတယ် ××× ချယ်ရီပန်းလေးထက် သုရက်နိုင်လွန်းသူရယ် ××× ကိုယ့်အသည်းထဲ စွဲငြိသွားရပြီကွယ် ××× ဒါပေမဲ့ မင်းအခု ဘယ်မှာများလဲကွယ် ××× တိုကျိုမှာလား

နာဂိုယာကလား ကိုယ်နဲ့အောင် ရှာဖွေလည်း မတွေ့ရပါကွယ် ××× ချယ်ရီပန်းလေးနှင့်မင်းကို နောက်တစ်ခေါက် ထပ်မြင်ချင်သေးလို့ ချယ်ရီပွင့်တိုင်း ချယ်ရီပင်အောက် ကိုယ်လာလာရှာမိတော့တယ် အချစ်ရယ် ××× ♫

မိမိနေထိုင်ရာ တဲအိမ်သို့ရောက်သော် မိချိုနာသည် ဖခင် ချိုကုဝလုပ်သကဲ့သို့ ဓားတစ်ချောင်းယူ၍ သမင်သားကောင်ကို ဖျက်လိုက်သည်။ သမင်သားများကို အမြှောင်းလိုက် ခပ်ရှည်ရှည် လှီး၍ မီးဖိုကျပ်စင်ပေါ်သို့ ပစ်တင်ထားခဲ့သည်။ အသားအချို့ကို အိုးတစ်လုံးထဲသို့ထည့်ကာ မီးဖို၌ ချက်ပြုတ်ခဲ့လေသည်။

အတန်ကြာချက်ပြုတ်ပြီးနောက် ပန်းကန်လုံးထဲသို့ သမင်စွပ်ပြုတ်သားများကိုထည့်၍ အိပ်ရာထဲလှဲနေသော ဖခင်ချိုကုဝဆီသို့ မိချိုနာ လာခဲ့သည်။

မိချိုနာက ဂျပန်လို –

"အဖေ... သမင်သားစွပ်ပြုတ်ကို ထပြီးသောက်ပါဦး"

ငုပ်ရုံး၍ ဖျားနေသော ဖခင်ချိုကုဝသည် အိပ်ရာထဲမှ မိချိုနာကို မျက်လုံးအသာဖွင့်၍ ကြည့်လိုက်သည်။





"မင်းက ဘယ်သူလဲကွယ်"

"အဖေ့သမီး ဝံပုလွေမလေး မိချိုနာပါ"

အိပ်ရာထဲမှ ဖခင်ချိုကုဝသည် အလွန်အံ့သြသွားပြီး မိချိုနာကို အတန်ကြာ မင်သက်ငေးမောကြည့်နေသည်။

"ဒဏ္ဍာရီဝံပုလွေ့တွေဟာ အရွယ်ရောက်လာရင် လူလိုပြောင်းလဲလာတတ်တယ်လို့ အဖေကြားဖူးခဲ့တာ တကယ်ပဲကိုး။ ဩော် ... ငါ့သမီး မိချိုနာလည်း အရွယ်ရောက်လို့ လူလိုပြောင်းလဲလာပြီ။ အဖေဝမ်းသာလိုက်တာ သမီးရယ်" ဟုပြီးကာ သမီးဖြစ်သူ မိချိုနာကို သေချာကြည့်လိုက်သည်။

"ငါ့သမီး မိချိုနာအတွက် အဝတ်အစားတွေ မြို့တက်ပြီး အဖေနေကောင်းတဲ့နေ့မှာ လိုက်ဝယ်ပေးမယ်။ အခု လောလောဆယ်တော့ အဖေ့ရဲ့အဝတ်အစားတွေ ယူဝတ်ထားလိုက်ဦး"

"ကောင်းပါပြီ အဖေ"

ဖခင်မုဆိုးကြီးချိုကုဝသည် လူသားမိန်းကလေးအသွင်သို့ ပြောင်းလဲလာသော သမီးဖြစ်သူ မိချိုနာကို အမဲမလိုက်သောနေ့များတွင် ဂျပန်စာများနှင့် ဂျပန်ရိုးရာ ယဉ်ကျေးမှုများကို သေချာ

သင်ကြားပေးခဲ့သည်။ ထို့မျှမကသေး ဂျပန်ဓားသိုင်းကင်ဒိုပညာရပ်များကို လေ့ကျင့်သင်ကြားပေးခဲ့သည်။

ဤသို့ဖြင့် မုဆိုးကြီးချိုကုဝနှင့် မိချိုနာဝံပုလွေမလေးတို့သည် သားအဖအရင်းပမာ သံယောဇဉ်ကြီးစွာဖြင့် တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီကာ ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင်နှင့် ဟိမဝန္တာတောထဲ နှစ်ပေါင်းအတော်ကြာ နေထိုင်ခဲ့ကြသည်။

တစ်နေ့တွင် မုဆိုးကြီးချိုကုဝနှင့် မိချိုနာတို့သားအဖသည် ဟိမဝန္တာတောထဲ အမဲပစ်တောလိုက်ရာ မိုးရွာလာသဖြင့် အနီးအနား လိုဏ်ဂူကြီးတစ်ခုသို့ ဝင်၍ မိုးခိုလိုက်ကြသည်။

လိုဏ်ဂူကြီးထဲတွင် တရားထိုင်၍ ရှာန်ဝင်စားနေသော ရဟန်းဘုန်းကြီးအိုတစ်ပါးကို ချိုကုဝတို့သားအဖ တွေ့မြင်ခဲ့ရာ ကြည်ညိုစရာအဆင်းတို့ဖြင့် ပြည့်စုံလှသဖြင့် ချိုကုဝက ရိုသေလေးစားစွာ ကန်တော့ခဲ့သည်။

“ဒီရဟန်းဘုန်းကြီးက ဗုဒ္ဓဘုရားရဲ့သားတပည့်တစ်ဦးဖြစ်လို့ ကန်တော့ပူဇော်သင့်တယ် သမီးရဲ့။ အဖေ ကန်တော့သလို ကန်တော့လိုက်ပါ”

“ကောင်းပါပြီ အဖေ” …ဟု မိချိုနာက ရိုသေစွာ





ရဟန်းအား ကန်တော့ခဲ့သည်။

ရှာန်ဝင်စားနေသော ရဟန်းဘုန်းကြီးသည် ရှာန်အင်္ဂါများကို အသာရုပ်သိမ်းကာ မျက်စိဖွင့်လာသည်။ မိမိရှေ့တွင် မြင်ရသော သားအဖနှစ်ဦးအား မေးခဲ့သည်။

“ဒကာကြီးတို့သားအဖ ဘယ်ကနေ လာကြတာလဲ”

မုဆိုးချိုကုဝက ဂျပန်လိုပြော၍ ဖြေရာ –

“ဩော် ဒကာတို့က ဂျပန်လူမျိုးကိုး။ ဘုန်းကြီး ဂျပန်စကားနဲ့ပြောပေးပါ့မယ်” ဟု ရဟန်းဘုန်းကြီးအိုက ဂျပန်စကားဖြင့် ပြန်လည်မေးမြန်းပြောဆိုပေးခဲ့သည်။

မုဆိုးကြီးချိုကုဝတို့သားအဖနှင့် ရဟန်းအိုတို့သည် မထင်မှတ်ဘဲ တွေ့ဆုံခင်မင်ခဲ့ရာမှ မုဆိုးကြီးချိုကုဝတို့သားအဖက ရဟန်းအိုအတွက် နေ့စဉ် ဆွမ်းဒကာအဖြစ် ချက်ပြုတ်လှူဒါန်းပေးခဲ့ကြသည်။

ရဟန်းအိုအတွက် ဆွမ်းထမင်းဟင်းများကို သမီးဖြစ်သူ မိချိုနာက အမြဲလိုလို လာရောက်ပို့ပေးခဲ့သည်။ လပြည့်လကွယ်နေ့များတွင် သမီးမလာနိုင်သဖြင့် ဖခင် ချိုကုဝကိုယ်တိုင် လာရောက်ပို့ပေးခဲ့သည်။

ရဟန်းအိုသည် အသက်အရွယ် အိုမင်းမစွမ်းဖြစ်လာသလို အတော်မကျန်းမမာ ဖြစ်လာခဲ့လေသည်။ ချိုကုဝတို့ သားအဖက ဂရုတစိုက်နှင့် ရဟန်းအိုအား အနီးကပ်ပြုစုစောင့်ရှောက်ပေးရသည်အထိ ကျန်းမာရေးမှာ တစ်နေ့တခြား ဆိုးရွားလာခဲ့သည်။

"ဒကာကြီးတို့သားအဖ ဘုန်းကြီးအနား ခဏလာကြပါဦး"

ဟု ချိုကုဝတို့သားအဖအား တုန်တုန်ချိချိဖြင့် ခေါ်ရင်း သိမ်းထားသော ယွန်းဘူးအနက်ကို ထုတ်ယူလိုက်သည်။

ဘုန်းကြီးအနားသို့ရောက်လာသော ချိုကုဝသားအဖအား

"ဒကာကြီး၊ ဘုန်းကြီးကတော့ ရဟန်းကိစ္စ မပြီးမြောက်မီ ဘဝတစ်ပါးသို့ ကူးပြောင်းရတော့မယ်။ ဘုန်းကြီးမသေခင် မှာစရာရှိတာ မှာပြီး ပေးစရာရှိတာ ပေးခဲ့ပါရစေ။

ဒီယွန်းဘူးထဲက ဓာတ်လုံးဟာ အသက်ဓာတ်အားကို ပေးနိုင်ရုံမကဘူး စိတ်စွမ်းအင်မြှင့်တင်ရေးအတွက်ပါ အသုံးဝင်တယ်။ ဒီပစ္စည်းကို ဒကာကြီးတို့သားအဖကို ဘုန်းကြီး အမွေအဖြစ် ပေးခဲ့ပါတယ်။ ဒီဓာတ်လုံးကို မသမာသူတွေလက်ထဲ





တော့ မရောက်ပါစေနဲ့။ ဘုန်းကြီးအတွက် ဆွမ်းကိစ္စနဲ့ အထွေထွေကိစ္စတွေ ပြုလုပ်ပေးခဲ့တဲ့အတွက် ဒကာကြီးတို့သားအဖကို အလွန်ကျေးဇူးတင်ပါတယ်။

ဘုန်းကြီးအတွက်နဲ့ ဒကာကြီးတို့သားအဖအပေါ် အနှောင့်အယှက်တွေ ရှိခဲ့ရင်လည်း ဘုန်းကြီးကို သည်းခံပေးကြပါ။ ဘုန်းကြီးမရှိတော့တဲ့အခါမှာလည်း ဘုန်းကြီးဟောခဲ့တဲ့ တရားတွေကို နှလုံးသွင်းပြီး ဘုရားတရားကို ဆက်လက်ကိုးကွယ်ပူဇော်ကြပါ။

တကယ်တော့ ဒကာကြီးတို့သားအဖဟာ ဒီဘဝမှ အကြောင်းအမျိုးမျိုးနဲ့ သားအဖတော်ခဲ့ကြတာ မဟုတ်ဘူး။ လွန်ခဲ့တဲ့ ဘဝတစ်ခုကတည်းက သားအဖအရင်းအချာကို တော်စပ်ခဲ့ကြတာ။ ဒီလိုပါပဲ ဘုန်းကြီးနဲ့ဒကာကြီးတို့သားအဖနဲ့လည်း ဘဝဟောင်းက ဆွေမျိုးသားချင်းတွေ တော်စပ်ခဲ့ကြလို့ ဘုန်းကြီးနဲ့ ကြုံကြိုက်ဖန်ဆုံခဲ့ရတာပါပဲကွယ်။

နိဗ္ဗာန်မရောက်မချင်း သံသရာမှာ ကျင်လည်ရဦးမှာမို့ ဘုန်းကြီးမရှိတော့ရင်လည်း ဝမ်းနည်းမနေပါနဲ့ကွယ်။ နောင်သံသရာဘဝတစ်ခုခုမှာ ဒကာကြီးတို့သားအဖနဲ့ ဘုန်းကြီး ထပ်ဆုံ

ခု နစ် စဉ် ကြယ် စာ ပေ

တွေ့ရဦးမှာပါ” ဟု ရဟန်းအိုက ခဏ နားလိုက်ပြီး ဓာတ်လုံး အသုံးပြုပုံ၊ အသုံးပြုနည်း လျှို့ဝှက်ချက်နှင့် ဓာတ်လုံးမှ စွမ်းအင်သုံးမျိုး ထုတ်ယူအသုံးပြုပုံကို သင်ကြားပြောပြပြီး ပျံလွန်တော်မူခဲ့ရှာလေသည်။

ချိုကုဝတို့သားအဖနှစ်ဦးသည် ဆယ်နှစ်တာမျှ ဆွမ်းကပ်ခြင်းနှင့် ဝေယျာဝစ္စအဝဝတို့ဖြင့် ပြုစုလုပ်ကျွေးခဲ့သော ရဟန်းအိုကို ကြည်ညိုလေးစားသလို သံယောဇဉ်လည်း ဖြစ်ခဲ့ရသည်။ ရဟန်းအို ပျံလွန်တော်မူခဲ့လေပြီမို့ ချိုကုဝတို့သားအဖနှစ်ဦး အလွန်ဝမ်းနည်း၍ ငိုနေမိသည်။

“ဘုန်းဘုန်းမရှိတော့ တပည့်တော်တို့သားအဖ ဘယ်သူ့ဆီမှာ တရားသွားနာရမှာလဲ ... အဟင့် ဟင့် ဟီး။

ဆွမ်းထမင်းတွေလည်း ဘယ်တော့မှ မပို့ရတော့ဘူး။ ဘယ်တော့မှလည်း ဘုန်းကြီးကို တို့သားအဖ မတွေ့ရတော့ဘူး သမီးရယ်။ အဖေ တအားဝမ်းနည်းတာပဲကွာ။ အဟင့် ဟင့်”

“အဖေ့လိုပါပဲ ... အဟင့် ဟင့်”

ချိုကုဝနှင့် မိချိုနာတို့ သားအဖနှစ်ဦးသည် ရဟန်းအိုအား သေချာစွာ မီးသင်္ဂြိုဟ်၍ အရိုးများကို ညောင်ပင်ကြီးအနားတွင်





မြှုပ်နှံကာ ပြာများကို စမ်းချောင်းလေးထဲတွင် ဆုတောင်း၍ မျှောချပေးခဲ့သည်။

မုဆိုးကြီးချိုကုဝနှင့် မိချိုနာတို့ သားအဖနှစ်ဦးသည် ဟိမဝန္တာတောတွင် ဆက်လက်နေထိုင်ခဲ့ကြသည်။ တဖြည်းဖြည်းနှင့် မုဆိုးအလုပ်ကို မလုပ်နိုင်တော့ပေ။ သမီးဖြစ်သူ မိချိုနာကိုယ်တိုင်ကပင် အမဲသားကောင်များ ရှာဖွေတောလိုက်၍ ဖခင်ချိုကုဝအား ကျွေးမွေးပြုစုပေးခဲ့သည်။ မိမိအပေါ် အလွန်ကောင်းကာ ကျွေးမွေးပြုစုပေးသော သမီးမိချိုနာကိုကြည့်၍ ပျော်မဆုံး၊ ကျေနပ်လို့မဆုံး၊ ကြည်နူးမဆုံး ချိုကုဝ ဖြစ်ခဲ့ရသည်။

တစ်နေ့တွင် အမဲလိုက်ထွက်လာသော မိချိုနာသည် သူမလို အမဲလိုက်နေသော အမျိုးနွယ်တူ ဒဏ္ဍာရီဝံပုလွေ တစ်ကောင်နှင့် တောထဲ တွေ့ဆုံခဲ့ကြသည်။ လူလိုဖန်ဆင်း၍ နေထိုင်သော မိချိုနာကို မြင်မြင်ချင်းနှစ်သက်သဖြင့် မိချိုနာအတွက် အမဲသားကောင်များ ထိုဒဏ္ဍာရီဝံပုလွေက မကြာခဏ အမဲလိုက်ကူပေးခဲ့သည်။

ထိုဒဏ္ဍာရီဝံပုလွေ၏အမည်မှာ ဂျောင်ဂျောင်းဟုအမည်တွင်ကာ ဒဏ္ဍာရီဝံပုလွေမျိုးနွယ်စုကို အုပ်ချုပ်မင်းလုပ်နေသော

သူလည်းဖြစ်သည်။ ချောမောသော ဂျောင်ဂျောင်းကို မိချိုနာက လည်း နှစ်သက်သဘောကျခဲ့သည်။ မကြာမီအချိန်တွင် အမျိုး နွယ်ချင်းလည်းတူသော ဂျောင်ဂျောင်းနှင့် မိချိုနာတို့သည် သိပ် ချစ်ကြသော ချစ်သူများဖြစ်လာခဲ့လေသည်။

ဂျောင်ဂျောင်းက ချစ်သူဖြစ်သော မိချိုနာကိုလက်ထပ်ပြီး နေထိုင်ရာ မျိုးနွယ်စုများရှိရာသို့ တစ်ခါတည်း ခေါ်သွားလိုသည်။

ထိုအခါ မိချိုနာက –

"မောင်နဲ့လက်ထပ်ပြီး မခွဲမခွာ အတူနေချင်ပါတယ်။ ဒါပေမဲ့ မိချိုငယ်စဉ်ကတည်းကနေ အရွယ်ရောက်ပြီး ကြီးပြင်းလာ တဲ့အထိ မေတ္တာတရားကြီးမားစွာနဲ့ ကျွေးမွေးပြုစုစောင့်ရှောက် ပေးခဲ့တဲ့ လူသားဖခင်အိုကြီးရှိသေးတယ်။ အခုဆို အသက် အတော်ကြီးလို့ ဘာမှ မလုပ်နိုင်၊ မကိုင်နိုင်ဖြစ်နေရှာလို့ မိချိုကပဲ အဖေ့ကို အမဲလိုက်ပြီး ချက်ပြုတ်ကျွေးမွေးပြုစုပေးနေရတယ်။ မျိုးနွယ်စုတွေရှိတဲ့နေရာကို အဖေ့ကို ခေါ်သွားလို့မဖြစ်ဘူး။ သူ့ အတွက် အန္တရာယ်ရှိနိုင်တယ်။ မခေါ်ဘဲ ဒီတောထဲကအိမ်မှာ ပစ်ထားလို့လည်း မဖြစ်ပြန်ဘူး။ ဒါကြောင့်မို့ ... ကျေးဇူးရှင် ဖခင်ကို အနီးကပ်ကျွေးမွေးပြုစုပေးရဦးမှာမို့ မိချိုနဲ့ စတင်





ဘက်ထပ်ဖို့ကိစ္စကို ခဏလောက် သည်းခံပြီး စောင့်ပေးပါ မောင်"

"မင်းလေးကို အသည်းနှင့်အောင် ချစ်မိတော့လည်း မောင် အလျှော့ပေးပြီး စောင့်ပါ့မယ် အချစ်ရယ်"

တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်မှုနှင့် ချစ်ခဲ့ ကြပေ၍ ဂျောင်ဂျောင်းနှင့်မိချိုနာသည် ဖခင်မှဆိုးကြီးချိုကုဝ သေဆုံးသွားသောအခါမှ နှစ်ဦးသားလက်ထပ်ကာ မျိုးနွယ်စုများ ရှိရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

ဖခင်ချိုကုဝပေးခဲ့သော အမွေပစ္စည်းတစ်ခုဖြစ်သည့် မှော်ဓာတ်လုံးကို မိချိုနာက ဒဏ္ဍာရီဝံပုလွေမျိုးနွယ်စုများဆီသို့ ယူလာကာ အသက်ဓာတ်အား စွမ်းအားဖြစ်စေ၍ အသက်ရှည် စေရန် ရေကန်ငယ်တစ်ခုကို တည်ဆောက်ပြီး ထိုရေကန်ထဲ မှော်ဓာတ်လုံးကို ချေတွာမျှစိမ်၍ တစ်နှစ်တစ်ခါ ဒဏ္ဍာရီဝံပုလွေ များ အားလုံးကို သောက်သုံးစေ၍ အသက်ရှည်စေခဲ့သည်။

တစ်နေ့တွင် အကြီးသမားဂိုဏ်းဆရာ မုဆိုးလက်ချက် ကြောင့် ဒဏ္ဍာရီဝံပုလွေဘုရင် ဂျောင်ဂျောင်းသည် သေဆုံးခဲ့ရ ရှာသည်။

ထိုအချိန်တွင် ဂျောင်ဂျောင်းနှင့် မိချိနာတို့တွင် ချစ်စဖွယ်သမီးလေး 'ဆာဆာ' ဟူသော ဝံပုလွေပေါက်လေး တစ်ကောင်ပင် ရှိနေပြီဖြစ်သည်။ ခင်ပွန်းသေဆုံးသွားပြီးနောက် မိချိနာကလည်း ဒဏ္ဍာရီဝံပုလွေများကို အုပ်ချုပ်စီမံခဲ့လေသည်။

သမီးဖြစ်သူ ဆာဆာအရွယ်ရောက်လာသောအခါ ဂျပန်ယဉ်ကျေးမှုနှင့် ဂျပန်စာများကို သင်ကြားပေးခဲ့သည်။ အ[illegible]ဦးဖြစ်သူ၏ ကင်ဒိုဓားသိုင်းပညာရပ်များကိုလည်း လေ့ကျင့်သင်ကြားပေးခဲ့သည်။ ထို့ပြင် ဓာတ်လုံးမှ စွမ်းအင်သုံးမျိုး ထုတ်သုံးပုံနှင့် လျှို့ဝှက်ချက်များကို မိချိနာက သမီးဖြစ်သူအား သင်ကြားပေးခဲ့သည်။

အသက်အရွယ်ကြီးလာသော မိချိနာသည် သမီးဖြစ်သူ ဆာဆာအား ဘုရင်မအရိုက်အရာလွှဲပေးကာ ဝံပုလွေမျိုးနွယ်စုတို့အား အုပ်ချုပ်စီမံစေခဲ့သည်။ သူမကတော့ သီးသန့်ဂူကြီးထဲတွင် ဘုရားတရား ဘာသာရေးကိစ္စများကိုသာ ပြုလုပ်၍ တစ်ဦးတည်း နေထိုင်ခဲ့လေသည်။

ဒီလိုနဲ့ ဒဏ္ဍာရီဝံပုလွေမျိုးနွယ်များကို ဆာဆာဟာ ဘုရင်မအဖြစ်နှင့် အုပ်ချုပ်ပြီး နှစ်ပေါင်းတစ်ရာကျော်မှာ ဒဏ္ဍာရီ





ဝံပုလွေတို့ အထွတ်အမြတ်ထားသော မှော်ဓာတ်လုံးကို လူပြည်မှ လူသားတစ်ဦးဟာ ခိုးယူသွားခဲ့ပါတယ်။

ဒဏ္ဍာရီဝံပုလွေတို့အတွက် အသက်ရှည်ရှင်သန်နေထိုင်ဖို့ရာ မှော်ဓာတ်လုံးက အရေးပါလှတာကြောင့် ဓာတ်လုံးအခိုးခံရတော့ ဝံပုလွေမျိုးနွယ်စုအားလုံးကို အလွန်ထိတ်လန့် တုန်လှုပ်စေခဲ့ပါတယ်။ ဒါကြောင့် ဆာဆာဘုရင်မကိုယ်တိုင် လူပြည်လူ့ရွာကို သွားပြီး ဓာတ်လုံးသူခိုးကို စုံစမ်းရှာဖွေဖို့ ထွက်လာခဲ့ပါတယ်။

ပထမဆုံး သံသယဝင်နေတဲ့ ဂျပန်နိုင်ငံကို ဆာဆာဟာ လာရောက်နေထိုင်ရင်း စုံစမ်းခဲ့တယ်။ တစ်ခုသောနေ့တစ်နေ့မှာတော့ ဆာဆာဟာ လူဆိုးလူမိုက်တွေလက်ထဲ ကျရောက်ခဲ့ရပါတယ်။ ဒီလို အသက်ဘေး၊ အရှက်ဘေးအန္တရာယ်နဲ့ တွေ့ကြုံနေစဉ်မှာ အင်မတန် ယောကျ်ားပီသပြီး ခန့်ညားတဲ့ အမျိုးသားတစ်ဦးက လူဆိုးလူမိုက်တွေကို သုတ်သင်ရှင်းလင်းဖယ်ရှားပြီး ဆာဆာကို ကယ်တင်ပေးခဲ့တယ်။

သတ္တိရှိပြီး ခန့်ညားတဲ့ အသက်သခင်ကျေးဇူးရှင် လူရွယ်ဟာ ချောမောလှတဲ့ဆာဆာကို မြင်မြင်ချင်း နှစ်သက်မြတ်နိုးမိခဲ့သတဲ့။ ဒါကြောင့် ဆာဆာကို တစ်နေ့မှာ ချစ်ခွင့်ပန်ခဲ့တယ်။

မိမိရဲ့အရေးကိစ္စမှန်သမျှကို နေ့မဆိုင်း ညမဆိုင်း မညည်းမညူ

ဆောင်ရွက်ပေးခဲ့တဲ့ ခန့်ညားတဲ့လူရွယ်ကို မချစ်ပေမယ့်လည်း အလွန်သတ္တိရှိပြီး အားကိုးစိတ်ချရတာကတစ်ကြောင်း၊ အသက်သခင်ကျေးဇူးရှင် ဖြစ်တာကတစ်ကြောင်း၊ ဓာတ်လုံး ရှာဖွေဖို့ကိစ္စမှာ အကူအညီလိုသေးတာမို့ အကြောင်းကြောင်းတို့ကြောင့် ဆာဆာဟာ အဲဒီခန့်ညားပြီး သတ္တိရှိတဲ့ လူရွယ်ကို ချစ်တဲ့ပြန်ပြီး ချစ်သူအဖြစ် လက်ခံခဲ့တယ်။ ဒီလိုနဲ့ ဆာဆာဟာ ဓာတ်လုံးကို အဲဒီချစ်သူလူရွယ်ကို တိတ်တဆိတ် စုံစမ်းရှာဖွေခိုင်းခဲ့တယ်။

ဆာဆာဟာ လူတို့စီးပွားကိစ္စကို အကြောင်းပြလုပ်ကိုင်ရင်း တိုင်းပြည်တစ်ခုပြီးတစ်ခုသို့ စီးပွားကုန်သွယ်မှုနဲ့ သွားရောက်ကာ ဓာတ်လုံးသူခိုးကို စုံစမ်းခဲ့တယ်။

မမျှော်လင့်ဘဲ တိုင်းပြည်တစ်ခုမှာ ဆာဆာကို တစ်ဖက်သတ်နှစ်သက်နေတဲ့ ချောမောယဉ်ကျေးလှတဲ့ လူသားလူရွယ်တစ်ဦးရဲ့အကူအညီနဲ့ ဓာတ်လုံး သူခိုးရဲ့ သဲလွန်စကို ရရှိခဲ့တယ်။ ချောမောပြီး ယဉ်ကျေးတဲ့လူရွယ်ကလည်း ဆာဆာကို သိပ်ပြီး ချစ်တဲ့အကြောင်း ရင်ဖွင့်ပြောပြပြီး ချစ်ခွင့်ပန်ခဲ့တယ်။ ဒါနဲ့





ဆာဆာဟာ သူ့အကျိုးကို လိုလားစွာ ဆောင်ရွက်ပေးတဲ့အပြင် ချောမောပြီး ယဉ်ကျေးလှတဲ့ လူငယ်ကို မချစ်ပေမယ့်လည်း သူ့အကျိုး သူ့ကိစ္စမှာ အသုံးချချင်တာကြောင့် ချစ်သူအဖြစ် ချစ်ဟန်ဆောင်ပြီး လက်ခံခဲ့ပြန်တယ်။

တစ်နေ့မှာ ဆာဆာကို လွမ်းလွန်းလို့ ဂျပန်က ချစ်သူလူရွယ်ဟာ ဆာဆာရှိရာတိုင်းပြည်ကို လိုက်လာခဲ့တယ်။ အဲဒီတိုင်းပြည်မှာရှိတဲ့ ချောမောယဉ်ကျေးတဲ့ ချစ်သူလူရွယ်နဲ့ ဂျပန်က ချစ်သူလူရွယ်တို့နှစ်ဦးဟာ ဆုံမိကြပြီး ဆာဆာကို သူပိုင်သင့်တယ် ကိုယ်ပိုင်သင့်တယ်ဆိုပြီး လုကြတော့တာပါပဲ။

ဒါနဲ့ ဆာဆာဟာ ဓာတ်လုံးကို သူ့လက်ထဲရောက်အောင် လုပ်ပေးနိုင်တဲ့သူကို သူ့ခင်ပွန်းယောကျ်ားအဖြစ် ရွေးချယ်လက်ထပ်မယ်လို့ ပြောလိုက်တယ်။ အဲဒါနဲ့ ဆာဆာကိုနှစ်သက်ကြတဲ့ လူရွယ်နှစ်ယောက်ဟာ သူ့ထက်ငါအရင် ဓာတ်လုံးသူခိုးကို အသည်းအသန် စုံစမ်းရှာဖွေခဲ့ကြတယ်။ ဒါပေမဲ့ သူတို့နှစ်ဦးစလုံး ဓာတ်လုံးကို ရှာမတွေ့ခင်မှာ ဆာဆာက အရင်ရှာဖွေတွေ့သွားခဲ့တယ်တဲ့။

ဆာဆာရဲ့လက်ထဲ ဓာတ်လုံးရောက်လာပေမယ့်လည်း

လူရွယ်နှစ်ဦးဟာ သူပိုင်တယ် ငါပိုင်တယ်ဆိုပြီး ဆာဆာကို လုကြပြန်တယ်။ ဒါနဲ့ ဆာဆာက လပြည့်ညကို သူ့ဆီလာဖို့ သူ့ချစ်သူနှစ်ယောက်ကို ချိန်းခေါ်လိုက်တယ်။

ဒီလိုနဲ့ လပြည့်ညမှာ သူ့ချစ်သူနှစ်ယောက်ရှေ့မှာ ဆာဆာဟာ သူ့ရဲ့ မူလဘာဝအမှန် ဝံပုလွေမလေးအဖြစ် ပြောင်းလဲသွားခဲ့တယ်။ ဆာဆာကို တဖွဖွချစ်တယ်လို့ ပြောနေတဲ့ လူသားလူရွယ်နှစ်ဦးဟာ အလွန်ကြောက်လန့်တုန်လှုပ်သွားပြီး ဆာဆာ့အနားကနေ ပြေးထွက်သွားခဲ့ကြတယ်။ လှည့်တောင် မကြည့်ကြတော့ဘူးတဲ့။

ပြေးထွက်သွားကြတဲ့ လူသားချစ်သူနှစ်ယောက်ကို ကြည့်ပြီး ဆာဆာဟာ အလွန်ကြေကွဲ ဝမ်းနည်းသွားရှာတယ်။ သူ့ကို ဘယ်လူသားမှ တကယ်မချစ်ဘူးဆိုတာ သိသွားခဲ့လို့ သူ့ခေတ်လုံးကို ဆာဆာဟာ ယူပြီး သူ့နေရပ်ဌာနေကို ပြန်သွားခဲ့တယ်တဲ့။ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

တကယ်လို့များ ပုံပြင်ထဲကလို ဒဏ္ဍာရီဝံပုလွေမသာ ကျွန်မဖြစ်နေရင် ကိုဖြိုး ဘယ်လိုလုပ်မလဲဟင်''

''ဟား ဟား ဟား ...မဖြစ်နိုင်တာ အိုမီရယ်၊





ဘကယ်လို့ အိုမီပြောသလို ဒဏ္ဍာရီဝံပုလွေမသာ အိုမီဖြစ်ခဲ့ရင် ာည်း အိုမီ့အပေါ်ထားရှိတဲ့ ကျွန်တော့်ရဲ့ ချစ်ခြင်းမေတ္တာတွေဟာ ဘယ်လိုမှ ပြောင်းလဲမှာမဟုတ်ပါဘူး အိုမီ၊ မပြောင်းလဲနိုင်တဲ့ မေတ္တာနဲ့ ကျွန်တော်ကတော့ ဆက်ချစ်သွားမှာပါ''

''ဟင် ...ရှင် အရူးပဲ''

ဟု အိုမီက သက်ပြင်းချရင်း အောင်ဖြိုးကိုပြောခဲ့သည်။

''ရူးတယ်လို့ပြောရင်လည်း ကိုယ် ခံရုံပဲ။ အိုမီ့ကို သိပ်ချစ်နေမိပြီကိုး'' ဟု အောင်ဖြိုးက ပြောရင်း အိုမီကို အသာသိုင်းဖက်ကာ အနမ်းလေးပေးလိုက်သည်။

❄ ❄ ❄

## အခန်း (၁၀)

## နေလဒိုဏ်းကို ရှာတွေ့ပြီ

ဝံပုလွေသူလျှိုတွေက အိုမီထံ အရေးတကြီး အစီရင်ခံနေကြသည်။

''နေလဂိုဏ်းသားတစ်ဦးကို နောက်ယောင်ခံလိုက်ရင်း နေလဂိုဏ်းဌာနချုပ်နေရာပါ သိခဲ့ရပါပြီ သခင်မ။ မြန်မာပြည်မြောက်ဖျားပိုင်းနားက ဝိုင်းမော်မြို့ပြင် တောအုပ်ထဲမှာရှိတဲ့ သဘာဝမြေလိုဏ်ဂူကြီးကို ခေတ်မီအဆောက်အဦးပုံစံဆောက်ပြီး လူတွေမသိမမြင်အောင် လျှို့ဝှက်သိပ်သည်းစွာ နေထိုင်နေကြပါတယ်''





သူလျှိုဝံပုလွေတစ်ဦး ဝင်လာကာ –

''သခင်မကို အစီအရင်ခံအပ်ပါတယ်၊ နေလဂိုဏ်းရဲ့ ဂိုဏ်းချုပ်အမည်ကတော့ ရာပြည့်လို့ခေါ်ပါတယ်၊ သူဟာ ထွက်ရပ်ပေါက် ဝိဇ္ဇာဖြစ်ဖို့ ဟိမဝန္တာတောဘက်မှာ နှစ်အတော်ကြာ ကျင့်စဉ်တွေ ကျင့်ကြံထားတယ်လို့ ကြားသိခဲ့ရပါတယ်၊ သူဟာ မြန်မာ့သိုင်းပညာရပ်များကို တစ်ဖက်ကမ်းခတ် တတ်မြောက်ကျွမ်းကျင်တဲ့ သိုင်းပညာရှင်ဖြစ်သလို စိတ်စွမ်းအားရှင်တစ်ဦးလည်း ဖြစ်ပါတယ် သခင်မ၊ သူ့ကို တော်တန်ရုံပုဂ္ဂိုလ်နဲ့တော့ တိုက်ခိုက်လို့မရနိုင်ဘူး။ မှော်ဓာတ်လုံးလည်း သူ့ဆီမှာပဲ သခင်မ။ ကျွန်တော်မျိုး အရဲစွန့်ပြီး စုံစမ်းသိရှိရတာ ဒါအကုန်ပါပဲ သခင်မ''

''တိုက်ခိုက်ရေးဝံပုလွေတွေကို ငါနဲ့အတူ တိုက်ခိုက်ဖို့ အမြန်အကြောင်းကြားပြီး ခေါ်လိုက်တော့''

''အမိန့်အတိုင်းပါ သခင်မ''

''ဇီဇီ ... ဂျပန်က ယာမာချီကို ဒီကိုလာဖို့ခေါ်လိုက်။ သန်ဘက်ခါ ကျောက်မျက်ကုမ္ပဏီဖွင့်ပွဲအမီ လာဖို့ပါ ပြောပြလိုက်''

"ကောင်းပါပြီ သခင်မ" ဟုပြောကာ အိုမိအနားမှ အသီးသီး ထွက်ခွာသွားကြသည်။

ညည့်ခန်းထဲတွင် အိုမိတစ်ဦးတည်းသာ ကျန်ရစ်ခဲ့သည်။ နေလကိုထားကို တိုက်ခိုက်ပြီး မိမိတို့ပိုင် မှော်ဓာတ်လုံးကို ပြန်လည်ရရှိရေးအတွက် အသေးစိတ်အကွက်ချ စဉ်းစားနေသည်။

မည်သို့ပင်ဖြစ်စေ မှော်ဓာတ်လုံးကို မဖြစ် ဖြစ်သည့်နည်းဖြင့် အရယူရန် အိုမိက ဆုံးဖြတ်လိုက်သည်။

❋ ❋ ❋

## အခန်း (၁၁)

## ဂျပန်မှသာမာချို လိုက်လာပြီ

ဇီဇီသည် ဂျပန်၌နေသော ယာမာချိုထံ အီးမေးလ်ပို့၍ မြန်မာပြည်သို့ခေါ်လိုက်သည်။ နောက်တစ်နေ့တွင် မြန်မာပြည်သို့ ယာမာချို ရောက်လာသည်။

အရပ်ခပ်ပြတ်ပြတ်၊ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူတန်းတန်း။ မျက်လုံးအနည်းငယ်မှေးကာ ရဲရင့်ခန့်ညားလှသော ယာမာချိုသည် ဂျပန်တွင်ဆွေကြီးမျိုးကြီး မျိုးနွယ်ဝင် ရှိုးဂန်း(သူရဲကောင်း) အနွယ်ဝင်တစ်ဦးဖြစ်သည်။ ယာမာချိုသည် ခေတ်ပညာတတ်တစ်ဦးဖြစ်သည့်အပြင် ဂျပန်တွင် တန်ခိုးထွားနေသော

ယာကူဇာဂိုဏ်းဝင်တစ်ဦးလည်းဖြစ်သည်။ စီးပွားရေးလုပ်ငန်း အောင်မြင်၍ ချမ်းသာကြွယ်ဝလှသော ယာမာချိသည် တော်တော်နှင့် အိမ်ထောင်မပြုဘဲ လူပျိုကြီးဘဝနှင့်နေလာရာ ချောမောသောအိုမိနှင့်တွေ့မှ အရူးအမူးချစ်မိကာ အိုမိနှင့်လက်ထပ်ရန် ဆုံးဖြတ်ထားသူပင်။ ထို့ကြောင့် ချစ်ရသော အိုမိအတွက်ဆို ဘာပဲလုပ်ရလုပ်ရ ဘာမဆို ယာမာချိလုပ်ပေးနေမိသည်။

ယာမာချိသည် ဦးစွာ အိုမိနေထိုင်ရာအိမ်ဘက်ဆီသို့ အရင်လာခဲ့သည်။

အိမ်ပေါက်ဝမှ အပြုံးလေးဖြင့် အိုမိက ကြိုဆိုနှုတ်ဆက်၍ ယာမာချိကို ဧည့်ခန်းတွင်းသို့ ဦးဆောင်ခေါ်လာသည်။

ဧည့်ခန်းထဲတွင် ယာမာချိက ဂျပန်လို အလွမ်းစကားများပြော၍ အိုမိအားသိုင်းဖက်ရင်း နှုတ်ခမ်းလေးကို နမ်းလိုက်သည်။

"မင်းလေးကို ကိုယ်သိပ်လွမ်းတာပဲ အချစ်ရယ်"

"လွှတ်ပါဦး ယာမာချိရယ် ... အရေးတကြီးပြောစရာရှိသေးတယ်"

"ဘာကိစ္စပေါ်လာပြန်ပြီလဲ" ဟု ယာမာချိကမေးရင်း





ဒိုမိအားလွှတ်ပေးကာ ထိုင်ခုံပေါ် အသာထိုင်လိုက်သည်။

အိုမိက ဂျပန်လို ခတ်လုံးသူခိုးရှိရာနေရာနှင့် နေလ ဂိုဏ်းသားများအကြောင်း၊ ဂိုဏ်းချုပ်ရာပြည့်ဆိုသူသည် သိုင်း ပညာ အလွန်တော်၍ စိတ်စွမ်းအားရှင်ဖြစ်ကြောင်း တိုက်ခိုက်ဖို့ မလွယ်ကူကြောင်း ပြောပြခဲ့သည်။

"ဟား ဟား ဟား ... ဘယ်လိုသိုင်းပညာရှင်ပဲ ဖြစ်ပါ စေ၊ ရှိုးဂန်းနင်ဂျာတွေကိုတော့ မယှဉ်နိုင်ပါဘူး။ ဒီအတွက် စိတ် မပူပါနဲ့ အချစ်ရယ်၊ အချစ်လေးအတွက် ကိုယ်နှိမ်နင်းတိုက်ခိုက် ပေးပါ့မယ်" ဟု ယာမာချိက ပြောကာ အိုမိအား အသာဖက် ထားရင် အနမ်းလေးများပေးနေသည်။

ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော အောင်ဖြိုးသည် အိမ်ပေါက်တံခါးတွင် ကွယ်၍ တစ်ဦးနှင့်တစ်ဦး ဖက်တွယ်၍ နမ်းနေကြသော ယာမာချိနှင့် အိုမိတို့နှစ်ဦးကို အံ့သြမှုတို့ဖြင့် နာကျင်ကြေကွဲစွာ အစအဆုံးကြည့်နေသည်။ ဒီလောက်ဆို အောင်ဖြိုးနားလည်သဘောပေါက်ပါပြီ။ မိမိလာရာ သမ်းဆီသို့ အောင်ဖြိုး လှည့်ပြန်လာသည်။ မိမိကိုယ်ကို ရှက်ရွံ့မှု ဖြစ်ခြင်းနှင့်အတူ နှလုံးသားထဲတွင်လည်း ပြည့်နှက်နေသော

နာကျင်ကြေကွဲမှုများစွာနှင့်ပင်။ အောင်ဖြိုးသည် စိတ်ကူးပေါက်ရာသို့ ကားမောင်းထွက်ခဲ့ရာ ရန်ကုန်သန်လျင်တံတားကြီးပေါ်သို့ ရောက်လာသည်။

တံတားကြီးပေါ်မှနေ၍ သန်လျင်မြစ်ကိုကြည့်ကာ –

"အိုမီ ... ကျွန်တော့်ကို ဘာလို့ တကယ်မချစ်ရတာလဲ၊ စီးပွားရေးလုပ်ငန်းရှင်မဟုတ်လို့လား။ သာမန်ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ယောက်မို့လို့ မချစ်နိုင်တာလား ကျွန်တော့်ရင်တွေ မဆန့်အောင် အလူးအလဲခံစားနေရပြီ အသည်းကွဲနေရပြီ သန်လျင်မြစ်ကြီးရယ်၊ ကျွန်တော့်အဖြစ်ကို မြင်လှည့်ပါဦးဗျာ။

အိုမီ မင်းသိပ်ရက်စက်တယ်။ ဘာလို့ မချစ်ဘဲ ချစ်ဟန်ဆောင်ရတာလဲ" ဟု နာကျင်ကြေကွဲမှုကြီးစွာဖြင့် အရူးတစ်ယောက်လို အောင်ဖြိုး အော်ဟစ်ငိုယိုပြီး လမ်းပေါ်သို့ လှန်အိပ်ချလိုက်သည်။

❋ ❋ ❋



## အခန်း (၁၂)

## ကွတ်လဝ်တလေးတစ်ခု၊ ရင်နာနာနှင့်ရှောင်ခွာသူ

အောင်ဖြိုးတို့ ဆောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်ခဲ့သော အိုမီပိုင် ကျောက်မျက်ကုမ္ပဏီအဆောက်အဦးကြီး ဆောက်လုပ်ပြီးစီးသွားပြီးနောက် ဂျပန်မှ ယာမာချိကို ဖိတ်ခေါ်၍ ချယ်ရီဟူသော အမည်ဖြင့် ကျောက်မျက်ကုမ္ပဏီကို အိုမီက ဖွင့်လှစ်ခဲ့သည်။

မိုးမြင့်ဆောက်လုပ်ရေးအဖွဲ့သားအားလုံးကို ဖိတ်ခေါ်သည့်အပြင် ... မြန်မာနိုင်ငံရှိ ကျောက်ကုန်သည်ကြီးများနှင့် ဂျပန်မှ ဧည့်ပရိသတ်များစွာတို့ကိုလည်း ဖိတ်ခေါ်၍ စည်ကားစွာ

ဖွင့်လှစ်ခဲ့လေသည်။ ထိုဖွင့်လှစ်ပွဲသို့ အောင်ဖြိုးတစ်ယောက် မရောက်လာခဲ့ပေ။

အိုမီသည် မိမိချစ်သူအောင်ဖြိုးကို ဖွင့်ပွဲတွင် မတွေ့သဖြင့် အလွန်စိတ်မကောင်းဖြစ်မိကာ မိမိရင်ထဲ ကွက်လပ်ကလေးတစ်ခုလို လစ်ဟာနေသလို ခံစားလိုက်ရသည်။ မိမိ မြန်မာနိုင်ငံသို့ စတင်ရောက်ရှိသည့်အချိန်မှစ၍ အောင်ဖြိုးက အမြဲလိုကူညီဆောင်ရွက်ပေးခဲ့ရှာသည်။ ချစ်သူဘဝသို့ရောက်ရှိလာတော့လည်း မိမိကို အောင်ဖြိုးက အလိုလိုက် အကြိုက်ဆောင်ကာ မညည်းမညူ မိမိအကျိုးကို ဆောင်ရွက်ပေးခဲ့သလို မိမိအပေါ် အကြင်နာ အယုအယလေးများစွာဖြင့် ဆက်ဆံပေးခဲ့သည့် ယဉ်ကျေး၍ ရိုးသားသောချစ်သူပင်။

ယခု မိမိအနား၌ ယာမာချိရှိနေသည့်တိုင် အိုမိမပျော်နိုင်ခဲ့ပေ။ များစွာသော ဧည့်ပရိသတ်များကြားထဲ ချစ်သူအောင်ဖြိုးကို မသိမသာ ရှာရင်း မျှော်နေမိသည်။ သူမစိတ်ထဲ "သူဘယ်များသွားနေပါလိမ့်" ဟု စဉ်းစားမိရင်း ထိုနေ့ဖွင့်ပွဲပြီး၍ အိမ်သို့ရောက်သည့်တိုင် ချစ်သူအောင်ဖြိုးကို သူမ စောင့်မျှော်နေမိသည်။





သူမကိုယ်သူမ သိနားလည်ခဲ့ချေပြီ။ အစကတော့ မိမိအကျိုးကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးသော အောင်ဖြိုးကို အားနာစိတ်ဖြင့် မချစ်ဘဲ ချစ်ဟန်ဆောင်ကာ ချစ်သူအဖြစ် သူမက လက်ခံခဲ့သည်။ မိမိအကျိုးအတွက် အသုံးချဖို့သာ အောင်ဖြိုးကို ချစ်သူအဖြစ်ထားခဲ့ခြင်းပင်။ ယခုရက်အတော်ကြာသည်အထိ သူမဆီမလာဘဲ ရှောင်လွှဲနေသော အောင်ဖြိုးကို လည်တဆန့်ဆန့်နှင့်မျှော်မိကာ သူမ လွမ်းဆွတ်သတိရနေမိသည်။ ဘယ်အချိန်မှာ အောင်ဖြိုးကို ချစ်မိသွားမှန်းသိလိုက်ဘဲ အောင်ဖြိုးကို တကယ်ချစ်မိသွားခဲ့ချေပြီ။

ချစ်ခြင်း၏ဆန်းကြယ်မှုကို သူမ လက်ခံလာသည်။ သူမဘဝထဲ အောင်ဖြိုးမရှိလျှင် မဖြစ်ဟု သိနားလည်လာကာ လွမ်းဆွတ်တမ်းတစိတ်ဖြင့် အောင်ဖြိုး သွားတတ် လာတတ်သောနေရာများသို့ တွေ့နိုးနိုးနှင့် ရှာဖွေနေမိသည်။ သူမ ခရီးဝေးမသွားခင် ချစ်သူကို တွေ့သွားချင်သည်။

ထိုအချိန်တွင် အောင်ဖြိုးသည် မျက်နှာများသောချစ်သူအိုမိကို စိတ်နာမိကာ ရှောင်ခွာသည့်အနေဖြင့် အဘိုးလေးချုံနေသော ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့သို့ ထွက်ခွာသွားခဲ့သည်။

မျက်နှာများ၍ သစ္စာမရှိသောချစ်သူကို မေ့ဖျောက်ပစ်ဖို့အတွက် ရင်နာနာနှင့် တမဝ်ရှောင်ခွာထွက်သွားရခြင်းပင်။

မည်သို့ပင် မေ့ပျောက်အောင်ကြိုးစားပြီး နေထိုင်ခဲ့သော်လည်း သူမကို မမေ့နိုင်ခဲ့ပေ။ မိမိကိုယ်မိမိလည်း အောင်မြိုး အံ့ဩမဆုံဖြစ်ခဲ့ရသည်။ သူမကို လွမ်းဆွတ်သတိရလွန်းသဖြင့် ထမင်းစားဖို့ပင် သတိမရ မေ့နေခဲ့ရသည်။ အစားအသောက်ပျက်လာသော အောင်မြိုးသည် သူမစိတ်ကြောင့်ပင် နေထိုင်မကောင်းဖြစ်၍ ဖျားနာရသည်အထိ အလူးအလဲပင် အောင်မြိုး အသည်းကွဲခံစားခဲ့ရရှာသည်။

❄ ❄ ❄

အခန်း (၁၃)

**နေလဂိုဏ်းသားတွေ အစည်းအဝေးခေါ်၍ ထိုင်ဝင်ကြပြီ**

ဝိုင်းမော်မြို့ပြင်ဘက်၏ တောအုပ်ထဲတွင်ရှိသော သဘာဝမြေအောက်လိုဏ်ဂူကြီးထဲတွင် နေလဂိုဏ်းသားများ အရေးပေါ်အစည်းအဝေး ကျင်းပနေကြသည်။ ခန်းမကြီးထဲတွင် နေလဂိုဏ်းသားပေါင်း သုံးရာရှိလေသည်။ ဂိုဏ်းသားအားလုံး အဖြူရောင်အဝတ်များ ဆင်တူဝတ်ဆင်ထားသည်။

ဂိုဏ်းချုပ်ရာပြည့်သည် ရှည်လျားသောဆံပင်ကို ထုံးဖွဲ့ ထား ရှည်လျားသော နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးတို့ဖြင့် ထောင်ထောင်မောင်းမောင်းအရပ်နှင့် ယောကျ်ားပီသ ခန့်ညားလှသူ

ဖြစ်သည်။

"မကြာခင်မှာ ကျုပ်တို့ နေလဂိုဏ်းသားတွေနေတဲ့ ဒီနေရာကို ဒဏ္ဍာရီဝံပုလွေတွေ ရောက်လာကြလိမ့်မယ်။ နေလဂိုဏ်းသားမှန်သမျှကို အသေအကြေ သူတို့တိုက်ခိုက်ကြလိမ့်မယ်။ ကျုပ်အတွက်တော့ ကောင်းကောင်းကာကွယ်နိုင်ပေမယ့် တပည့်လက်အောက်သားတွေဖြစ်တဲ့ ကျန်လူတွေအတွက် အသက်အန္တရာယ် စိုးရိမ်ရတယ်။ ဒီအတွက် မပူပါနဲ့။ အားလုံးအတွက် ဂိုဏ်းချုပ်ဖြစ်တဲ့ ကျုပ်ကပဲ ကာကွယ်ထိန်းသိမ်းပေးပါ့မယ်"

နေလဂိုဏ်းသားတစ်ဦးက ထ၍ -

"ကာကွယ်ရေးကိစ္စကို ကျွန်တော့်ကိုသာ တာဝန်လွှဲပေးလိုက်ပါ ဆရာကြီး။ ဆရာကြီးသာ လုံခြုံတဲ့အခန်းနေရာမှာနေပြီး ဓာတ်လုံးရဲ့ လျှို့ဝှက်ချက်ကို အမြန်သိအောင် ဖော်ထုတ်ပါ"

ကျန် နေလဂိုဏ်းသားများကလည်း -

"ဟုတ်ပါတယ် ဆရာကြီးရယ်၊ ကျွန်တော်တို့ကို စိတ်ပူမနေပါနဲ့။ ဆရာကြီးရဲ့ကျင့်စဉ်တန်ခိုးနဲ့ ဓာတ်လုံးရဲ့လျှို့ဝှက်ချက်ကို အမြန်ဖော်ထုတ်ပြီး အားလုံး ထွက်ရပ်ပေါက်အောင်သာ ကြိုးစားပေးပါ ဆရာကြီး"





"ကောင်းပြီလေ၊ အားလုံးအတွက် ဓာတ်အုပ်ခန်းမထဲကို ကျုပ်သွားတော့မယ်။ အားလုံး ဘာမှ စိတ်မပူနဲ့။ ဓာတ်လုံးရဲ့ လျှို့ဝှက်ချက်ကို ကျုပ် ဖော်ထုတ်နိုင်မှာပါ"

ထိုစဉ် ခန်းမထဲသို့ နေလဂိုဏ်းသားတစ်ဦး သုတ်သုတ်ပြာပြာနှင့်ရောက်လာကာ -

"ဆရာကြီး ... ဓာတ်လုံးနဲ့ပတ်သက်တဲ့သတင်း ပါလာပါတယ်၊ ဓာတ်လုံးမှာရှိတဲ့ ဓာတ်ဖိုဓာတ်မအကြောင်းကို သိနားလည်တဲ့လူတစ်ဦး ရှိပါတယ်၊ နဝင်းသိဒ္ဓိဂိုဏ်းချုပ် ဦးဘိုးချိုဆိုတဲ့ လူပါပဲ၊ ကိုယ်တိုင်လည်း ဖိုထိုးနေတဲ့အပြင် ဓာတ်လုံးအကြောင်း အတော်နှံ့စပ်အောင် ကျွမ်းကျင်တဲ့လူပါ"

"ဒါဆိုရင် ဘိုးချိုဆိုတဲ့လူကို ငါ့ဆီ အမြန်ခေါ်လာခဲ့"

"ကောင်းပါပြီ ဆရာကြီး" ဟု ဂိုဏ်းသားက ဂိုဏ်းချုပ်ဆရာပြည့်အား အရိုအသေပေး၍ မြို့ထဲသို့ ပြန်လည်ထွက်ခွာသွားလေသည်။ ထမင်းတစ်အိုးကျက်ခန့် အချိန်လောက်တွင် နေလဂိုဏ်းဌာနရှိရာ သဘာဝမြေအောက်လိုဏ်ဂူကြီးဆီသို့ နေလဂိုဏ်းသားတစ်ဦးက နဝင်းသိဒ္ဓိဂိုဏ်းချုပ်ဦးဘိုးချို ကို ခေါ်လာခဲ့သည်။

ဓာတ်လုံးထားရာ ဓာတ်အုပ်ခန်းမထဲတွင် -

"မင်္ဂလာပါ ဆရာချို"

"မင်္ဂလာပါ ဆရာရာပြည့်။ ဒါနဲ့ ကျုပ်ကိုတွေ့ချင်ရတာ ဘာကိစ္စများလဲ"

"ကိစ္စကတော့ ဓာတ်လုံးအကြောင်း မေးမြန်းချင်လို့ပါ"

"ဓာတ်လုံး။ ဘယ်လိုဓာတ်လုံးမို့လို့လဲ၊ ကျုပ်ကိုပြပါ"

စင်ပေါ်ရှိ ကလပ်ပေါ်တွင် တင်ထားသော ဓာတ်လုံးကို ဂိုဏ်းချုပ်ရာပြည့်က အသာယူ၍ ဦးဘိုးချိုအားပြသခဲ့သည်။

ဦးဘိုးချိုက ဓာတ်လုံးကိုယူ၍ကြည့်ရင်း –

"ဒီဓာတ်လုံးမှာ လာဘသိဒ္ဓိဓာတ်နဲ့ စွမ်းအားသုံးမျိုး ထုတ်ယူသုံးလို့ရတယ်။ မူလဓာတ်လုံးပိုင်ရှင်ဟာ လာဘသိဒ္ဓိနဲ့ စွမ်းအားသုံးမျိုးကိုသာ အစီအရင်ပြုလုပ်ပြီး မှော်အတတ်နဲ့ ပြုလုပ်ဖန်တီးထားခဲ့တယ်။ ဓာတ်လုံးကလည်း အမျိုးမျိုးရှိတယ်ဗျ။ ဓာတ်လုံးကို သုံးပုံသုံးနည်းလည်း နည်းအမျိုးမျိုးရှိတယ်။ အခု ခင်ဗျားရဲ့ဓာတ်လုံးကို အသုံးပြုမယ်ဆိုရင် ဓာတ်လုံးမှာရှိတဲ့ ဓာတ်ဖိုဓာတ်မကို နိုးထအောင်လုပ်မယ်ဆိုရင်တော့ဗျာ လျှို့ဝှက်ဂါထာကို အရင်ရွတ်ရမယ်။ အဲဒီဂါထာကို ခင်ဗျားရလား"

"မရဘူး"





"ဒီဓာတ်လုံးက ခင်ဗျားပိုင်မဟုတ်တာတော့ သေချာနေပြီ၊ သူတစ်ပါး ဘိုးဘွားပိုင်ပစ္စည်းနဲ့ တူတယ် ... ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်၊ နည်းအမျိုးမျိုးနဲ့ ကျုပ်လက်ထဲ ရောက်လာခဲ့တာပါ"

"အခု ဒီပစ္စည်းရဲ့ပိုင်ရှင်က မြန်မာပြည်ရောက်လို့ စုံစမ်းနေပြီ။ ခင်ဗျား ဘယ်လိုလုပ်မလဲ"

"ဒီဓာတ်လုံးကိုတော့ ကျုပ် ပြန်မပေးနိုင်ဘူး။ ဒီအတွက် ဘာဖြစ်ဖြစ် ကျုပ်ရင်ဆိုင်မယ်ဗျာ"

ဦးဘိုးချိုက ဦးရာပြည့်ကို စိတ်ပျက်သောအကြည့်ဖြင့် ကြည့်ရင်း –

"အခု ခင်ဗျား ဘာလုပ်နေသလဲဆိုတာ သိရဲ့လား။ ဘုရားမကြိုက် နတ်မကြိုက် အထက်ဝိဇ္ဇာပုဂ္ဂိုလ်တွေလည်း မကြိုက်တဲ့ သူတစ်ပါးပစ္စည်းကို မတရားခိုးယူထားတာ။ ဒီအချက်နဲ့တင် ခင်ဗျား ထွက်ရပ်ပေါက်ဝိဇ္ဇာ မဖြစ်နိုင်တော့ဘူး။ ငါးပါးသီလ ခင်ဗျားကျိုးနေပြီလေ ...၊

ကျုပ် ခင်ဗျားကို အကြံပြုချင်တာကတော့ ပိုင်ရှင်ဆီ

ပစ္စည်းပြန်ပေးလိုက်တာ အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်၊ ဒါမှ လည်း ခင်ဗျား သိက္ခာရှိပါလိမ့်မယ်။ ကျုပ်တို့မြန်မာပြည်က အခြားသောဂိုဏ်းသားတွေလည်း လူအထင်သေးအမြင်သေးခံရ တဲ့အဖြစ်မှ လွတ်ကြရမှာပါ။ ဒါကြောင့် ပိုင်ရှင်ကိုခေါ်ပြီး ဒီဓာတ် လုံးကို ပြန်ပေးကြရအောင်''

''မပေးနိုင်ဘူး။ ဘယ်လိုဖြစ်ဖြစ် ကျုပ်မပေးဘူး။ ဘယ် သူတွေ ဘာပြောပြော ဘာဆိုဆို ကျုပ် ဂရုမစိုက်ဘူး''

''ဂိုဏ်းစည်းကမ်း ကျင့်ဝတ်တွေကို ဖောက်ဖျက်တဲ့ ခင်ဗျားကို အထက်ပုဂ္ဂိုလ် ဝိဇ္ဇာတွေက ဒဏ်ခတ်ကြမှာမကြောက် ဘူးလား''

''ခတ်ချင်သလောက် ခတ်ကြပါစေ၊ ကျုပ်မမှုဘူး''

''ဟာ ...ခင်ဗျားကို တကယ်ဒဏ်ခတ်လိမ့်မယ်၊ စကားကိုကြည့်ပြော။ အထက်ပုဂ္ဂိုလ်တွေ ကြားကုန်လိမ့်မယ်''

''ကြားကြားဗျာ၊ တကယ်တော့ အထက်ပုဂ္ဂိုလ်တွေဟာ ကျုပ်ကို အရင်ကတည်းက အရေးမလုပ်ခဲ့တာပါ၊ ကျုပ် ဝိဇ္ဇာ ဖြစ်ချင်လွန်းလို့ နှစ်ပေါင်းလေးဆယ်ကျော် ကောင်းမွန်စင်ကြယ်တဲ့ အကျင့်သီတင်းသီလတွေနဲ့ ကျင့်စဉ်တွေ အချိန်အတော်ကြာ





ကျင့်ခဲ့ပေမယ့် အထက်ပုဂ္ဂိုလ်တွေ တစ်ပါးမှ ကျုပ်ကို မစောင့် ရှောက်ခဲ့ကြဘူး။ ကျုပ်မှာ မဆိုစလောက် စွမ်းအားလေးသာရခဲ့ တယ်။ ကျုပ်ဟာနဲ့ကျုပ် ရိုးရိုးသားသားကျင့်ကြံတာ ဘယ်လိုမှ အရာမရောက်ခဲ့ဘူး။ ဒါကြောင့် ဝိဇ္ဇာဖြစ်ဖို့ ဒီဓာတ်လုံးကို ကျုပ် အသုံးပြုမှ ဝိဇ္ဇာဖြစ်ရမှာမို့လို့ပါဗျာ။ ကျုပ်ကို နားလည်ပေးပါ''

ဦးဘိုးချို့က လေးပင့်စွာဖြင့် သက်ပြင်းရှည်ကို ချရင်း–

''ဟင်း ...ဝိဇ္ဇာဖြစ်ချင်လွန်းတဲ့ ခင်ဗျားရဲ့ရောဂါက လည်း မသေးလှပါလားနော်၊ ကျုပ်ထက် ခင်ဗျားက ပိုရူးတာပဲ''

''ဟုတ်ပါတယ် ဆရာချို့၊ ဒါကြောင့် ဒီဓာတ်လုံးကို နိုးထအောင် ခင်ဗျားကူညီပေးဖို့ ကျုပ် မေတ္တာရပ်ခံပါတယ်။ ခင်ဗျားအတွက်လည်း အကျိုးမယုတ်စေရပါဘူး''

''ကျုပ် ရင်လေးလို့ စဉ်းစားပါရစေဦး''

ဟု ဦးဘိုးချို့က ပြော၍ ပိုင်းမော်မြို့ထဲဘက်သို့ ပြန်လာ ခဲ့သည်။

❋

မိမိနေအိမ်သို့ရောက်လာသော ဦးဘိုးချိုသည် နေလဂိုဏ်းနှင့်ပတ်သက်သည့် မိမိအား စာတ်လုံးနိုးထအောင် ပြုလုပ်ဖို့ အကူအညီတောင်းခံပုံနှင့် အဖြစ်အပျက် အလုံးစုံတို့ကို မြေးဖြစ်သူ အောင်ဖြိုးအား ပြောပြခဲ့သည်။

"သူ့ကို အပြစ်ပေးဖို့နေနေသာသာ နားချပြောပြတာ အထက်ပုဂ္ဂိုလ်တွေ အပြစ်ပေးဒဏ်ခတ်မှာတောင် မမှုဘူးတဲ့။ ကမ်းကုန်ပြီပေါ့လူလေးရယ်"

"ဒီလိုလူစားမျိုးတွေက မလွယ်ဘူး။ ဖြစ်ချင်တာဖြစ်





ဆိုပြီး ဖွတ်ထိုးမိုက်မဲတတ်ကြတယ်။ အဘိုးလေးချိုဆီက သူလိုချင်တဲ့ အကူအညီမရရင် အသက်တောင် ရန်ရှာလာနိုင်တယ်။ အဘိုးလေးချို သတိသာထားပေတော့" ဟု အောင်ဖြိုးက အဘိုးလေးချိုအား သတိပေးခဲ့သည်။

❄ ❄ ❄

## အခန်း (၁၄)

## နေလဂိုဏ်းသားများနှင့် ဒဏ္ဍာရီဝံပုလွေတို့တိုက်ပွဲ

လမိုက်ညတစ်ညတွင် ဒဏ္ဍာရီဝံပုလွေ ဆယ့်ငါးဦးတို့သည် အမှောင်ရိပ်ခို၍ နေလဂိုဏ်းဌာနရှိရာ သဘာဝမြေအောက်လိုဏ်ဂူကြီးဆီသို့ တိတ်တဆိတ်လာနေကြသည်။ အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားသဖြင့် လာလို့လာမှန်းပင်မသိရချေ။

ဂူ၏အဝင်ပေါက်ဝကို လွန်စွာခိုင်ခန့်သော သံမဏိတံခါးဖြင့် ပိတ်ထားရာ စက်လှေများ၊ လွန်ဖောက်သံချောင်းများနှင့် တံခါးအား ဖျက်ဆီးကြည့်ကြသည်။

အရာပင်မထင်။ မထူးခြားသဖြင့် အနက်ရောင်ဝတ်ဆင်





သားသောလူငါးဦးသည် ကြီးမားထွားကျိုင်းသော ဝံပုလွေသတ္တဝါများအသွင်သို့ ရုတ်တရက် ပြောင်းလဲလိုက်ကာ ဂူ၏အောက်ဖက်ရှိမြေကို လျင်မြန်စွာ ဝိုင်းတူးဖော်ကြလေသည်။

ဂူ၏အောက်ဖက်သို့ ရှည်လျားနက်ရှိုင်းစွာ တူးဖောက်ခဲ့ပြီးနောက် ဂူ၏အောက်ဘက်မှနေ၍ အတွင်းဘက်ဆီသို့ သံတူရွင်းများဖြင့် ဖောက်ထည့်လိုက်ရာ လူတစ်ကိုယ်စာ ကောင်းကောင်း ဝင်ထွက်သွားလာနိုင်သော အပေါက်ကြီး ဖြစ်သွားသည်။

ထိုအပေါက်ထဲမှတစ်ဆင့် ဂူအတွင်းထဲသို့ ဝံပုလွေများ လျင်မြန်စွာ ဝင်လာကြသည်။ အစောင့်များဖြစ်ဟန်တူသော နေလ ဂိုဏ်းသားနှစ်ဦးကို တိုက်ခိုက်ရေးဝံပုလွေများက မားဖြင့်ခေါင်းဖြတ်သတ်လိုက်သည်။

ထို့နောက် တစ်ခန်းဝင်တစ်ခန်းထွက်ဖြင့် ဓာတ်လုံးကိုရှာလိုက်၊ နေလဂိုဏ်းသားတွေနှင့် အသေအကြေ တိုက်ခိုက်လိုက်နှင့် ဂူအတွင်းပိုင်းထဲ ဆူညံပွက်လောရိုက်နေသည်။

ထိုစဉ် . . . နေလဂိုဏ်းသား၏ လက်ဝဲလက်ယာ လက်ထောက်နှစ်ဦးသည် ငှက်ကြီးတောင်ဓားကိုယ်စီနှင့် အတွင်းပိုင်း

ထဲသို့ ဝင်လာသော ဝံပုလွေများကို မညှာမတာ တိုက်ခိုက်သတ်ဖြတ်ခဲ့ကြသည်။

"ချွမ် ချွမ်"

"ချပ်"

"အု"

"ချွမ်"

"အ"

"ချွမ် ချွမ်"

"ထလန့်"

"ချပ်"

"အား"

တိုက်ရည်ခိုက်ရည်ကောင်းလှသော နေလလက်ထောက်နှစ်ဦး တိုက်ခိုက်မှုကြောင့် ဝံပုလွေများ အထိနာသေဆုံးကာ အမျိုးသမီးတစ်ဦးကို လက်ရဖမ်းဆီးနိုင်ခဲ့သည်။ နေလကိုထား လက်ထောက်နှစ်ဦးသည် ဖမ်းမိသော အမျိုးသမီးကို သေချာကြိုးတုပ်နှောင်ကာ အခန်းလွတ်ထဲသို့ ထည့်ကာ တံခါးပိတ်လိုက်သည်။ ထို့နောက် ဓာတ်အုပ်ခန်းမထဲသို့ လက်ထောက်နှစ်ဦး





ထွက်သွားသည်။

ဓာတ်အုပ်ခန်းမထဲတွင် –

"ဆရာကြီး . . . ဝံပုလွေဆယ့်ငါးကောင် အတွင်းပိုင်းထိ ဝင်ရောက်တိုက်ခိုက်လာကြပါတယ်၊ အမျိုးသမီးတစ်ဦးတော့ အရှင်ဖမ်းမိပါတယ်၊ ကျန်ဝံပုလွေလူတွေကိုတော့ ကျွန်တော်တို့ အသေရှင်းပစ်လိုက်ပါတယ်၊ ဆက်လက်ပြီးအမိန့်ပေးပါ ဆရာကြီး"

"နောက်ထပ် ဝံပုလွေတွေရောက်လာနိုင်သေးတယ်၊ မင်းတို့နှစ်ယောက် လုံခြုံရေးတာဝန်ကို ဆက်လက်ယူဦး။ ဒါနဲ့ ဘိုးချူကိုခေါ်နိုင်းလိုက်တာ ဘာတဲ့လဲ"

လက်ထောက်နှစ်ဦးက တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း –

"သူက ဓာတ်လုံးကိစ္စကို မလုပ်ပေးနိုင်ဘူးလို့ အပြတ်ငြင်းခဲ့တယ် ဆရာကြီး"

"ဘာ . . . တောက်၊ ဒီလူ သေချင်ပြီထင်တယ်၊ တို့အတွက် အချိန်မရှိတော့ဘူး၊ သူ့ကို အခုချက်ချင်း အတင်းဖမ်းခေါ်ခဲ့"

"ကောင်းပါပြီ ဆရာကြီး"

လက်ထောက်နှစ်ဦးသည် သူတို့လက်အောက်ငယ်သားများကို မှာကြားပြီး ဝိုင်းမော်မြို့ထဲဘက်သို့ ခပ်သုတ်သုတ်ပင် ထွက်ခွာသွားကြသည်။

ဦးဘိုးချျနေထိုင်ရာ အိမ်သို့ရောက်သော် အိပ်ပျော်နေသော ဦးဘိုးချျကို အတင်းလှုပ်နှိုး၍ –

"ခင်ဗျား ... မသေချင်ရင် ကျုပ်တို့နောက် အသာလိုက်ခဲ့ပါ"

ခုတင်ပေါ်မှ အသာဆင်း၍ ဦးဘိုးချျက –

"အချိန်မတော် ငါ့အိမ်လာပြီး လာမခြိမ်းခြောက်နဲ့၊ ငါ ဘာမှမလုပ်ပေးနိုင်ဘူးလို့ ဘယ်နှစ်ခါ ပြောရမှာလဲ" ဟု စိတ်ဆိုးစွာပြောတော့သည်။

လက်ထောက်နေလဂိုဏ်းသားနှစ်ဦးသည် ဦးဘိုးချျအား အတင်းဖမ်းချုပ်၍ အဝတ်စနှင့်ပါးစပ်ကို ထိုးပိတ်ကာဆွဲခေါ်ခဲ့ကြသည်။

"ဝူး ဝူး ဝူး"

မချိမဆန့် သူ့ညည်းသံကြောင့် ... အိပ်ရှေ့ခန်းတွင်





အိပ်နေသော အောင်ဖြိုးနိုးလာသည်။ အနားတွင်ရှိသော ဘတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ အဘိုးလေးချျကိုချုပ်၍ အတင်းဖမ်းဆွဲခေါ်သွားသော လူနှစ်ဦးကိုတွေ့၍ အံ့သြကာ အိပ်ရာမှ ကမန်းကတန်း ထ၍ ထိုလူနှစ်ယောက်ပြေးလိုက်ခဲ့သည်။

"ဟေ့လူတွေ ... ဒါ ဘာလုပ်တာလဲ၊ အဘိုးလေးချျကို ... လွှတ်စမ်း"

"သူ့ကို ဆရာကြီးဆီ အမြန်ခေါ်သွားလိုက်၊ ဒီကောင့်ကို ...ရှင်းလိုက်ဦးမယ်" ဟု လက်ထောက်တစ်ဦးက ပြောကာ အောင်ဖြိုးကို တိုက်ခိုက်ဖို့ ပြင်ဆင်လိုက်သည်။

အောင်ဖြိုးကလည်း အသင့်အနေအထားဖြင့် နေရာယူ...က်သည်။

"ကျား"

"ဟိတ်"

"ယား"

"ယိ"

အောင်ဖြိုးကလည်း ခုခံကာကွယ်ရင်း လက်ထောက်

ဂိုဏ်းသားကို ပြန်လည်တိုက်ခိုက်ခဲ့သည်။

''ဟိတ်''

''ယား''

''ယိ''

''ဖြောင်း''

အောင်ဖြိုး၏ကန်ချက်များကို လက်ထောက်နေလဂိုဏ်းသားက အသာခုခံ၍ ရှောင်တိမ်းရင်း လှစ်ဟာနေသောအောင်ဖြိုး၏ ရင်ဘတ်ဆီသို့ ခပ်ပြင်းပြင်း အဖြောင့်ကန်ချက်များ ပေးလိုက်သည်။

''ကျား''

''ဖြောင်း''

''အင့်''

အလွန်နာကျင်မှုနှင့်အတူ အောင်ဖြိုးခမျာ မြေပေါ်သို့ မှောက်လဲသွားလေသည်။

''ဟင်း . . . မလောက်လေး မလောက်စားပညာလေးနဲ့ လာယှဉ်ချင်သေးတယ်''

မှောက်လဲနေသော ဒီကောင်လေးကို ဒီအတိုင်းပစ်ထားလို့





တော့ မဖြစ်ချေ။ သတိရလာလျှင် ဟိုတိုင်ဒီတိုင်နှင့် ရှုပ်လာမည်ကိုမြင်သဖြင့် လက်ထောက်နေလဂိုဏ်းသားက အောင်ဖြိုးကို နေလဂိုဏ်းဌာနကို ထမ်း၍ ခေါ်လာခဲ့သည်။

❄ ❄ ❄

## အခန်း (၁၅)

### ဒဏ္ဍာရီဝံပုလွေလူသားတွေနှင့် နေလဝိုင်းသားတို့ရဲ့ သန်းခေါင်ယံတိုက်ခိုက်ပွဲ

အောင်ဖြိုးသတိရလာတော့ ခြေရောလက်တွေပါ ကြိုးတွေတုပ်ထားကာ အခန်းတစ်ခုထဲ ရောက်နေသည်။ မိမိတစ်ဦးတည်းတော့မဟုတ်ချေ။

"ကိုဖြိုး ... ရှင် သတိရလာပြီလား"

"ဟင် အိုမိ ... မင်းကို သူတို့ဖမ်းထားကြလား"

"အင်"

"ကိုယ်စိတ်မကောင်းပါဘူး အိုမိ၊ မင်းရဲ့အချစ်ကို ကိုယ်တကယ်မရလည်း ... ကိုယ် မင်းအတွက် အသက်ပေးပြီး





ကာယ်ပေးပါ့မယ်"

"ရှင် ဘယ်လိုပြောလိုက်တာလဲ ကိုဖြိုးရယ်။ ကုမ္ပဏီဖွင့်ပွဲတုန်းက ရှင့်ကိုမတွေ့ရလို့ ကျွန်မ စိတ်မကောင်းဖြစ်ပြီး အတော်ခံစားခဲ့ရတယ်။ ရှင်တော်တော်နေနိုင်ရက်တယ်။ ဖွင့်ပွဲပြီးလို့နောက်ရက်တွေမှာ အိမ်ကိုများ ရှင်လာမလားလို့ ကျွန်မ မျှော်နေမိတယ်။ ဖုန်းလည်း ခေါ်မရဖြစ်လို့ ရှင် သွားလာတတ်တဲ့နေရာတွေမှာ ရှင့်ကိုလိုက်ရှာမိခဲ့တယ်။ အဲဒီနေ့က ရှင့်ကို ရှာမတွေ့လို့ ညနေစာတောင် ကျွန်မ မစားနိုင်တဲ့အထိ ခံစားခဲ့ရတယ်။ တကယ်တော့ ကျွန်မရင်ထဲကနေ ချစ်မိတဲ့သူက ရှင်ပါပဲ ကိုဖြိုးရယ်"

"တော်ပါတော့ အိုမိရယ်၊ စကားတတ်တိုင်း ကျွန်တော့်ကို လာမနှစ်သိမ့်ပါနဲ့တော့။ ကျွန်တော့်ထက် အစစအရာရာသာတဲ့ ယာမာချီဟာ အိုမိရဲ့ချစ်ဦးသူဆိုတာ ကျွန်တော်သိပြီးပါပြီ။ အဲဒီနေ့တုန်းကဆို အရူးတစ်ယောက်လိုပဲ အလူးအလဲ ခံစားခဲ့ရတယ်။ ကျွန်တော်အသည်းကွဲခဲ့ရတယ်။ ဒီလောက်ဆို ကျွန်တော့်အတွက် လုံလောက်သွားပါပြီ"

ဟု မျက်ရည်အဝဲသားဖြင့် အောင်ဖြိုးက အိုမိအား

ပြောခဲ့သည်။

"မျက်နှာများတဲ့ ကျွန်မအတွက်နဲ့ ရှင် နာကျင်ခဲ့ရတာတွေ စိတ်မကောင်းပါဘူး။ ရှင် ကျေနပ်တဲ့အထိ တောင်းပန်ပါတယ် ကိုဖြိုးရယ်။ တကယ်တမ်းတော့ ယာမာချို့ကို ကျွန်မ မချစ်ပါဘူး။ ဘိုးဘွားပိုင်ပစ္စည်းကိုရှာကူဖို့နဲ့ ကိုယ်ကျိုးအတွက် အသုံးချဖို့သာ သူ့ကို ကျွန်မ ဟန်ဆောင်ချစ်ခဲ့တာပါ။ ရှင့်ကိုလည်း အစတုန်းကတော့ ကိုယ်ကျိုးအတွက်နဲ့ ချစ်ဟန်ဆောင်ခဲ့မိတယ်။ ဒါပေမဲ့ ယဉ်ကျေးပြီး ကြင်နာယုယတတ်လွန်းတဲ့ ရှင့်ကို ဘယ်အချိန်မှာ ချစ်မိသွားမှန်းမသိတဲ့ ကျွန်မ တကယ်ချစ်မိသွားခဲ့တယ်။ အချစ်ဆိုတာ ထူးဆန်းပါတယ်။ လုပ်ယူဖန်တီးလို့မရသလို တာရှည်ဟန်ဆောင်ချစ်လို့လည်း မရပါဘူး။ အခု ကျွန်မစိတ်ထဲ စိုးရိမ်ကြောက်လန့်နေတဲ့ ကိစ္စလေးတစ်ခုရှိနေတယ်။ ကျွန်မဘဝအမှန်ကို ရှင်သိပြီး ကျွန်မကို ကြောက်လန့်စိတ်ပျက်ပြီး မချစ်တော့မှာကို ကျွန်မသွေးပျက်မတတ် ကြောက်လန့်နေမိတယ် ကိုဖြိုးရယ်၊ အဟင့် ဟင့် ဟင့်"

အောင်ဖြိုးသည် မိမိအား ရှင်းပြ၍ ငိုနေသော ချစ်သူ အိုမိကိုကြည့်၍ သနားသွားမိကာ သူမအား ချော့ရမလို၊ ယာမာချို့ကို မချစ်ဘဲ မိမိကိုသာ ချစ်သည်ဟုပြောသဖြင့် ပျော်ရမလို ဖြစ်နေရှာသည်။





"တိတ်ပါတော့ အိုမိရယ်၊ မင်းငိုရင် ကိုယ်နာကျင်ရတယ် အချစ်ရယ်။ မင်း ဘာဖြစ်ဖြစ် ကိုယ် ဂရုမစိုက်ဘူး။ မင်းကို ကိုယ်နားလည်ပေးနိုင်ပါတယ်"

"ရိုးသားတဲ့ရှင့်ကို ကျွန်မဘဝအမှန်ကို ပြောပြပါ့မယ်။ တကယ်တော့ ကျွန်မဟာ ရှင်ထင်သလို လူသားစင်စစ် မဟုတ်ပါဘူး။ ကျွန်မပြောပြခဲ့ဖူးတဲ့ ပုံပြင်ထဲက ဒဏ္ဍာရီဝံပုလွေမဟာ ကျွန်မပါပဲ ကိုဖြိုးရယ်"

"ဘာ . . . ကိုယ့်ကို မင်း နောက်နေတာလား။ ဘာလဲ ယာမာချို့နဲ့လက်ထပ်ချင်လို့ ကိုယ့်ကို စိတ်ပျက်ကြောက်လန့်အောင် ပြောနေတာလားအိုမိရယ်၊ ကိုယ့်ကိုသနားရင် မလှည့်စားပါနဲ့တော့၊ ကိုယ် ရင်မောလှပါပြီ"

"ကျွန်မ အမှန်တရားကိုပြောပြနေတာပါ၊ ရှင်ယုံတာမယုံတာက ရှင့်သဘောပဲ။ ဒီနေလဂိုကျွန်းဆီ ကျွန်မလာခဲ့ရတာကလည်း ကျွန်မတို့ရဲ့ ဘိုးဘွားပိုင်အမွေစာတ်လုံးကို ပြန်ယူဖို့အတွက်ပါပဲ"

အောင်ဖြိုးသည် ချစ်သူအိုမီကို ဘာမှမပြောတော့ဘဲ အိုမီ ပြောပြခဲ့သော ဒဏ္ဍာရီဝံပုလွေပုံပြင်လေးကို ပြန်လည်တွေး တောရင်း ချစ်သူအိုမီကို အံ့သြစွာဖြင့် မင်သက်ကြည့်နေမိသည်။

❄

ဓာတ်အုပ်ခန်းမထဲတွင် –

"ခေါင်းမမာစမ်းပါနဲ့ ဆရာချုံရယ်၊ ကျုပ်အတွက် သေ ရေးရှင်ရေးနဲ့ ကြုံနေရပြီမို့လို့ပါ၊ လုပ်ပါ ... ဓာတ်လုံးကို အမြန်နိုး ထအောင် လုပ်ပေးစမ်းပါဗျာ၊ အထာမကိုင်စမ်းပါနဲ့"

"ကျုပ်တို့ရဲ့ ဂိုဏ်းတော်စောင့်နတ်က ခွင့်မပြုလို့ မလုပ် နိုင်တာပါ"

"ဟာ ... ဒီလူငြင်းပြန်ပြီ၊ သူ့ကို ကြိုးတုပ်ပြီး ချုပ်ထား လိုက်စမ်း"

ခု နစ် စဉ် ကြယ် တာ ၉၀

"အမိန့်အတိုင်းပါ ဆရာကြီး"

ထိုစဉ် လက်ထောက်တစ်ဦးက သုတ်သီးသုတ်ပြာဖြင့်

"ဆရာကြီး . . . အခြေအနေမကောင်းတော့ဘူး။ လူတွေရော ဝံပုလွေတွေရော လက်နက်ကိုယ်စီနဲ့ ကျွန်တော်တို့ဌာနချုပ်ဆီကို လာကုန်ကြပြီ"

"စိတ်မပူနဲ့၊ ငါကိုယ်တိုင် တိုက်ခိုက်နှိမ်နင်းပေးမယ်၊ တို့လူတွေကို အဆင်သင့်တိုက်ခိုက်နိုင်အောင် မင်းသွားစီစဉ်ထား၊ အခု ငါလာခဲ့မယ်"

"အမိန့်အတိုင်းပါ ဆရာကြီး" ဟု လျင်မြန်စွာ လက်ထောက်က ပြန်ထွက်သွားသည်။

မကြာခင်အချိန်တွင် ဓားဆွဲ၍ ဂိုဏ်းချုပ်ရာပြည့်က တိုက်ခိုက်ရန်ထွက်ခွာသွားသည်။

နေလဂိုဏ်းဌာနရှိရာသို့ တိုက်ခိုက်ရေးဝံပုလွေများနှင့်အတူ အရှင်သခင်မအိုမိတို့ သွားရောက်တိုက်ခိုက်ကြရာ တစ်ကောင်တစ်မြီးမှပင် ပြန်မရောက်လာကြသဖြင့် အရှင်သခင်မအိုမိကို ကယ်တင်ရန်နှင့် ဓာတ်လုံးကို ပြန်လည်ရယူရန် အတွက် နေလဂိုဏ်းဌာနချုပ်ဆီသို့ ဒဏ္ဍာရီဝံပုလွေများ ရာနှင့်ချီ၍





လက်နက်ကိုယ်စီဖြင့် ချီတက်လာကြသည်။

ညသန်းခေါင်ယံအချိန်တွင် နေလဂိုဏ်းဌာနချုပ်၏နေရာဖြစ်သော လွန်စွာကျယ်၍ ခေတ်မီခမ်းနားစွာ ချဲ့ထွင်ဆောက်လုပ်မွမ်းမံထားသော မြေအောက်လိုဏ်ဂူတိုက်ခန်းထဲတွင် နေလဂိုဏ်းသားများနှင့် ဒဏ္ဍာရီဝံပုလွေတို့၏ အသေအကြေတိုက်ခိုက်ကြသည့် သန်းခေါင်ယံတိုက်ပွဲမှာ ကြောက်ခမန်းလိလိပင်။

"ဝှစ် ဝှစ် ဝှစ်"

"ခွပ်"

"အား"

"ချွမ် ချွမ် ချွမ်း"

"ထန် ဂလန်"

"ချပ်"

"အ အု"

"ဒုန်း"

"ထောင်း"

"ဖြောင်း"

"ဝုန်း"

"ကျား"

ကာယသိဒ္ဓိအောင်ထားသော် ဂိုဏ်းချုပ်ရာပြည့်သည် မြန်မာ့သိုင်းပညာရပ်များကို စိတ်စွမ်းအားတန်ခိုးများနှင့် ပေါင်းစပ်၍ ဒဏ္ဍာရီဝံပုလွေတို့အား တိုက်ခိုက်ခဲ့ရာ ဒဏ္ဍာရီဝံပုလွေတို့ အတုံးအရုန်းပင် သေကြေပျက်စီးခဲ့ရသည်။

ညသန်းခေါင်ယံအချိန်မှစ၍ မနက် သုံးနာရီအချိန်ထိ တစ်ဖက်နှင့်တစ်ဖက် အသေအကြေ တိုက်ခိုက်ခဲ့ရာ နောက်ဆုံးတွင် ဒဏ္ဍာရီဝံပုလွေလူသားတို့သာ အသေအပျောက်များ၍ အနည်းစုသာ ကျန်ရှိသဖြင့် အပြင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားလေသည်။ နေလဂိုဏ်းသားများမှာတော့ အသေအပျောက်နည်းလှသည်။

နေလဂိုဏ်းဌာနထဲတွင် အစောပိုင်းက တစ်ဖက်နှင့်တစ်ဖက် ဓားဓားချင်း ခုတ်သံများ၊ လှံ လှံချင်းထိုး၍ တိုက်ခိုက်သံများအားမာန်သွင်း၍ တိုက်ခိုက်ကြသည့် ဆူညံသံပေါင်းစုံတို့သည် မနက်သုံးနာရီကျော်တွင် ပျောက်ကွယ်သွားခဲ့လေသည်။

❄ ❄ ❄



အခန်း (၁၆)

## ရှိုးဝန်းနင်ဂျာတို့နှင့် နေလဂိုဏ်းသားများတိုက်ခိုက်ခြ

နေလဂိုဏ်းဌာနထဲတွင် –

"ဒီဓာတ်လုံးကို နိုးထစေတဲ့ဂါထာကို ပြောပြရင်သင့်ကို ကျုပ် အသက်ချမ်းသာပေးမယ် ဝံပုလွေမ"

"ရှင့်လို အတ္တကြီးပြီး အကျင့်သီလမရှိတဲ့ လူစားမျိုးကို ကျွန်မ သေရင်တောင် မပြောပြဘူး။ ရှင်မကျေနပ်ရင်လည်း ခု သတ်လိုက်၊ ကျွန်မ သေဖို့အသင့်ပဲ"

"ဘာ ...ဒီလောက်တောင် ခေါင်းမာလွန်းတဲ့ ဝံပုလွေမ"

"ကဲဟာ ...ကဲဟာ"

"ဖြန်း ဖြန်း ဖြန်း"

"အင့်"

"ဟေ့လူ ...ရပ်စမ်း၊ မိန်းကလေးတစ်ယောက်ကို ကြိုးတုပ်ပြီး ပါးရိုက်ရဲတဲ့ ခင်ဗျားကို အံ့ဩတယ်၊ တော်တော် အောက်တန်းကျတဲ့ အတ္တဘောကောင်ပဲ ...ထွီ"

"အောင်မာ ...ငါ့လိုဆရာကြီးတစ်ဆူကို မချေမငံ ဆက်ဆံပြောဆိုတဲ့ ငမိုက်သား၊ သေပေတော့"

"ခွပ် ခွပ်"

"အင့်"

"ခွပ် ခွပ်"

"အု"

ဂိုဏ်းချုပ်ရာပြည့်သည် လက်ပြန်ကြိုး တုပ်ချည်နှောင် ထားသော အောင်ဖြိုးအား အားရပါးရ ထိုးကြိတ်ပါတော့သည်။

"တော်တော့ ရာပြည့် ...အပြစ်မဲ့တဲ့လူတွေကို မနှိပ်စက်ပါနဲ့တော့"

"ခခယယပြောပြီး အကူအညီတောင်းခံတာတောင်





အထာကိုင်လွန်းတဲ့လူ၊ ဒီတစ်ခါတော့ ခင်ဗျားအလှည့်ပဲ"

"ရော့ ...ခွပ် ခွပ်"

"အင့် အား"

"ဟေ့ ...လူယုတ်မာကောင်၊ သတ္တိရှိရင် ငါ့ကို လွှတ်လိုက်၊ တစ်ယောက် တစ်ယောက်ချင်း ချရအောင်"

"ဟေ့ ...ဒီကောင့်ကို ကြိုးဖြေပေးလိုက်။ ငါ့လို ဆရာ တစ်ဆူကိုတောင် မချေမငံနဲ့ ရိုင်းရိုင်းစိုင်းစိုင်းပြောရဲတဲ့ ဒင်းကို ငါကိုယ်တိုင် အပြစ်ပေးဆုံးမမယ်"

ဟု ဂိုဏ်းချုပ်ရာပြည့်က စိတ်ဆိုးစွာဖြင့်ပြောရင်း အင်္ကျီ လက်ကို ဆွဲတင်လိုက်သည်။

ထိုစဉ် နေလလက်ထောက်ဂိုဏ်းသားတစ်ဦးက –

"ဆရာကြီးနဲ့ယှဉ်ရလောက်အောင် ဒီကောင်လေးမှာ အရည်အချင်းမရှိပါဘူး။ ကျွန်တော်ပဲ ဆရာကြီးကိုယ်စား ယှဉ်လိုက်ပါ့မယ်"

"အေး ...ဟုတ်တယ်၊ ငါနဲ့ လက်ရည်ချင်းမညီဘူး။ ဒင်းပဲ ငါ့ကိုယ်စား ဆုံးမလိုက်ပါ"

အောင်ဖြိုးအား ချည်ထားသောကြိုးများ ဖြေပေးလိုက်

သောအခါ တိုက်ခိုက်ရန် အသင့်အနေအထားဖြင့် အောင်ဖြိုးက နေရာယူလိုက်သည်။

အောင်ဖြိုးသည် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းတက်စဉ်က မြန်မာ့လက်ရွေးစင်ချန်ပီယံဟောင်း ကရာတေးဆရာ တစ်ဦးထံတွင် ကရာတေးသိုင်းပညာရပ်များကို ငါးနှစ်တာမျှ သေသေချာချာ လေ့လာအားထုတ်သင်ယူခဲ့ဖူးသူပင်။

ကရာတေးသိုင်းပညာ၏ ထုံးစံအတိုင်း ဘယ်ခြေဘယ်လက်ကို ထုတ်ကာ အဆင်သင့်နေရာယူလိုက်သည်။

ထိုသို့ အောင်ဖြိုး အသင့်နေရာယူပုံကို တစ်ဖက်ယှဉ်ပြိုင်ဘက်က ကြည့်ပြီး ရှုံ့ချပြောဆိုခဲ့သည်။

"မြန်မာဖြစ်ပြီး တိုင်းတစ်ပါးလူမျိုးရဲ့ သိုင်းပညာကို သင်ထားရတယ်လို့ စိတ်ပျက်စရာကောင်းတဲ့ လူငယ်ပဲ။ မင်း သင်ယူထားတဲ့ တိုင်းတစ်ပါးသိုင်းပညာနဲ့ ငါ တတ်မြောက်ထားတဲ့ မြန်မာ့သိုင်းပညာရပ်တစ်မျိုးဖြစ်တဲ့ ဗန်တိုဗန်ရှည်ပညာရပ်နဲ့ ယှဉ်ပြိုင်ကြတာပေါ့ကွာ"

"ကျား"

"ထောက်"





"ဝှစ်"

"ယား"

"ယိ"

"ဖြောင်း"

"ဝှစ်"

အစပိုင်းတွင် အောင်ဖြိုးနှင့်နေလကိုဏ်း၏ လက်ထောက်တို့သည် ဘတစ်ပြန် ကျားတစ်ပြန် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသည်။ သို့သော် ဒုတိယအချီတွင် အောင်ဖြိုး၏ လှုပ်ရှားတိုက်ခိုက်မှုထက် နေလကိုဏ်းလက်ထောက်၏ လှုပ်ရှားတိုက်ခိုက်မှုက ပို၍မြန်ဆန်လာသလို တိုက်ကွက်တွေကလည်း ရှုပ်လာသည်။ ထို့ကြောင့် ဒုတိယအချီတွင် ဆိနှင့်ရေပမာ သိုင်းပညာရပ်ချင်းရော အသုံးချကျွမ်းကျင်မှုချင်းပါ လွန်စွာကွာဟလွန်းသဖြင့် အောင်ဖြိုးခမျာ အလူးအလဲ ခံရရှာတော့သည်။

"ကောင်လေးသတိထား။ လေဟုန်မာန်ခွင်း ဂျွန်ဆင်း တိုက်ကွက်လာပြီ"

"ဝိုး"

"ထောက်"

"ဖြောင်း"

"အု"

အောင်ဖြိုးသည် အလူးအလဲခံရ၍ ရှုံးနိမ့်နေသော်လည်း အဘိုးလေးချုနှင့် မိမိချစ်သူရှေ့မှာမို့ အရှုံးပေးရမည်ကို ရှက်ရွံ့လှသဖြင့် အထိနာနာဖြင့် ဆက်လက်စိန်ခေါ်ခဲ့သည်။

ကြမ်းပြင်ပေါ်မှ မထနိုင်ထနိုင်နှင့် –

"ခင်ဗျားကိုကျွန်တော်နိုင်ရင် အဘိုးလေးချုနဲ့ ဟို မိန်းကလေးကို ချက်ချင်းလွှတ်ပေးရမယ်၊ ဘယ်လိုလဲ"

"ဟား ဟား ဟား ... သွေးရူးသွေးတန်းနဲ့ လျှောက်ပြောမနေနဲ့ ကောင်လေး။ မင်းရှုံးနေပြီကွ"

"ဒါက . ခင်ဗျားအထင်ပါ၊ ကျုပ် အရှုံးမပေးမချင်း ခင်ဗျား မနိုင်သေးပါဘူး၊ လာခဲ့စမ်းပါ ဝိဇ္ဇာရူးကောင်"

နေလကိုဏ်းလက်ထောက်အမျိုးသားကြီးသည် သူ့အားရင့်သီးစွာ ပြောဆိုသော အောင်ဖြိုးကို စားမတတ် ဝါးမတတ် ကြည့်၍ အသေတိုက်ခိုက်ရန် နေရာယူလိုက်သည်။

"ခြသေ့လည်ပြန်မာန်ပါပါ လာပြီဟေ့"

"ဝှစ် ဝှစ်"





"ဖြောင်း"

"အု"

"ထောက်"

"အ"

"ကောက်ပွေ့ ကောက်ရိုက် တိုက်ကွက်ကိုပါ တစ်ခါတည်း မြည်းစမ်းလိုက်ပါ ကောင်လေးရယ်"

"ဟိတ်"

"ထောင်း ဖြောင်း"

"ဘုန်း"

"အား"

နေလကိုဏ်းလက်ထောက်သည် လျင်မြန်စွာသော အဟုန်အားဖြင့် အောင်ဖြိုးအား ကောက်ချီမ၍ အပေါ်သို့ ပစ်တင်ပြီး ပြန်အကျတွင် ဒူးတံတောင်များပစ်သွင်းလိုက်ရာ အောင်ဖြိုးမှာ အတော်ခပ်လှမ်းလှမ်းသို့ လွင့်စဉ်သွားလေသည်။

နံရိုးနှစ်ချောင်းကျိုး၍ အထိနာသွားသော အောင်ဖြိုးပြန်မထနိုင်ရှာတော့ပေ။ သို့သော် စော်ကားမော်ကား အပြောခံထားရသော နေလလက်ထောက်က သိပ်မကျေနပ်သေးသဖြင့်

အပြတ်ရှင်းရန် အောင်ဖြိုး လဲကျသောနေရာသို့ လာကာ အနီးရှိ ဓားကို ဆွဲထုတ်ယူပြီး အောင်ဖြိုး၏နလုံးနေရာ တည့်တည့်သို့ ထိုးရန် အားထုတ်နေစဉ် –

ဘယ်အချိန်ကတည်းက ကြိုးဖြေထားသည်မသိသော အိုမိသည် ဝံပုလွေသတ္တဝါအသွင်သို့ ချက်ချင်းပြောင်းလဲလိုက်ပြီး ချစ်သူအောင်ဖြိုးအား ဓားထိုးအသေသတ်ရန် အားထုတ်နေသော နေလဂိုဏ်းလက်ထောက်ကို မာန်ဖီ၍ ခုန်အုပ်တိုက်ခိုက်ပါတော့သည်။

''ဂါး''

''ထန်း''

နေလဂိုဏ်းလက်ထောက်သည် ဝံပုလွေသတ္တဝါ၏ ရုတ်တရက် ခုန်အုပ်တိုက်ခိုက်မှုကြောင့် လူတခြား ဓားတခြားဖြစ်ကာ လွင့်စင်သွားသည်။

''ဂါး ဂါး''

နေလဂိုဏ်းလက်ထောက်ကို ဝံပုလွေမသတ္တဝါက မျက်ခြေမပြတ် အသေအကြေပင် ဖမ်းဆွဲကိုက်သတ်တိုက်ခိုက်ခဲ့သည်။ ကြမ်းပြင်ပေါ်တွင် နေလလက်ထောက်အား အုပ်မိုး၍ အပေါ်စီးမှ





ဝံပုလွေမသတ္တဝါက မာန်ဖီ၍ ကိုက်ခဲဖမ်းဆွဲတိုက်ခိုက်ခဲ့ရာ လက်ထောက်နေလဂိုဏ်းသားခမျာ ဒဏ်ရာဒဏ်ချက် ကိုက်ရာများနှင့် သွေးများ ချင်းချင်းထ၍ မြင်မကောင်းတော့ပေ။

ထိုစဉ် နေလဂိုဏ်းချုပ် ဦးရာပြည့်က တိုက်ခိုက်နေသော ဝံပုလွေမသတ္တဝါအား အသင့်ရှိသော လေးမြားတို့ဖြင့် ပစ်ထည့်လိုက်ရာ ဝံပုလွေမသတ္တဝါ၏ ဘယ်ဘက်လက်ပြင်ဘက်သို့ မြားတစ်ဆုံး ဝင်သွားလေသည်။

ဆက်လက်မတိုက်ခိုက်နိုင်တော့ဘဲ နေရာမှာတင် တုံ့ခနဲ ဝံပုလွေမခမျာ လဲကျသွားခဲ့သည်။

ထိုစဉ် –

''ဆရာကြီး ... လေလိုတိုက်ခိုက်တာမြန်ပြီး လေလိုပျောက်ကွယ်တတ်တဲ့ အနက်ရောင်ဝတ် သိုင်းသမားငါးဦး ဌာနချုပ်ထဲကို ရုတ်တရက် ဝင်ရောက်လာပြီး ကျွန်တော်တို့ နေလဂိုဏ်းသားတွေကို သတ်ဖြတ်တိုက်ခိုက်သွားတာ လူပေါင်းနှစ်ရာသေကုန်ပါပြီ၊ ကြောက်လို့ ပြေးတဲ့လူလည်း ပြေးကုန်ပါပြီ''

''ရှီး''

''ဒုတ်''

"အား"

အစီရင်ခံနေသော နေလဂိုဏ်းသားကို ကြယ်ပုံသဏ္ဌာန် လက်နက်ထိမှန်ကာ လဲကျသေဆုံးသွားလေသည်။

ရုတ်တရက် အနက်ရောင်ဝတ် ဂျပန်ရှိုးဂန်းနင်ဂျာများ ဓာတ်အုပ်ခန်းမထဲသို့ ဝင်ရောက်လာကာ ဂိုဏ်းချုပ်ရာပြည့်အား ဓားများကိုယ်စီဖြင့် တိုက်ခိုက်ရန် ဝိုင်းလိုက်သည်။

ဂိုဏ်းချုပ်ရာပြည့်ကလည်း ပြန်လည်တိုက်ခိုက်ရန် အသင့်အနေအထားဖြင့် နေရာယူလိုက်သည်။ ထိုသို့ နေရာယူရင်း ဂါထာတစ်ခုကို တီးတိုးရွတ်ဆိုလိုက်သည်။

လက်မဲ့ဗလာဖြစ်နေသော ရာပြည့်ကို နင်ဂျာငါးဦးက မတိုက်ခိုက်ခင် နင်ဂျာတစ်ဦးက မြန်မာလို –

"ငါ့ရဲ့ချစ်သူ အိုမိမိန်းကလေးကို ဘယ်မှာချုပ်ထားလဲ"

"ဟား ဟား ဟား ... ငါ့ရဲ့ချစ်သူမိန်းကလေး ဟုတ်လား၊ ဒီမှာ တိုင်းတစ်ပါးသားမောင်ရင် ... မင်းချစ်သူ မိန်းကလေးက လူသားစင်စစ် မိန်းကလေးတစ်ယောက် မဟုတ်ဘူးကွ၊ ဟိုမှာ မြားမှန်လို့သေနေတဲ့ ဝံပုလွေမ,ဟာ မင်းရှာနေတဲ့ မိန်းကလေးပါပဲ"





"အို ... ဝံပုလွေမကြီးပါလား၊ ဒါ ... ဒါ ... ဘယ်လို ဖြစ်ရတာလဲ"

"မင်းရဲ့ချစ်သူ မိန်းကလေးက ဒဏ္ဍာရီဝံပုလွေသတ္တဝါ မျိုးပဲ၊ သူတို့ဟာ လူသားတွေလို ဖန်ဆင်းနေနိုင်ကြတယ်၊ လပြည့်လကွယ်ညတွေဆို သူတို့ဟာ မူလဘဝအမှန် ဝံပုလွေလို ပြောင်းလဲဖြစ်ကုန်ကြပြန်တယ်၊ မော်ဆန်ဆန် ဂမ္ဘီရဆန်တယ်ပေါ့ လေ"

အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသော နင်ဂျာတစ်ဦးသည် သေဆုံးနေသော ဝံပုလွေမကိုကြည့်လိုက် နေလဂိုဏ်းချုပ်ကိုကြည့်လိုက်နှင့် အတော်မကျေမနပ် ဖြစ်နေသည်။ ထိုနင်ဂျာကပင် ဦးဆောင်၍ ရာပြည့်အား တိုက်ခိုက်တော့သည်။

"ယား"

"ထန်း"

"ဟင်"

"ဟာ"

နင်ဂျာငါးဦးစလုံးသည် လက်နက်မဲ့ရာပြည့်အား ဓားဖြင့် ဝိုင်းခုတ် ဝိုင်းပိုင်းခဲ့ကြသည်။ သို့သော် နေလဂိုဏ်းချုပ်ရာပြည့်၏

ကိုယ်ခန္ဓာအပေါ်တွင် မည်သည့်ဒဏ်ရာအရာမျှပင် မဖြစ်ဘဲ ပကတိအတိုင်း ကောင်းမွန်နေဆဲမို့ နင်ဂျာသိုင်းသမားများ အားလုံး အံ့ကြကုန်ကြတော့သည်။

"ဟား ဟား ဟား ဟား ... မြေလျှိုးမိုးပျံ တိုက်ခိုက်တာတော်တဲ့၊ နင်ဂျာသိုင်းသမားတွေနဲ့ ကာယသိဒ္ဓိအောင်ထားတဲ့ ရာပြည့်နဲ့တော့ ဒီနေ့ တွေ့ကြပြီပေါ့ကွာ။ ကဲ လာကြစမ်း ... ငါ့ကို ကြိုက်သလောက် ခုတ်ကြစမ်း"

"ထန်း"

"ထန်း ထန်"

နင်ဂျာငါးဦးက မကျေမနပ်ဖြင့် ဦးရာပြည့်အား ဓားဖြင့် ထပ်မံခုတ်ကြ ပိုင်းကြပြန်သည်။ ဘာမှမဖြစ်သဖြင့် ရာပြည့်အား အံ့ဩစိတ်ဖြင့် ပိုင်းကြည့်နေကြသည်။

ဂိုဏ်းချုပ်ရာပြည့်သည် .နင်ဂျာသိုင်းပညာရှင်ငါးဦးကို ခဏစောင့်ရန် လက်ဖြင့် အချက်ပြလိုက်ရင်း ... သူ၏အပေါ် ပိုင်းဝတ်အင်္ကျီကို ချွတ်၍ တောင်ရှည်ပုဆိုးကို ခိုင်မြဲနေအောင် ပြင်ဝတ်ရင်း ပုဆိုးကို ခေါင်းတောင်းကျိုက် ဝတ်ဆင်လိုက်သည်။

ထိုသို့ပြုလုပ်ပြီးနောက် ကြမ်းပြင်ပေါ်ကျနေသော





ငှက်ကြီးတောင်ဓားတစ်လက်ကို ကောက်ယူ၍ ဓားရေးကစား ပြကာ နင်ဂျာတို့ကို စိန်ခေါ်လိုက်သည်။ ခန့်ညား၍ ယောကျ်ား ပီသကာ ကြည့်ကောင်းလှသည်။

"ကဲ ... နောက်ထပ် ငါ့ကို ခုတ်ချင်သေးတယ်ဆိုရင်လည်း ထပ်ပြီး ခုတ်နိုင်တယ်၊ အဆင်သင့်ဖြစ်ပြီ လာကြ"

ဂျပန်နင်ဂျာသိုင်းပညာရှင်ငါးဦးသည် ကင်ဒိုဓားသိုင်း ပညာရပ်ကို အနည်းငယ်ကစားပြီး မိမိတို့ခန္ဓာကိုယ်ကို လေကတော့ဝဲလို လျှင်မြန်စွာ လေပေါ်ခုန်ဝဲ၍ ဂိုဏ်းချုပ်ရာပြည့်အား တစ်ပြိုင်နက်တည်း ဓားဖြင့် ပိုင်းခုတ်ပိုင်းလိုက်ကြသည်။

"ထန်း ဂလန် လန်"

"ဟင်"

ရာပြည့်၏ ဗလာကျင်းအပေါ်ပိုင်းခန္ဓာကိုယ်ကို ခုတ်ရသည်မှာ ဘာမှမဖြစ်သလို သံမဏိသံတုံးကြီးကို ခုတ်ရသလို ... ရာပြည့်၏အသားမှာ အလွန်မာကြော၍ သံသားပမာ ဖြစ်နေသည်။

"ဟား ဟား ဟား ... မင်းတို့ ဘယ်လိုခုတ်ခုတ် ဘယ်လိုတိုက်တိုက် ငါ့ကို မနိုင်,နိုင်ပါဘူးကွာ၊ ငါက ပွဲကျောင်း

ထွက် သိုင်းပညာရှင်တစ်ဦးဖြစ်တဲ့အပြင် ကာယသိဒ္ဓိအောင်ထားတဲ့ သိုင်းပညာရှင်တစ်ဦးပဲ၊ မင်းတို့ တစ်နေကုန် ငါ့ကို ဝိုင်းခုတ် ဝိုင်းတိုက်ရင်လည်း မနိုင်ပါဘူး။ အားကုန်မောရုံပဲ အဖက်တင်မယ်၊ မင်းတို့နင်ဂျာသိုင်းသမားတွေထက် ငါက ပိုအဆင့်မြင့်ပြီး ပိုတော်တယ်၊ ဒီတော့ မင်းတို့ကို ငါမတိုက်ခင် ငါ့ကို ဒူးထောက်တောင်းပန်ရင် မင်းတို့ငါးဦးစလုံးကို အသက်ချမ်းသာပေးမယ်''

နင်ဂျာသိုင်းသမားများသည် ရာပြည့်အား ဆက်လက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

''ဒီတစ်ခါတော့ ငါ့အလှည့်ပဲ၊ ခံနိုင်ရင် ခံပေတော့''

''ကျား''

''ချွမ်း ချွမ်း ချွမ်း''

''ထန်း ထန် ထန်း''

''ဂလန်''

''ပျံလွှား ရေသောက်ဆင်း တိုက်ကွက်လာပြီ''

''ဝီး ဝီ''

''ချပ် ချပ်''





''အု''

''အား''

နင်ဂျာသိုင်းသမားနှစ်ဦး အထိနာ၍ ပွဲချင်းပြီးလဲကျသေဆုံးသွားခဲ့သည်။

''ပုရိပ်ယောင် တိုက်ကွက်လာပြီ၊ မျက်စိလျှင်လျှင်နဲ့တိုက်ပေတော့''

''ယား''

လေပေါ်တွင် ခုန်ပျံဝဲ၍ လေအလျှင်ကဲ့သို့ ဟိုမှဒီ ပြေး၍ ရာပြည့်က ရပ်လိုက်သည်။ ဟိုနေရာ ဒီနေရာဖြင့် ရာပြည့်ကိုယ်ပွား သိုင်းသမားများစွာ ပေါ်ထွက်လာသည်။

ကျန်သော နင်ဂျာသုံးဦးက ရာပြည့်ကိုယ်ပွားများကို ရာပြည့်အထင်နှင့် တစ်ဦးပြီးတစ်ဦး ဓားဖြင့် ထိုးခုတ်သတ်နေသည်။

မှားပြီး တိုက်ခိုက်နေသော နင်ဂျာသုံးဦးကိုကြည့်၍ ရာပြည့်က –

''ဟား ဟား ဟား''

ထိုသို့ရယ်မောစဉ် အရိပ်ထွက်သလိုဖြစ်နေသော

ရာပြည့်အား တိုက်ခိုက်ရန် နင်ဂျာနှစ်ဦးက လေတွင် ဝဲပျံ၍ ဓားနှင့်ခုတ်ရန် လေထဲ ဓားအမြှောက်တွင် ရာပြည့်သည် အနား တွင် ထောင်ထားသော လှံနှစ်လက်ကို လျင်မြန်စွာယူ၍ နင်ဂျာ နှစ်ဦးထံ ပစ်ထည့်လိုက်ရာ ရင်မှကျောနောက်သို့ လှံသွားတဆုံး ဝင်၍ ထိုးပေါက်ကာ မြေပေါ်သို့ လဲကျသေဆုံးသွားလေသည်။

ကျန်နင်ဂျာတစ်ဦးက ကြယ်ပျံများ၊ ဓားပျံများဖြင့် ရာပြည့်ထံ ပစ်ပေါက်၍ တိုက်ခိုက်သည်။

"ထန်း"

"ဒေါက် ဒေါက်"

"ဒေါက် ဒေါက် ဂလောက်"

ရာပြည့်ကိုယ်ကို ထိမှန်ပြီး ဘေးနှင့်ကြမ်းပြင်ပေါ်သို့ လွင့်စင်ကျသွားလေသည်။

ရာပြည့် ဘာမှမဖြစ်သဖြင့် ... ထိုနင်ဂျာတစ်ဦးသည် လေတွင် လေကတော့ဝဲကဲ့သို့ တိုက်ကွက်ကို ဖန်တီးပြုလုပ်၍ ရာပြည့်အား တိုက်ခိုက်ရာ ရာပြည့်ကလည်း လေပေါ်သို့ ပျံလွှား ပမာ ခုန်ပျံဝဲ၍ နင်ဂျာအား ဓားဖြင့် လျင်မြန်စွာ ခုတ်ပိုင်း တိုက်ခိုက်လိုက်သည်။





နှစ်ဦးသား မြေပေါ်သို့ ပြန်အကျတွင် နင်ဂျာသိုင်းသမား ၏ ခေါင်းပိုင်းမှာ ပါမလာတော့ဘဲ ဖင်ပြတ်ကာ ပွဲချင်းပြီးသေဆုံး ခဲ့ရလေသည်။ တုတ်ပြီးဓားပြီးသော ရာပြည့်မှာ ဘာဒဏ်ရာအရာ မှပင် မထင်ဘဲ မြေလျှိုးမိုးပျံအဆင့်မြင့်နင်ဂျာသိုင်းသမားငါးဦးကို အောင်ပွဲခံတိုက်ခိုက်နိုင်ခဲ့သည်။

"ဟား ဟား ဟား ဟား ... အားလုံးကို ငါနိုင်တယ်၊ မျိုးဆက်သစ်လူတွေနဲ့ နေလကိုဏ်းကို ပြန်ဖွဲ့စည်းပြီး ဒီလောက ကြီးကို ငါ့စိတ်တိုင်းကျ ဖန်တီးပြုလုပ်မယ် ...ဟား ဟား ဟား ဟား"

ထိုသို့ ကြိမ်းဝါးပြောဆို၍ စင်ပေါ်တွင်ထားသော ဓာတ် လုံးကို လှမ်းယူမည်အပြုတွင် –

"ရပ်လော့ လောဘလူသား"

ရာပြည့်၏ ရှေ့တစ်လံအကွာတွင် အရောင်အဝါများ ထွက်နေသော တည်ငြိမ်၍ ချောမောလှသော အဖြူရောင်ဝတ် အမျိုးသမီးတစ်ဦး ပေါ်လာသည်။

"အသင်က ဘယ်သူလဲ၊ ကျုပ်ကိုဘာကြောင့် တားရ ဘာလဲ"

"ငါက ဒီဓာတ်လုံးရဲ့ပိုင်ရှင်ပဲ၊ သင်နဲ့ ဒီပစ္စည်းဟာ မသက်ဆိုင်သလို သင်နဲ့လည်းမထိုက်တန်ဘူး။ သင်ဟာ သီလတွေ ကျိုးပေါက်ထားတဲ့အပြင် များစွာသောအကုသိုလ်တွေကို ပြုလုပ်ကျူးလွန်ထားတဲ့ လူသားမို့ သင်နောက်ဆုတ်ပါတော့၊ မဟုတ်ရင် သင့်အပေါ် ဘေးဆိုးတွေ ကျရောက်လာလိမ့်မယ်"

ရာပြည့်သည် မကျေမနပ်ဖြစ်ကာ မထီမဲ့မြင်မျက်နှာပေးနှင့် –

"လိုချင်တဲ့အရာကို ကျုပ်ကတော့ ရအောင်ယူမှာပဲ၊ ကျုပ်ကို ဘယ်သူမှ လာတားလို့မရဘူး။ သင်က ကျုပ်ကို ယှဉ်ပြိုင်တိုက်ခိုက်လို့ နိုင်မယ်များ ထင်နေလား။ ကျုပ်က ကာယသိဒ္ဓိအောင်ထားတဲ့ လူသားစင်စစ် စွမ်းအားရှင်ဗျ။ သင်က လပြည့်လကွယ်တွေဆို မူလဝံပုလွေသတ္တဝါဘဝကို ပြောင်းလဲဖြစ်ရတဲ့ ဒဏ္ဍာရီဝံပုလွေသတ္တဝါ။ သင်က ကျုပ်ထက် အဆင့်အတန်း သိပ်နိမ့်ပါးလွန်းပါတယ်။ ဒါကြောင့် ကိုယ့်ထက် အဆင့်နိမ့်လွန်းတဲ့ သင့်လိုတိရစ္ဆာန်သတ္တဝါကို ကျုပ် မတိုက်ခိုက်ချင်ပါဘူး။ ကျုပ်ရဲ့လမ်းမှာ သင်လာမပိတ်ပါနဲ့။ ကျုပ်နဲ့ဝေးရာကို သင် ထွက်သွားပါတော့ ဝံပုလွေမ"





"ငါဟာ ဝံပုလွေသတ္တဝါဖြစ်ပေမယ့်လည်း ယနေ့အချိန်ထိ ဘယ်သူကိုမှ ဒုက္ခမပေးခဲ့ဖူးဘူး။ ဗုဒ္ဓရဲ့ အဆိုအမိန့်နဲ့ တရားနည်းလမ်းတွေကို လိုက်နာကျင့်ကြံနေထိုင်ခဲ့တဲ့သူပါ။ များစွာသောလူတွေနဲ့ များစွာသော သတ္တဝါတွေဟာ သင့်ကို အကြောင်းပြုပြီး သေကြေပျက်စီးကုန်ကြရပြီ။ သင် နောင်တမရသေးဘူးလား"

"သင့်ပါးစပ်ပိတ်ထားစမ်း ဝံပုလွေမ၊ ကျုပ်တစ်ခုခုလုပ်မိလိမ့်မယ်"

"ဗုဒ္ဓရဲ့ နိဗ္ဗာန်ရောက်ကြောင်း အဆိုအမိန့်တရားနည်းလမ်းတွေကို ကျောပေးပစ်ပယ်ပြီး လမ်းလွဲလိုက်နေတဲ့ သင့်လိုလောဘသားလက်ထဲ ဓာတ်လုံးကို ငါမပေးနိုင်ဘူး။ သင် ဓာတ်လုံးကို ထိဖို့တောင် စိတ်မကူးနဲ့တော့။ ငါပြောသလို သင်လိုက်နာရင် သင် အသက်ချမ်းသာရာ ရပါလိမ့်မယ်"

"ဟား ဟား ဟား ဟား ... သင်ခြောက်တိုင်း ကျုပ်ကကြောက်မယ်ထင်နေသလား။ ကျုပ်ရဲ့အစွမ်းကို သင် မြည်းစမ်းကြည့်ချင်ပြီထင်တယ်၊ ဟင်း"

"သင့်မှာရှိတဲ့ အစွမ်းသိဒ္ဓိတွေနဲ့ ငါ လက်ကိုင်ပြုထားတဲ့

ဗုဒ္ဓရဲ့ဂုဏ်တော်တရားတွေကို လာယှဉ်ပြိုင်လို့ မရပါဘူး''

''ကျုပ်ကို စိန်ခေါ်တယ်ပေါ့၊ ကောင်းပြီ . . . သင့်ကို ကျုပ် စတင်တိုက်ခိုက်တော့မယ်။ သင့်ကိုယ်သင် ကာကွယ်ဖို့ အသင့်ပြင်ထားပေတော့''

ရာပြည့်သည် မျက်လုံးကို အသာမှိတ်ကာ ငြိမ်သက်စွာ နေလိုက်သည်။ မကြာခင် လေများ တစ်ချက်တစ်ချက် ဝေ့၍ တိုက်လာသည်။ နောက်ထပ်အနည်းငယ်အချိန်တွင် လှံများ၊ ဓားများ၊ မြားများ ဟိုမှဒီမှ ထွက်လာကာ ရာပြည့်၏အရှေ့ဘက်သို့ လက်နက်မြောက်များစွာ ရောက်လာကာ လေတွင် ဝဲခို၍ ရပ်နေသည်။

ထိုအချိန်တွင် ဝံပုလွေအမျိုးသမီးသည် ဗုဒ္ဓ၏ဂုဏ်တော်ကိုးပါးကို ဆင်ခြင်ပွားများ ရွတ်ဆိုရင်း မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းနေသည်မှာ တစ်လံဝန်းကျင်ပတ်ပတ်လည်တွင် အရောင်အဝါများပင် ထွက်နေသည်။

ရာပြည့်သည် မိမိရှေ့ဘက် လေတွင် ဝဲခိုငြိမ်သက်နေသော မြောက်များစွာသော ဓား လှံ မြား လက်နက်များ၏ အသွားများကို ဝံပုလွေအမျိုးသမီးဘက်သို့ လှည့်လိုက်ပြီး စိတ်





အာရုံညွတ်၍ အားကုန်ပြင်းစွာ ပစ်လွှတ်လိုက်လေသည်။

''ဝီး ဝီး ဝီး''

''ရွှီး ရွှီး ရွှီး''

''ဖြော ဖြော''

ဝံပုလွေအမျိုးသမီးဆီသို့ ရာပြည့်ပစ်လွှတ်လိုက်သော လှံ ဓား မြားလက်နက်တို့သည် ဝံပုလွေအမျိုးသမီး၏ တစ်လံအကွာတွင် ရုတ်တရက် ငြိမ်သက်ရပ်တန့်သွားကြသည်။ ခဏအကြာတွင် ရပ်တန့်ငြိမ်သက်နေသော လှံ ဓား မြား လက်နက်အားလုံးတို့သည် ရာပြည့်ဆီသို့ ပြန်ကန်လှည့်ထွက်လာကြသည်။

ရာပြည့်သည် မိမိထံသို့ ပြန်လှည့်လာသော လှံ ဓား မြား လက်နက်များစွာတို့ကိုကြည့်၍ တည်ငြိမ်စွာပင် ဂါထာတစ်ခုကို ရွတ်ဆို၍ မျက်လုံးမှိတ်ထားလိုက်သည်။

''ထန်း ထန်းလန် ထန်း''

''ဒေါက် ဒေါက် ဂဒေါက် ဒေါက် ဒေါက်''

''ထပ် ထပ် ထပ်၊ ဂလောက် လောက်''

ရာပြည့်ကိုယ်ခန္ဓာအနှံ့အပြားသို့ ထိမှန်သွားသော်လည်း ဘုတ်ပြီး ဓားပြီးသူမို့ ဘာဒဏ်ရာဒဏ်ချက်မှ မရရှိခဲ့ပေ။

"ဟား ဟား ဟား။ ကျုပ်ကို ဘာလက်နက်ပစ္စည်းမှ မထိုးဖောက်နိုင်ဘူးဗျ။ ဒါပေမဲ့ ကျုပ်တစ်သက်မှာ ကျုပ်ကို တန်ပြန်တိုက်ခိုက်နိုင်တဲ့ ခင်ဗျားကိုတော့ ချီးကျူးပါတယ်။ ကျုပ်နဲ့ ဆက်လက်ပြီး ယှဉ်ပြိုင်ပါဦး"

"ဦး ဦး ဦး -----"

ဟု ရာပြည့်က တီးတိုးဂါထာကို ရွတ်၍ သူ၏ ဒူးနှစ်ဖက်တွင် ထိုးထားသော ဆေးမင်ကြောင်ကျားရုပ်များကို လက်ဖြင့် အဲသာပုတ်လိုက်ရာ ဆေးမင်ကြောင်ကျားရုပ်များသည် အသက်ဝင်လာကာ ကိုးတောင်ကျားအရွယ်သို့ ချက်ချင်းပြောင်းလဲသွားခဲ့လေသည်။

"ဝေါင်း"

ဆေးမင်ကြောင်ထိုး ကျားရုပ်နှစ်ရုပ်သည် သက်ရှိ ကျားသတ္တဝါပုံစံသို့ ပြောင်းလဲသွားသောအခါ ဝံပုလွေအမျိုးသမီးကို ခုန်အုပ်တိုက်ခိုက်ရန် မာန်စောင်၍ အရှိန်ယူနေသည်။

"ဂရား ဂရား"

ဝံပုလွေအမျိုးသမီးသည် ဓာတ်လုံးကိုကြည့်၍ ဂါထာတစ်ခုကို တီးတိုးရွတ်ဆိုလိုက်ရာ စင်ပေါ်ရှိဓာတ်လုံးသည် သူမထံသို့ လေတွင် ပျံဝဲလာသည်။ ပျံဝဲလာသော ဓာတ်လုံးကို သူမက လက်ဖြင့် အသာယူလိုက်သည်။ ထို့နောက် ဓာတ်လုံးကို နှီးထ ခစေသော ဂါထာကို တစ်ဖန် ရွတ်ဆိုလိုက်ပြန်သည်။

ဓာတ်လုံးတွင် ကိန်းဝပ်နေသော မှော်ဓာတ်စွမ်းအားများ အရောင်အဝါများပင် ထွက်၍ နိုးထလာပါတော့သည်။ သူမ၏ရှေ့လေတွင်ဝဲပျံကာ နိုးထလာသော ဓာတ်လုံးကိုကြည့်၍ သူမက–

"ခွန်အားကြီးတဲ့ ခြင်္သေ့နှစ်ကောင်ထွက်လော့"

ထိုသို့ သူမက အမိန့်သံဖြင့် ပြောလိုက်ရာ မှော်ဓာတ်လုံးထဲမှ လွန်စွာကြီးသော ခြင်္သေ့ကြီးနှစ်ကောင်ထွက်လာသည်။

"ဝေါင်း ဂရား ဝေါင်း"

"ဟိုကျားနှစ်ကောင်ကို တိုက်ခိုက်နှိမ်နင်းလော့"

"ဝေါင်း"

သူမကို တစ်ချက်ကြည့်ကာ ခြင်္သေ့နှစ်ကောင်က မာန်ဖီသံပေး၍ ကျားနှစ်ကောင်အား သတ်ပုတ်ကိုက်ခဲ တိုက်ခိုက်ကြပါတော့သည်။

"ဝေါင်း ဝေါင်း"

"ဂါး ဂရား ဂရား"

ကျားနှစ်ကောင်နှင့် ခြသေ့်နှစ်ကောင်တို့ အပြင်းအထန် သတ်ပုတ်တိုက်ခိုက်ရာ အချိန်အနည်းငယ်အကြာတွင် ခွန်အားပိုကြီး၍ အသတ်အပုတ်ကောင်းသော ခြသေ့်နှစ်ကောင်က ကျားနှစ်ကောင်ကို ကိုက်ဖြတ်သတ်၍ အနိုင်ယူလိုက်ပါသည်။

ကျားနှစ်ကောင် ရှုံးနိမ့်သွားသောအခါ ကျားရုပ်ဆေးမင်ကြောင်ထိုးထားသော ရာပြည့်၏ ဒူးနှစ်ဖက်နေရာရှိ အသားများပဲ့၍ စုတ်ပြဲသွားခဲ့သည်။

''အား''

ရာပြည့်သည် နာကျင်လွန်းသဖြင့် သံကုန်ဟစ် အော်လေသည်။ ထို့နောက် မိမိဒူးနှစ်ဖက်ကိုကြည့်၍ ဝံပုလွေအမျိုးသမီးကို အလွန်စိတ်ဆိုးစွာဖြင့် –

''ဒီနေ့တော့ ငါ့အကြောင်း မင်းကောင်းကောင်းသိစေရမယ် ဝံပုလွေမ ... ဟင်း''

ရာပြည့်သည် ခါးပိုင်းအထက်နားတွင် ထိုးထားသော ဆေးမင်ကြောင်အင်းနဂါးရုပ်ကို အသာကိုင်၍ တီးတိုးဂါထာတစ်ခုကို ရွတ်ဆိုလိုက်သည်။

''ဦ ဦ ဦ ----''





ခဏအကြာတွင် ဆေးမင်ကြောင်အင်းနဂါးရုပ်သည် သက်ဝင်လှုပ်ရှားလာပြီး ရာပြည့်ကိုယ်ခါးပိုင်းမှ အလွန်ကြီးသော နဂါးကြီးတစ်ကောင် ထွက်လာသည်။ ဝံပုလွေအမျိုးသမီးကလည်း မှော်ဓာတ်လုံးကိုကြည့်၍

''နဂါးကိုနိုင်တဲ့ ဂဠုန်ရာဇာထွက်လော့''

ဟု အမိန့်သံဖြင့် ပြောလိုက်ရာ မှော်ဓာတ်လုံးမှ လွန်စွာကြီးသော ဂဠုန်ရာဇာငှက်ကြီးတစ်ကောင် လျင်မြန်စွာ ထွက်လာသည်။

''ဂီး ဂရူး ဂီး''

ဂဠုန်ရာဇာငှက်ကြီးသည် နဂါးကိုကြည့်၍ မာန်စောင်နေသည်။ ဝံပုလွေအမျိုးသမီးက –

''နဂါးကို ချေမှုန်းလော့ ဂဠုန်ရာဇာ''

''ဂီး''

ဂဠုန်သည် အပေါ်စီးမှ နဂါးအား ထိုးသုတ်တိုက်ခိုက်ပါတော့သည်။ နဂါးကလည်း ခုခံကာကွယ်ရင်း မီးတောက်များမှုတ်၍ တိုက်ခိုက်ခဲ့သည်။

''ဖူး''

''ရှိ''

ဂျွန်သည် လျှင်မြန်စွာ ခုန်ပျံရှောင်ရင်း လေတွင်ဝဲပျံကာ အရှိန်ဖြင့် နဂါး၏လည်ပျိုကို ထိုးသုတ်တိုက်ခိုက် သတ်ဖြတ်လိုက်သည်။

အင်းနဂါးသေဆုံးသွားသောအခါ ရာပြည့်၏ခါးပိုင်းပတ်ပတ်လည်အသားများ ပဲ့ထွက်စုတ်ပြဲသွားကုန်ပြန်သည်။

''အား''

ရာပြည့်သည် နာကျင်လွန်းသဖြင့် အော်၍ မြေပေါ်လူးနေရှာသည်။ အတန်ကြာတွင် ရာပြည့်သည် ဝံပုလွေအမျိုးသမီးအား အံလွန်မုန်းတီးစွာဖြင့် –

''ဒီနေ့တော့ မင်းနဲ့ငါ တစ်ယောက်ယောက်သေမှ ပွဲပြီးမယ်''

''သင်နဲ့ငါ ရန်ငြိုးတွေမရှိဘဲ သင် ဘာကြောင့် တိုက်ခိုက်ချင်ရသလဲ''

''ငါ့ကို ဒဏ်ရာအနာတရတွေ ရအောင်လုပ်တော့ မင်းကို ငါမုန်းတယ်၊ ဒါကြောင့် မင်းကို ထပ်ပြီး ငါတိုက်ခိုက်မယ် ဝံပုလွေမ''





''ငါ့ကို သင်ထပ်ပြီးတိုက်ခိုက်ရင်လည်း သင်သာ ရှုံးနိမ့်ပြီး ထပ်နာတာပဲ အဖက်တင်မယ်။ မာန်မာနတရားကို လျှော့ပါ။ အကျိုးမရှိတဲ့အလုပ်တွေ ရပ်လိုက်ပါ။ ရခဲလှတဲ့ လူ့ဘဝလေးကို တန်ဖိုးထားပြီး ဗုဒ္ဓချမှတ်တဲ့ အဆိုအမိန့်တရားတွေကို လိုက်နာကျင့်သုံးပြီး နိဗ္ဗာန်ကိုရောက်အောင် သွားပါတော့လား အသင်လူသား''

''တိတ်စမ်း တိရစ္ဆာန်မ ... ငါသွားသွား မသွားသွား မင်းအပူ မပါဘူး''

''ငါက ဝံပုလွေ တိရစ္ဆာန်ဆိုပေမယ့်လည်း ယနေ့အချိန်ထိ ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့ဘူး။ ဗုဒ္ဓရဲ့အဆိုအမိန့်တရားတော်တွေကို ကောင်းစွာနာယူလိုက်နာပြီး ဗုဒ္ဓချမှတ်ခဲ့တဲ့ တရားနည်းလမ်းတွေကို လူလိုကျင့်ကြံအားထုတ်ပြီး မြတ်သော နိဗ္ဗာန်ကို ရောက်ဖို့ ကြိုးစားနေတဲ့ သူတော်ကောင်းတစ်ဦးပါ။

သင်ကသာ လူဖြစ်ပြီး ဗုဒ္ဓရဲ့ အဆိုအမိန့်တရားတွေကို ကျောပေးပြီး သူတစ်ပါးပိုင်ပစ္စည်းတွေကို မတော်လောဘတရားနဲ့ ခိုးလိုခိုး၊ များစွာသော အကုသိုလ်တရားတွေ လုပ်လိုလုပ်၊ ဗုဒ္ဓဘုရား ဆင်းတုတော်တွေကို ရှေ့မှာချပြီး ဘုရားမကြိုက်တဲ့

အောက်လမ်းတွေ၊ မှော်လမ်းတွေကို လူအုပ်တွေနဲ့ ဂိုဏ်းဖွဲ့ပြီး လေ့လာလိုက်စားနေတဲ့ ခပ်ညံ့ညံ့လူသားပါ။ ဒီလို နှိုင်းယှဉ်ကြည့်လိုက်ရင် ငါက တိရစ္ဆာန်သတ္တဝါဖြစ်ပေမယ့် သင့်လို ခပ်ညံ့ညံ့ လူသားထက်တော့ အများကြီးသာပါတယ်''

''ဘာ''

ရာပြည့်သည် အနာပေါ်တုတ်ကျသကဲ့သို့ လွန်စွာအရှက်ရ၍ နာသွားကာ ဝံပုလွေအမျိုးသမီးအပေါ် ဒေါသူပုန်ထမိပါတော့သည်။

ဝံပုလွေအမျိုးသမီးကို အလွန်မုန်းတီးစွာကြည့်၍ ဒေါသသံဖြင့် –

''ဒီလိုဆိုရင်လည်း တရားသောနည်းလမ်းကို သင်နဲ့ကျုပ် နောက်ဆုံးယှဉ်ပြိုင်ကြရအောင်''

''သင်က ဘယ်လိုယှဉ်ပြိုင်ချင်သေးတာလဲ''

''ကျုပ်ကိုယှဉ်ပြိုင်တိုက်ခိုက်တဲ့အခါ ဓာတ်လုံးကို သင်လုံးဝအသုံးမပြုဘဲ သင့်ရဲ့ကိုယ်ပိုင်စွမ်းအားနဲ့သာ ယှဉ်ပြိုင်ပါ''

''ကောင်းပြီ ... ဓာတ်လုံးကို ငါအသုံးမပြုဘဲ သင်နဲ့ယှဉ်ပြိုင်ပါ့မယ်''





ထိုသို့ ဝံပုလွေအမျိုးသမီးက ပြောသည်ကို ရာပြည့်က လွန်စွာသဘောကျသွားပြီး တစ်ချက်ပြုံးလိုက်ရင်း စိတ်ထဲ၌ ''ဟင်း သူတော်ကောင်းမကြီးလုပ်ချင်တဲ့ ဝံပုလွေမ ဒီတစ်ခါတော့ တွေ့ကြသေးတာပေါ့ကွာ''

ဟု ကြိမ်းလိုက်သည်။

ထို့နောက် ရာပြည့်သည် လက်ဝဲလက်ယာ လက်မောင်းတွင် ထိုးထားသော မှော်အင်းဘီလူး ဆေးမင်ကြောင်အရုပ်များကို သူ၏လက်ဖြင့် သုံးကြိမ်းသုံးခါပုတ်၍ ဂါထာများကို တီးတိုးရေရွတ်လိုက်သည်။

''ဦ ဦ ဦ -----''

ထိုသို့ ရွတ်လိုက်ရာ သူ၏လက်မောင်းဝဲယာမှ ဆေးမင်ကြောင် မှော်အင်းဘီလူးအရုပ်များသည် သက်ဝင်လှုပ်ရှားလာပြီး ကုမ္ဘဏ်နတ်ဘီလူးများအဖြစ်သို့ ပြောင်းလဲထွက်ပေါ်လာကြသည်။ တစ်ဖန် ရာပြည့်က ဂါထာတစ်ခုကို ထပ်မံရွတ်ဆိုလိုက်ရာ ကုမ္ဘဏ်နတ်ဘီလူးကိုယ်ပွားများ မြောက်မြားစွာ တိုးပွားဖြစ်ပေါ်လာကြသည်။

''ဟား ဟား ဟား ဟား ဒီတစ်ခါတော့ ငါ့အလှည့်ပဲ''

ဝံပုလွေအမျိုးသမီးသည် တုန်လှုပ်ခြောက်ခြားခြင်းမရှိဘဲ တည်ငြိမ်စွာဖြင့် –

"အတုမရှိ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာဘုရားအဆူဆူတို့ကို ဦးထိပ်ပန်ဆင်၍ သမ္မာနတ်ဒေဝတာ နတ်အပေါင်းတို့အား ကျွန်ုပ်တိုင်တည်သစ္စာဆိုပါတယ်။ ကျွန်ုပ်သည် ခင်ပွန်းသည်သေဆုံးသွားသည့်အချိန်မှစ၍ နှစ်ပေါင်းငါးရာတိုင်အောင် ဥပုသ်ရှစ်ပါးသီလကို တစ်ရက်မပျက် စောင့်ထိန်း၍ ဗုဒ္ဓ၏နိဗ္ဗာန်ရောက်ကြောင်း တရားနည်းလမ်းကောင်းဖြစ်သော တရားပညာတို့ကို အားထုတ်ကျင့်ကြံနေထိုင်ခဲ့သည်မှာ ကေန်အမှန် ဖြစ်ပါသည်။ ဤမှန်သောသစ္စာစကားတို့ကြောင့် ကုမ္ဘာဏ်ဘီလူးတစ်ထောင်ကို နှိမ်နင်းနိုင်သော နတ်မင်းများ ရောက်လာပါစေသတည်း"

ဟု ... သုံးကြိမ်တိုင်တိုင် ဝံပုလွေအမျိုးသမီးက သစ္စာဆို၍ အဓိဋ္ဌာန်ပြုလိုက်ရာ မြေပေါ်မြေအောက် လျှင်လှုပ်သကဲ့သို့ မြေကြီးများ တုန်ခါသွားပြီး မိုးချုန်းသံများ ထွက်ပေါ်လာသည်။

မကြာခင်ခဏအချိန်တွင် ဝံပုလွေအမျိုးသမီးထံသို့





အရောင်အဝါ ပြိုးပြိုးပြက်ပြက်များ ထွက်ပေါ်နေသော နတ်မင်းလေးပါး ရောက်လာကြသည်။

ဝံပုလွေအမျိုးသမီးကို တိုက်ခိုက်ရန် ဝန်းရံထားသော ကုမ္ဘဏ်ဘီလူးတစ်ထောင်တို့ကို ကြွလာသော နတ်မင်းလေးပါးက တစ်ချက်ကြည့်ကာ အသင့်ယူလာသော လေးမြားတို့ဖြင့် ပစ်ခွင်းလိုက်ကြသည်။

"ဝိုး ဝိုး ဝိုး

ဝီ ဝီ ဝီ"

"ဒုတ် ဒုတ် ဒုတ်"

"အု အု အား အား

အား အု အား အား"

နတ်မင်းလေးပါး၏ ပစ်ခွင်းလိုက်သော မြားမိုးတို့ကြောင့် ခဏတွင်းချင်းပင် ရာပြည့်၏ ကုမ္ဘဏ်ဘီလူးတစ်ထောင် ကျဆုံးပျောက်ပျက်ကုန်ကြသည်။

သို့သော် ရာပြည့်သည် သူ၏ခေါင်းကို ကိုင်၍ ဂါထာတစ်ခုကို ရွတ်ဆိုပြန်သည်။ စိတ်ဆတ်သော နတ်မင်းတစ်ပါးက လေးကိုတင်ရင်း –

"ဟယ် ... ဘုရားကို ဘုရားမှန်းမသိ၊ သူတော်ကောင်းကို သူတော်ကောင်းမှန်းမသိနဲ့ အပယ့်မှားပြီး ပြစ်မှားယှဉ်ပြိုင်ချင်တဲ့ကောင်"

"ကဲဟာ"

"ဝီး"

"ဒုတ်"

"အား"

နတ်မင်းပစ်လိုက်သော မြှားတစ်စင်းသည် ရာပြည့်၏ နှလုံးသားတည့်တည့်သို့ ထိုးဖောက်ဝင်ရောက်သွားပါတော့သည်။

ရာပြည့်သေဆုံးသွားသည်နှင့် တစ်ပြိုင်နက် ငရဲပြည်မှ ယမမင်းကြီးနှင့် ငရဲသားများ ချက်ချင်းရောက်လာကာ ရာပြည့်၏ ဝိညာဉ်ကို ဖမ်းချုပ်၍ ငရဲပြည်သို့ ဆွဲခေါ်သွားကြလေသည်။

ရာပြည့်သည် ရှုန်းရင်းကန်ရင်း အော်ဟစ်ရင်းနှင့်-

"ငါ့ကိုမခေါ်နဲ့ ငါမလိုက်ဘူး ... လွှတ် လွှတ်"

"အား"

ငရဲသားများ ဆွဲခေါ်ရာသို့ လိုက်ပါပျောက်သွားပါတော့





သည်။ ထို့အတူ နတ်မင်းလေးပါးလည်း ပျောက်ကွယ်သွားလေသည်။

ဦးဘိုးချိုသည် ဝံပုလွေအမျိုးသမီးနှင့် ရာပြည့်တို့ ယှဉ်ပြိုင်တိုက်ခိုက်ပုံ၊ နောက်ဆုံး ရာပြည့်၏ ကျွန်ုပ်ဘီလူးတစ်ထောင်ကို နတ်မင်းလေးပါးက မြှားဖြင့် ပစ်ခွင်းဖယ်ရှားပုံ၊ ရာပြည့်ကို နတ်မင်းတစ်ပါးက မြှားဖြင့် ပစ်သတ်ပုံ၊ နောက်ဆုံး ငရဲသားများ ရာပြည့်အား ငရဲပြည်သို့ ဖမ်းချုပ် ခေါ်ငင်သွားပုံတို့ကို အစအဆုံး မြင်လိုက်ရသဖြင့် ဦးဘိုးချိုသည် အတော်ထိတ်လန့်တုန်လှုပ်သွားကာ သံဝေဂတရား ရမိပါတော့သည်။

ထို့နောက် ဦးဘိုးချိုကို ချည်ထားသောကြိုးများကို ဝံပုလွေအမျိုးသမီးက ခပ်လှမ်းလှမ်းမှ လေတစ်ချက်မှုတ်လိုက်ရာ ကြိုးများ အလိုအလျောက် ပြေလျော့၍ ဖြုတ်ပြီးသား ဖြစ်သွားသည်။

အနှောင်အဖွဲ့မှ လွတ်မြောက်သွားသော ဦးဘိုးချိုက ဝံပုလွေအမျိုးသမီးအား -

"ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဓမ္မမိတ်ဆွေ ... ကျွန်တော့်နာမည်က ဘိုးချိုလို့ ခေါ်ပါတယ်"

''ကျွန်မနာမည်က မိချိုနာလို့ ကွင်ပါတယ်''

ဟု ယဉ်ကျေးစွာပြောဆိုမိတ်ဆက်၍ ဦးညွတ်ခဲ့သည်။

မှေ့လဲကျနေသော အောင်ဖြိုးကို ဦးဘိုးချို က လှုပ်ခါ၍ မ,ထူပေးသော်လည်း သတိမရသဖြင့် –

''လုပ်ပါဦး ဓမ္မမိတ်ဆွေရယ် ... ဒီကလေးက ကျွန်တော့်မြေး တော်စပ်ပါတယ်၊ ခေါ်မရ လှုပ်မရဖြစ်နေလို့ ကယ်ပါဦးဗျာ''

ဝံပုလွေအမျိုးသမီးက အသာခေါင်းညိတ်ပြကာ နံရိုးကျိုး၍ ဒဏ်ရာဒဏ်ချက်များစွာနှင့် မေ့လဲနေသော အောင်ဖြိုး၏ ကိုယ်ခန္ဓာအနှံ့အပြားသို့ သူမ၏လက်ဝါးဖြင့် အုပ်မိုးပေးလိုက်ရာ အောင်ဖြိုးတစ်ကိုယ်လုံးသည် နဂိုအကောင်းပကတိအတိုင်း ဖြစ်သွားကာ အောင်ဖြိုး သတိရလာသည်။

အောင်ဖြိုးသည် သတိရရချင်းပင် လဲကျသေဆုံးနေသော အိုမိဝံပုလွေမအနားသို့သွားကာ –

''အိုမိ အိုမိ အိုမိ'' ဟု လှုပ်ခါ၍ တစာစာခေါ်တော့သည်။

ခေါ်မရ လှုပ်မရနှင့်မို့ ချစ်သူအိုမိအတွက် အလွန် စိတ်





မကောင်းဖြစ်၍ ဝမ်းနည်းလာသည်။

အောင်ဖြိုးသည် မျက်ရည်များနှင့် အိုမိဝံပုလွေအလောင်းကို ကြေကွဲစွာကြည့်၍ –

''မင်းပြောခဲ့တဲ့ ပုံပြင်ထဲကလို ဝံပုလွေမလေး ဖြစ်နေရင်လည်း မင်းကို ကိုယ်ချစ်နိုင်ပါတယ်။ မင်းတစ်ယောက်တည်းသာ ကိုယ့်ရဲ့အချစ်ဦး အချစ်ဆုံးဖြစ်ခဲ့တာမို့ ကိုယ့်နှလုံးသားထဲမှာ ဘယ်သူ့ကိုမှ အစားထိုးချစ်လို့ မရနိုင်တော့ပါဘူးကွယ်။ ကိုယ်တို့နှစ်ဦးရဲ့ ချစ်ခြင်းမေတ္တာအားလုံးကို ကိုယ့်နှလုံးသားထဲ မြတ်နိုးစွာနဲ့ ထာဝရသိမ်းဆည်းထားပါ့မယ် အချစ်ရယ်။ နောင်ဘဝမှာ ကိုယ်ချစ်တဲ့မင်းလေးနဲ့ ပြန်ဆုံဖို့ ဆုတောင်းရင်း မင်းအပေါ် သစ္စာရှိစွာနဲ့ ကိုယ်ဆက်ချစ်နေပါ့မယ် အချစ်အိုမိရယ်''

ချစ်သူနှစ်ဦး၏ ကြေကွဲဖွယ်ရာအဖြစ်ဆိုးကို ဝံပုလွေအမျိုးသမီးနှင့် ဦးဘိုးချိုတို့က အလွန်စိတ်မကောင်းဖြစ်ကာ ကြည့်နေကြသည်။ ဝံပုလွေအမျိုးသမီးက –

''သင်နဲ့အိုမိုတို့ရေစက်ဟာ ဒီဘဝမှာ ဒီမျှပဲမို့ စိတ်လျှော့ပါတော့ အသင်လူသား''

''အဟင့် ဟင့် ဟင့် ဒီး''

အောင်ဖြိုးသည် အလွန်ဝမ်းနည်းကြေကွဲ၍ အသည်းကွဲကာ ရှိုက်ကြီးတငင်ထိုင်၍ ငိုချရှာပါတော့သည်။

ဝံပုလွေအမျိုးသမီးသည် လေတွင် ဝဲခို၍ လင်းထိန်နေသော မှော်ဓာတ်လုံးကို လက်ဖြင့် အသာခံယူကာ သိမ်းဆည်းလိုက်သည်။ ထို့နောက် သမီးဖြစ်သူအိုမိအလောင်းကို ကောက်ပွေ့ရင်း –

''ကျွန်မတို့သားအမိကို သွားခွင့်ပြုပါဦး''

ဟုပြောကာ အရိုအသေပေးရင်း ပျောက်ကွယ်သွားလေသည်။

''အိုမိ အိုမိ ... မင်းနောက် ကိုယ်လိုက်ခဲ့ပါရစေ''

ဟု ... အောင်ဖြိုးသည် ဟိုပြေး ဒီပြေးနှင့် ခေါ်နေရှာသည်။

''မရှုးစမ်းပါနဲ့ အောင်ဖြိုးရယ်၊ ဒီမြေအောက်နေရာမှာ လူသေအလောင်းတွေနဲ့ ကျက်သရေမရှိဘူး။ တို့နှစ်ယောက် အပြင်ကို မြန်မြန်ထွက်ရအောင်။ လာ ... သွားကြမယ်''

ဦးဘိုးချိုက မြေးအောင်ဖြိုးကို လက်ဆွဲ၍ ထွက်ပေါက်ဘက်သို့ ပြေးထွက်လာကြသည်။





မကြာခင်အချိန်တွင် တစ်ချိန်က ခမ်းနားကြီးကျယ်စွာ ရှိခဲ့သော မြေအောက်လှိုဏ်ဂူတိုက်ခန်းကြီးတစ်ခုလုံး တုန်ခါပြီး ဟီး၍ လဲပြိုကျကာ ပျက်စီးသွားပါတော့သည်။

❄ ❄ ❄

## အခန်း (၁၇)

### ဟိမဝန္တာတောထဲက သားအမိ

ဟိမဝန္တာ တောနက်တစ်နေရာတွင် အထူးသီးသန့်ဂူကြီးထဲ၌ မီချီနာဝံပုလွေအမျိုးသမီးသည် သမီးဖြစ်သူ အိုမီခန္ဓာကိုယ်ပေါ်တွင် စိုက်ဝင်နေသော မြားတံကို ထိပ်ပိုင်းချိုး၍ ဆွဲနုတ်လိုက်သည်။

မြားဒဏ်ရာမှ မြားဆိပ်များကို ဆေးမြစ်များဖြင့် အုံထားလိုက်၊ အနည်းငယ်ကြာလျှင် ဖယ်လိုက်၊ ဆေးမြစ်အသစ်များ ထပ်အုံလိုက်နှင့် မိခင်က ကြင်နာစွာ ပြုလုပ်ပေးခဲ့သည်။

မြားဆိပ်များ ကုန်သလောက်ရှိမှ အနာကျက်စေသော





ဆေးမြစ်များကို ထုထောင်း၍ မြားဒဏ်ရာပေါ်သို့ အုံကာ အဝတ်စဖြင့် စည်းနှောင်ထားလိုက်သည်။

အချိန်အနည်းငယ်အကြာတွင် ဒဏ်ရာများ သက်သာလာသဖြင့် အိုမီ သတိရ၍ နိုးလာသည်။ ထမည်အပြုတွင် –

"မထနဲ့ဦး သမီး။ သမီးဒဏ်ရာ မကောင်းသေးဘူး"

"ဟင် . . . မေမေ၊ သမီးတို့နေရာကို ဘယ်လိုရောက်လာတာလဲဟင်"

မိခင်မီချီနာက သမီးကို စိုးရိမ်စိတ်နှင့် နေလဂိုဏ်း၌ရှိရာ မြေအောက်လှိုဏ်ဂူတိုက်ခန်းထဲသို့လိုက်လာကြောင်း နေလဂိုဏ်းချုပ်ရာပြည့်လက်ချက်ကြောင့် ဒဏ္ဍာရီဝံပုလွေမျိုးနွယ်စုများ မျိုးပြုတ်မတတ် သေဆုံးခဲ့ရပုံ၊ ဂျပန်နင်ဂျာငါးဦးလည်း ရာပြည့်ကို မယှဉ်နိုင်ဘဲ ရှုံးနိမ့်သေဆုံးပုံ၊ မိုမိနှင့်ရာပြည့်တို့ ယှဉ်ပြိုင်ကြပုံ၊ နတ်မင်းများရောက်လာကာ ရာပြည့်ကို နှိမ်နင်းအပြစ်ပေးခဲ့ပုံ။ နောက်ဆုံး ရာပြည့်သေဆုံး၍ ငရဲပြည်သို့ ရာပြည့်ဝိညာဉ်ကို ငရဲသားများ ဖမ်းဆွဲခေါ်သွားပုံတို့ကို အစအဆုံး အကျယ်တဝင့်ပင် သမီးအိုမီအား မိခင်က ပြောပြခဲ့သည်။

"သမီးချစ်သူ ကိုဖြိုးတို့ မြေအဘိုးနှစ်ယောက်ရော

ဘာဖြစ်သွားသေးလဲဟင်''

မိခင်မိချီနာက အောင်ဖြိုးဆိုသော လူသားလေးသည် အိုမိသေပြီထင်၍ အိုမိကိုဖက်၍ ငိုပုံ၊ ငိုရင်းပြောသောစကားများ အလုံးစုံတို့ကို သမီးအိုမိအား ပြောပြခဲ့သည်။

အိုမိသည် ချစ်သူကိုဖြိုးကို အလွန်သနားသွားကာ –

''အဟင့် ဟင့် ဟင့် ... သနားစရာကောင်းလှတဲ့ ကိုဖြိုးရယ်''

ဟု ငိုတော့သည်။

''အို သမီးလေး ... စိတ်ထိခိုက်ပြီးမငိုပါနဲ့ကွယ်၊ နှလုံးကို ခြားမှန်ထားလို့ အဆိပ်အချို့ နှလုံးထဲ ပျံ့ဝင်နေတယ်၊ စိတ်ထိခိုက်ခံစားရရင် နှလုံးကို တုန်ခါစေပြီး အဆိပ်တွေကို ပိုပျံ့စေလိမ့်မယ်၊ မငိုပါနဲ့တော့ သမီးရယ်၊ မခံစားပါနဲ့တော့၊ မေမေ့ကိုချစ်ရင် မေမေ့စကားကိုနားထောင်ပါ သမီးလေးရယ်''

''ဒီတစ်ခါလေးတော့ သမီးငိုပါရစေ မေမေ။ အားလုံးအတွက် ဝမ်းနည်းလွန်းလို့ပါ။ သမီးတို့ရဲ့ ဒဏ္ဍာရီဝံပုလွေမျိုးနွယ်စုတွေဟာ ကောင်းမွန်တဲ့ အကျင့်သီတင်းသီလလေးတွေနဲ့နေပြီး ဘယ်သူ့ကိုမှ ဒုက္ခမပေးဘဲ နေထိုင်ခဲ့ကြပါလျက်နဲ့ အခုတော့





သမီးအုပ်ချုပ်တာညံ့လို့ မပျောက်သင့်တာပျောက်ပြီး မဖြစ်သင့်တာတွေ ဖြစ်ကုန်လို့ ဒဏ္ဍာရီဝံပုလွေမျိုးနွယ်တွေ မျိုးတုံးမျိုးပြုတ်ကုန်ပြီ။ ဂျပန်ကလူသား ယာမာချီအတွက်လည်း သမီး စိတ်မကောင်းဘူး။ သူဟာ သမီးအတွက် ဘာမဆို ပေးဆပ်ရင်းနှီးပြီး ချစ်ခဲ့ရှာတယ်။ သမီးကတော့ သူ့ကို ဓာတ်လုံးရှာဖို့နဲ့ ကိုယ်ကျိုးအတွက်သာ အသုံးချခဲ့တယ်။ သူ့အပေါ် သမီး မကောင်းခဲ့ဘူး မေမေရယ် ...၊

ပြီးတော့ အောင်ဖြိုးဆိုတဲ့ ယဉ်ကျေးပြီး အဖြစ်ကင်းတဲ့ မြန်မာပြည်ကလူသားလေးကိုလည်း သမီးရဲ့ကိစ္စတွေမှာ အသုံးချချင်လို့ မချစ်ဘဲ ချစ်ဟန်ဆောင်ခဲ့မိတယ်။ နောက်တော့ သမီးအပေါ်မှာ သူထားရှိတဲ့ စေတနာမေတ္တာ အကြင်နာတွေကြောင့်မို့နဲ့ တူပါရဲ့ သူ့ကို ဘယ်လိုချစ်သွားမှန်းမသိဘဲ တကယ်ချစ်မိသွားခဲ့တယ်။ အခု သမီးဝဋ်လည်ပြီနဲ့တူတယ်။ အောင်ဖြိုးကို တကယ်ချစ်လွန်းလို့ သူနဲ့အတူတူ နေရမယ်ဆိုရင် သမီး ဘာပဲလုပ်ရ လုပ်ရ ပေးဆပ်ဖို့ အသင့်ဖြစ်နေပြီ မေမေရယ်။ အခု သူ့အတွက်နဲ့ သမီး သိပ်ခံစားနေရပြီ။ သမီး ဘယ်လိုလုပ်ရမလဲ ဟင် ... အဟင့် ဟင့် ဟင့် ဟင့်''

မိခင်မိချိုနှာက –

“ပြီးခဲ့ပြီးသားတွေကို ပြည်ဖုံးကားချပြီး မေ့လိုက်ပါတော့။ အထူးသဖြင့် အောင်ဖြိုးဆိုတဲ့လူသားကို မေ့လိုက်ပါ။ သမီးကို သူက တကယ်သေပြီလို့ပဲ ထင်မှတ်နေရှာတယ်။ သူ တော်တော် ခံစားခဲ့ပြီးသွားပြီ။ အခုလောက်ဆို သူနေသား ထိုင်သားကျသွား လောက်ပြီ။ နောက်ထပ် သူ့ကို မခံစားပါစေနဲ့တော့။ သူ့ကို သမီး တကယ်ချစ်ရင်ပေါ့လေ။ သမီးရဲ့နှလုံးထဲ မြားဆိပ်တွေဟာ တဖြည်းဖြည်း ပျံ့နှံ့နေတာကို သမီးသိမှာပါ။ ဒီမြားဆိပ်တွေ ကြောင့် နှလုံးထဲ အတော်နေရခက်လွန်းလို့ အမေကို အမေမှန်း မသိဖြစ်ခဲ့ရတဲ့အထိ သမီးဖြစ်ခဲ့ရတယ်။ ဒီလောက်ဆို သမီး အခြေအနေကို သမီးသိပါ။ အချိန်မရှိတော့ဘူး။ ကောင်းမှု ကုသိုလ်တွေ သေသေချာချာ မေမေနဲ့အတူပြုလုပ်ကြရအောင် နော်။ ဒါမှ နောင်ဘဝမှာ ကိုယ်ချစ်တဲ့သူနဲ့ ဘဝချင်းတူဖြစ်ပြီး ပေါင်းဖက်ရမှာ။ မေမေ့စကားနားထောင်နော်”

အိုမိက အငိုတိတ်သွားကာ အသာခေါင်းညိတ်ပြပြီး မိခင်အား အားကိုးတကြီး ဖက်တွယ်ထားခဲ့သည်။

“သနားစရာကောင်းတဲ့ မေမေ့သမီးလေးရယ်” ဟု





မိခင်ဖြစ်သူက သမီးအိုမိ၏နဖူးလေးကို နမ်းလိုက်ရင်း ခေါင်းကို အသာသပ်ပေးနေသည်။

ထိုနေ့မှစ၍ မိချိုနှာတို့သားအမိသည် အားလုံးသော လောကနှင့် အဆက်အသွယ်ဖြတ်ကာ ဗုဒ္ဓ၏အဆိုအမိန့်တို့ကို လိုက်နာကျင့်ကြံရင်း ငြိမ်းအေးသော ဝိပဿနာတရားတို့ စီးဖြန်း ကာ အတူနေထိုင်ခဲ့ကြပါသည်။

❋ ❋ ❋

## အခန်း (၁၈)

### မြေးအဘိုးနှစ်ယောက် ရဟန်းဘောင်သို့ ဝင်ကြပြီ

ဦးဘိုးချျသည် သူ၏ခံယူချက်လေးကို မြေးဖြစ်သူ အောင်ဖြိုးအား ပြောပြနေသည်။

"အစကတော့ ဝိဇ္ဇာဖြစ်ရင် ကိစ္စပြီးပြီလို့ ငါထင်ခဲ့တယ်။ အဲဒါ မှားတယ်၊ ဝိဇ္ဇာဘဝနဲ့လည်း နိဗ္ဗာန်မရောက်နိုင်သေးဘူး။ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းဖြစ်တဲ့ ဝိပဿနာကို အားထုတ်ကျင့်ကြံရဦးမှာပဲ၊ ဒါမှ ကိစ္စပြီးမှာ၊ ဟို ဝံပုလွေအမျိုးသမီး ပြောတာ မှန်တယ်၊ ဗုဒ္ဓရဲ့အဆိုအမိန့်တွေနဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားနည်းလမ်းကောင်းကို ပစ်ပယ်ပြီး ငါဟာ လမ်းလွဲ





လိုက်ခဲ့တယ်၊ ဒီနေ့တော့ အားလုံးကိုရှင်းရှင်းလင်းလင်း သိမြင်ခဲ့ရပြီမို့ နဝင်းသိဗ္ဗိဂိုဏ်းသားဘဝနဲ့ ဝိဇ္ဇာလမ်းကို လျှောက်မယ့် အစီအစဉ် အမှားကို စွန့်လွှတ်ပြီး ဗုဒ္ဓဘုရားအကြိုက် နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားကို ရဟန်းဝတ်ပြီး ငါကျင့်ဖို့ ဆုံးဖြတ်လိုက်ပြီ ငါ့မြေးရေ"

"ကျွန်တော်လည်း ချစ်သူအိုမီအပေါ် စွဲလမ်းတပ်မက်ခဲ့လွန်းတဲ့ အချစ်စိတ်တဏှာကြောင့် အလူးအလဲ ပူလောင်ကျွမ်းပြီး ခံစားရတဲ့ ဝေဒနာအပူမီးတွေကို ငြီးငွေ့စိတ်ပျက်လှပါပြီ အဘိုးလေးချျရယ်၊ ဒီအပူမီးတွေကို ငြိမ်းအေးအောင် ပယ်သတ်နိုင်တဲ့ တရားရေအေး ဝိပဿနာကို ကျင့်ကြံအားထုတ်ဖို့ ကျွန်တော်လည်း အဘိုးလေးချျနဲ့အတူ ရဟန်းဝတ်တော့မယ်ဗျာ"

"သာဓု သာဓု သာဓု"

ဟု အဘိုးလေးချျက အောင်ဖြိုးကိုကြည့်၍ ပျော်ရွှင်စွာ သာဓုခေါ်လေသည်။

ဤသို့ဖြင့် ...ဦးဘိုးချျနှင့် အောင်ဖြိုးတို့မြေးအဘိုး နှစ်ယောက်သည် မဟာစည်ရိပ်သာကျောင်းတွင် ရဟန်းဝတ်ကာ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းဖြစ်သော ဝိပဿနာ

တရားကို ငြိမ်သက်အေးချမ်းစွာဖြင့် ကျင့်ကြံအားထုတ်နေထိုင်ခဲ့ကြပါသည်။

ထိုသို့ ရဟန်းဘောင်သို့ ဝင်သွားသော အောင်ဖြိုး တစ်ဖြစ်လဲ ရှင်ဥတ္တရကိုယ်တော်သည် များစွာသော ရွယ်တူရဟန်းတွေနှင့် တရားအတူထိုင်နေသည်။

ထိုသို့ တရားထိုင်နေသော ရှင်ဥတ္တရ ရဟန်းကိုယ်တော်အား မွှာရုံ၏တံခါးကို အကွယ်အကာပြု၍ အမျိုးသမီးနှစ်ယောက်က မျက်နှာများကို အဝတ်များဖြင့် ကွယ်၍ ချောင်းကြည့်နေကြသည်။

"ဒီလောက်ဆို တော်လောက်ပါတော့၊ သူ့ဘဝလေး ငြိမ်းချမ်းသွားပြီ"

"မေမေရယ် . . . သမီး သူနဲ့ပတ်သက်ပြီး နောက်ထပ်ဘာဆိုဘာမှ မတောင်းဆိုတော့ပါဘူး။ သူ့ဘဝလေးငြိမ်းချမ်းနေတာ၊ အခုလိုမြင်ရတော့ သမီး သူ့အတွက် စိတ်အေးရပါပြီ၊ နောင်ဘဝတစ်ခုကို သမီး စိတ်ဖြောင့်ဖြောင့်နဲ့ သွားလို့ရပါပြီ သမီးအတွက် မေမေ မပူပါနဲ့တော့"

သူမတို့သားအမိနှစ်ဦး အပြင်ဘက်သို့ ပြန်ထွက်





လာချိန်တွင် ကျောင်းဝင်းထဲရှိ ခရေပင်ကြီးမှ ခရေပန်းပွင့်လေးများနှင့် ရွက်ဟောင်းလေးများလည်း ကြွေကျနေကြသည်။ လေပြေလေညင်းလေးများလည်း သူမတို့အား ညင်သာစွာ ဆော်သွေးတိုက်နေကြသည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် နေသာပြီး စိမ်းလန်း စိုပြေကာ ပန်းရနံ့တို့ဖြင့် သာယာပြည့်စုံနေသည်။

သို့သော် သူမအတွက်တော့ မသာယာ မပြည့်စုံနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် သူမ,ချစ်သော ချစ်သူကို အပြီးတိုင် စွန့်လွှတ်ခဲ့ရတော့မည်မို့ သူမအသည်းလေး တဆတ်ဆတ်နာကျင်စွာဖြင့် ကြေကွဲနေရသည်။

သူမ စိတ်ထဲတွင် ကြေကွဲစွာဖြင့် –

"ရှစ်တစ်ယောက် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အခုလို ရဟန်းဝတ်ပြီး နေထိုင်နေတာမြင်ရတော့ ကျွန်မ စိတ်အေးပါပြီ၊ တစ်ခါက နေလလက်ထောက်ဂိုဏ်းသားဟာ ရှင့်ကို အသေသတ်မလို့ကြံတုန်း ကျွန်မ ရှင့်ကို စိုးရိမ်စိတ် ကယ်ချင်စိတ်နဲ့ နေလလက်ထောက်ကို တိုက်ခိုက်နေတုန်း ကျွန်မ မြားမှန်ခဲ့ရတယ်၊ အခု ဒီမြားရဲ့အဆိပ်ဟာ ကျွန်မနှလုံးသားထဲ တဖြည်းဖြည်းနဲ့ ပျံ့နှံ့နေပြီ . . .၊

တခြားအစိတ်အပိုင်းတွေပေါ်က အဆိပ်တွေကို မေမေဟာ ဖယ်ရှားပေးနိုင်ပေမယ့် ကျွန်မနှလုံးထဲက အဆိပ်ကိုတော့ မေမေ မဖယ်ရှားနိုင်ခဲ့ဘူး။ နှလုံးတစ်ခုလုံးကို အဆိပ်တွေ မြန်မြန် မပျံ့နိုင်အောင်သာ မေမေ ပြုလုပ်နိုင်ခဲ့တယ်။ ဒါကလည်း အချိန်တစ်ခုအတိုင်းအတာအနေနဲ့ပါပဲ။ သိပ်မကြာခင်အချိန်မှာ နှလုံးတစ်ခုလုံး အဆိပ်တွေပျံ့လို့ အဆိပ်သင့်ပြီး ကျွန်မ သေရပါတော့မယ်၊ ဒီအတွက် ကျွန်မ လုံးဝနောင်တမရပါဘူး။ ရှင့်ကို အချစ်စစ် အချစ်မှန်နဲ့ ကျွန်မ တကယ်ချစ်မိလာတဲ့အချိန်ကစပြီး ရှင့်အတွက်ဆို ဘာမဆို ပေးဆပ်ပြီးချစ်ဖို့ အသင့်ဖြစ်လာခဲ့သူပါ။ ကျွန်မအသက်နဲ့ရင်းပြီး ကယ်တင်ပေးခဲ့တဲ့ ရှင်တစ်ယောက် အသက်ရှင်သန်နေတာ တွေ့ရတော့ ကျွန်မ တအားဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့မိပါတယ် ...၊

ကျွန်မချစ်တဲ့ချစ်သူ ရှင်တစ်ယောက် ရှင်သန်ပြီး ကျွန်မ သေရလည်း ကျေနပ်ပါတယ်။ ကျွန်မ မသေခင်အချိန်ကလေးမှာ ကျွန်မ တကယ်ချစ်မိသွားတဲ့ ရှင့်ကို တစ်ခါလေး မြင်ချင်တွေ့ချင်လွန်းလို့ မေမေ့ဆီ အတင်းခွင့်တောင်းပြောဆိုလို့ မေမေကိုယ်တိုင် ရှင်ရှိတဲ့နေရာကို တိတ်တဆိတ် ကျွန်မကို လိုက်ပို့ပေးပြီး





သန္နဖြည့်ဆည်းပေးခဲ့ရှာပါတယ်၊အခု ... ကျွန်မဆန္ဒ ပြည့်ဝလို့ မေမေနဲ့အတူ ဟိမဝန္တာတောဘက်က ကျွန်မတို့နေထိုင်ရာနေရာလေးကို ပြန်ပါပြီ၊ ရှင့်ကို စိတ်ထဲကပဲ နှုတ်ဆက်လိုက်ပါတယ် ကိုဖြိုးရယ်၊ ရှင့်ကိုတွေ့ပြီး နှုတ်ဆက်ချင်ပေမယ့် ကျွန်မကိုတွေ့ပြီး နောက်တစ်ခေါက် ရှင်ပြန်ခံစားရမှာ ကျွန်မ မကြည့်ရက်တော့လို့ပါ၊ ဒီအတွက် နားလည်ပေးပါ ကိုဖြိုးရယ်၊ နောင်ဘဝမှာ ကျွန်မချစ်တဲ့ရှင်နဲ့ ဘဝချင်းတူ ပေါင်းဖက်ဆုံဆည်းဖို့ ကျွန်မ ကောင်းမှုကုသိုလ်တွေ ဖြည့်ရင်း ဆုတောင်းအားခဲ မျှော်လင့်သားပါတယ်၊ ကျွန်မဟာ ဝံပုလွေသတ္တဝါဖြစ်ပေမယ့်လည်း ရှင်တို့လူသားတွေ ချစ်တတ်တဲ့ အသည်းနှလုံးထက်ကို ကျွန်မ ဝံပုလွေမက ပိုချစ်တတ်ပါတယ် ကိုဖြိုးရယ်''

သူမသည် ချစ်သူဖြစ်ခဲ့ဖူးသော ရှင်ဥတ္တရရဟန်းကိုယ်တော် တရားထိုင်နေသော မှောရုံအဆောက်အဦးဘက်သို့ တစ်ချက် လှမ်းမျှော်ကြည့်လိုက်သည်။ ထို့နောက် ခရေပင်ကြီးကို သူမက ထိကိုင်၍ –

''ကျွန်မရင်ထဲက စကားတွေကို ခရေပင်ကြီးက အသိအမှတ်ပြု ယုံကြည်ပေးပါ၊ ဒီကျောင်းဝင်းထဲမှာ သီတင်းသုံး

ခု နစ် စဉ် ကြယ် တ ပေ

နေထိုင်နေတဲ့ ကျွန်မချစ်သူ ရဟန်းကိုယ်တော် အကြားအမြင် ပေါက်လာတဲ့တစ်နေ့မှာ တစ်ခါက သူ့ချစ်သူဖြစ်ခဲ့ဖူးတဲ့ ဒဏ္ဍာရီ ဝံပုလွေမလေး ကျွန်မ လာပြီးနှုတ်ဆက်သွားတယ်ဆိုတဲ့ အကြောင်း ခရေပင်စောင့်နတ်သမီးက ပြောပြပေးပါနော်"

ထိုသို့ သူမက ပြောလိုက်ရာ ခရေပင်ကြီးတစ်ပင်လုံး လှုပ်ခါရမ်းသွားပါသည်။ သူမသည် မျက်ရည်များဖြင့် –

"ကျေးဇူးတင်ပါတယ် ခရေပင်စောင့်နတ်သမီးရယ်"

လူသားတွေထက်ကို ချစ်တတ် ခံစားတတ်ပါသည် ဟူသော ဒဏ္ဍာရီဝံပုလွေမလေးအိုမိနှင့် ယဉ်ကျေး၍ ရိုးသားဖြူစင်လှသော ချစ်တတ်သည့် မြန်မာပြည်လူသားလေး အောင်ဖြိုးတို့၏ တစ်ခါက ချစ်ခြင်းဖွဲ့ အချစ်ဇာတ်လမ်းလေးမှာ ကြေကွဲလွမ်းဆွတ်ဖွယ်ရာ ကောင်းလှတော့သည်။

မည်သို့ပင်ဖြစ်စေ အောင်ဖြိုးတစ်ဖြစ်လဲ ရှင်ဥတ္တရ ရဟန်းသည် မဟာစည်ရိပ်သာကျောင်းဝင်းထဲ၌ ဘုရားရိပ် တရားရိပ်အောက်တွင် ပျော်ဝင်စီးမျောဖို့ ကြိုးစားအားထုတ်နေပါပြီ။

❄ ❄ ❄



အခန်း (၁၉)

## မယ်တော်ကြီးဆာဆာကြွလာပြီး ဘယ်တင်ပြီ

မိခင်မိချိုနာသည် သေငယ်ဇောဖြစ်နေသည့် သမီးအိုမိ အတွက် ဆုတောင်းပေးနေရှာသည်။

ထိုသို့ ဆုတောင်းပေးနေစဉ် တစ်လောကလုံး ဝံပုလွေတို့၏ ကေရိဘုရင်မကြီးတစ်ဆူဖြစ်သော မယ်တော်ကြီးဆာဆာ ရုတ်တရက် ကြွရောက်လာပါသည်။

မိချိုနာသည် သမီးအိုမိကို အောက်သို့ အသာချလိုက်ပြီး မယ်တော်ကြီးဆာဆာကို အရိုအသေပေးလိုက်သည်။

မယ်တော်ကြီးဆာဆာက –

''နင်ရှိပါလျက်နဲ့ ဘယ်လိုဖြစ်ရတာလဲ မိချိုနာ၊ အကြောင်းစုံ ငါ့ကိုလျှောက်တင်စမ်း''

''အမိန့်အတိုင်း အကြောင်းစုံ လျှောက်တင်ပါတယ်''

ဟုဆိုကာ မိချိုနာက အဖြစ်အပျက် အစအဆုံးကို မယ်တော်ကြီးဆာဆာအား ပြောပြလျှောက်တင်လိုက်ပါသည်။

မယ်တော်ကြီးဆာဆာက အလွန် စိတ်မကောင်းသော လေသံနှင့် –

''ဒီတစ်ခါတော့ ငါတို့ ဒဏ္ဍာရီဝံပုလွေမျိုးနွယ်စုတွေ မျိုးပြုတ်မတတ် ဖြစ်ခဲ့ရရှာပြီပေါ့။ ဟင်း . . . အရင်းမြစ်ကို ဆန်းစစ်လိုက်ရင် နင့်ကိုယ်ကျိုးအတွက်ပဲကြည့်ပြီး နေခဲ့လို့ပဲ၊ တကယ်ဆိုရင် အမျိုးအနွယ်တူ ဝံပုလွေတွေကို စောင့်ရှောက်ပေးရမယ့် တာဝန် နင့်မှာရှိတယ် မိချိုနာ၊ နင်က ဘုရင်မလေ။ သိဝ်ငယ် ရှယ်လွန်းတဲ့ နင့်သမီးကို ဘုရင်မတင်မြှောက်ပြီး မျက်နှာလွှဲခဲ့ပစ် ပုံစံမျိုးနဲ့ နင်တစ်ယောက်တည်း လွတ်မြောက်ဖို့ မကြိုးစားသင့်ဘူး။ ကျန်တဲ့ ဝံပုလွေတွေကိုလည်း မပစ်ပယ်ထားသင့်ဘူး။ သူတို့တွေအားလုံးလည်း ဒီဘဝကနေ လွတ်မြောက်ချင်ကြမှာပဲ၊ ငါအပါအဝင် ဘယ်သူမှ ဝံပုလွေ မဖြစ်ချင်ကြဘူး။





ဒီအချက်ကိုရော စဉ်းစားမိရဲ့လား မိချိုနာ၊ တကယ်ဆို . . . ဘုရင်မတစ်ဦးအနေနဲ့ မိမိအတွက်ပါမကဘဲ အားလုံးအတွက်ပါ စဉ်းစားပြီး လွတ်မြောက်ဖို့ ကြိုးစားပေးရမှာ၊ အခုတော့ နင့်ရဲ့ တစ်ကိုယ်ကောင်းဆန်မှုကြောင့် မဖြစ်သင့်တာတွေ ဖြစ်ကုန်ရပြီ မိချိုနာ''

မိချိုနာသည် မယ်တော်ကြီးဆာဆာစကားကြောင့် အလွန်စိတ်မကောင်းဖြစ်သွားကာ –

''ကျွန်မမှားမိပါတယ် မယ်တော်၊ နောင် . . . ဒီလို မဖြစ်စေရပါဘူး။ ကျွန်မနဲ့အတူ ကျန်တဲ့ဝံပုလွေတွေလည်း လွတ်မြောက်ဖို့ ကျွန်မ ကူညီစောင့်ရှောက်သွားပါ့မယ် မယ်တော်''

''အင်း . . . နင် ဒီလိုအမြင်မှန်ရပြီဆိုတော့ ငါ စိတ်အေးရပြီပေါ့၊ ဒါနဲ့ နင့်သမီးကို ဘယ်လိုလုပ်ဖို့ စိတ်ကူးထားလဲ''

''သူ သေဖို့ပဲရှိတော့တာ၊ မိခင်ဖြစ်တဲ့ ကျွန်မအနေနဲ့ သမီးဘဝကူးကောင်းဖို့အတွက်ပဲ ဆုတောင်းမျှော်လင့်ရုံပေါ့ မယ်တော်ရယ်၊ ဘာများတတ်နိုင်ဦးမှာလဲ''

ဟု မိချိုနာက မျက်ရည်အဝဲသားနှင့်ပြောရှာသည်။

မယ်တော်ကြီးဆာဆာက တည်ငြိမ်စွာနှင့် –

"နင့်သမီးအိုမိ သေလို့မဖြစ်သေးဘူး ... ကျန်တဲ့ ဝံပုလွေတွေကို စောင့်ရှောက်အုပ်ချုပ်ရဦးမယ်"

"ရှင် ... ဘယ်လို မယ်တော်"

မိချိုနာသည် အလွန်အံ့ဩစွာဖြင့် မယ်တော်ကြီးအား မေးမြန်းလိုက်သည်။

"နင် အံ့ဩနေလား။ အဲဒီအတွက် ငါကြွလာတာ၊ နင် အမြင်မှန်ရလို့ ကျန်တဲ့ဝံပုလွေတွေကို စောင့်ရှောက်ပေးရင်လည်း နောက်ငါးနှစ်ထက် မပိုဘူး။ နောက်ငါးနှစ်ဆို ဝံပုလွေဘဝက နင် လွတ်မြောက်ပြီ မိချိုနာ၊ ဒါကြောင့် ... နင့်အစား နင့်သမီး အိုမိရှိမှ ဖြစ်လိမ့်မယ်"

"ရှင်"

မယ်တော်ကြီးဆာဆာစကားကြောင့် မိချိုနာ အံ့ဩသွားသလို မိမိသမီးလေးအိုမိအတွက် ရတက်မအေးဖြစ်သွားရှာသည်။ အကြောင်းမှာ သမီးလေးအိုမိကို ဝံပုလွေဘဝနှင့် ဆက်လက်မရှင်သန်စေလိုသောကြောင့်ပင်။ ကောင်းမြတ်သော အခြားသော ဘဝသစ်တစ်ခုနှင့်သာ ဖြစ်စေချင်တော့သည်။ မယ်တော်ကြီးဆာဆာ၏အစီအစဉ်ကို မိချိုနာက သိပ်လက်မခံချင်ပေ။





ထို့ကြောင့် မိချိုနာက –

"မယ်တော်ကြီးကို လျှောက်တင်လိုပါတယ်၊ သမီးအိုမိကို ဝံပုလွေဘဝနဲ့ ဆက်ပြီး ရှင်သန်တာ ကျွန်မ အလိုမရှိတော့ပါ မယ်တော်၊ သူ့ကံတရားအတိုင်းသာထားလိုက်ပါတော့ မယ်တော်ကြီး"

မယ်တော်ကြီးဆာဆာက –

"နင့်ကို အမြင်မှန်ရနေပြီလို့ ငါကထင်ထားတာ၊ ဘကယ်တော့ နင် အမြင်မှန်မရသေးဘူးပဲ။ အခုထိ နင်က တစ်ကိုယ်ကောင်းဆန်နေတုန်းပဲကို။ နင် အခု ဘာဖြစ်နေတာလဲ ဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်ဦး။ နင် အခု ဝံပုလွေမ ဖြစ်နေတယ်လေ ...!

ပြီးတော့ ဝံပုလွေမျိုးနွယ်စုတစ်ခုရဲ့ ဘုရင်မတစ်ပါး။ ဆိုးဆိုးကောင်းကောင်း အမျိုးအနွယ်တူ ဝံပုလွေတွေကို နင် စောင့်ရှောက်ကူညီရမှာ။ နင်တို့သားအမိအတွက်ပဲ မကြည့်နဲ့။ ကျန်တဲ့ ဝံပုလွေမျိုးနွယ်တွေအားလုံးအတွက်လည်း နင် ကြည့်ရှု စောင့်ရှောက်ပေးသင့်တယ်။ ဒီဝံပုလွေဘဝက ကျွတ်လွတ်လို့ င်လူဖြစ်ရင်လည်း အမျိုးနွယ်တူ လူသားတို့အကျိုးကို နင်

သယ်ပိုးဆောင်ရွက်ရမှာပဲ။ ကိုယ်တစ်ယောက်တည်း ကောင်းစားဖို့သာသိတဲ့ အတ္တဆန်တဲ့လူသားမျိုး မဖြစ်သင့်ဘူး။ ဘယ်လိုဖြစ်ဖြစ် သမိုင်းပေးတာဝန်အရ နင်နဲ့ အမျိုးအနွယ်တူ ဝံပုလွေတွေကို နင် စောင့်ရှောက်ကူညီရမှာပဲ မိချိုနာ''

''ကောင်းပါပြီ မယ်တော်ကြီး။ မယ်တော်ဖြစ်စေချင်သလို အမျိုးအနွယ်တူ ဝံပုလွေတွေအားလုံးကို ကျွန်မ စောင့်ရှောက် အုပ်ချုပ်ပေးပါ့မယ်၊ ဒါပေမဲ့ အပြစ်မရှိတဲ့ သမီးအိုမီကိုတော့ သက်သောင့်သက်သာနဲ့ အခြားသော ကောင်းမြတ်တဲ့ဘဝဆီကို သွားခွင့်ပေးဖို့ ကျွန်မ မိချိုနာ တောင်းဆိုပါတယ် မယ်တော်ကြီး''

''နင်တောင်းဆိုတဲ့ကိစ္စ ငါ လက်မခံနိုင်ဘူး။ အသာတကြည့် ငါပြောတာကို နင်လက်မခံတာ ငါ့ကို အာခံတာပဲ။ တစ်လောကလုံး ဝံပုလွေတွေရဲ့ ကေရီဘုရင်မကြီးတစ်ဆူဖြစ်တဲ့ ငါ့စကား ငါ့အမိန့်ကို နင်လွန်ဆန်ရဲသလား မိချိုနာ''

''မယ်တော်ကြီးကို ကျွန်မ အစဉ်လေးစားခဲ့ပါတယ်။ ဒါပေမဲ့ ... ကျွန်မသမီးလေး အိုမီကိုတော့ သက်သောင့်သက်သာနဲ့သေခွင့်ပေးဖို့ ထပ်ပံပြီး ကျွန်မမိချိုနာ အရဲစွန့်ပြီး တောင်းဆိုပါရစေ မယ်တော်ကြီး''

''ဘာ ... နင် ... နင် ငါ့ကို အာခံပြီး မခန့်လေးစား ပြောရဲတယ်၊ နင် နာချင်ပြီထင်တယ် ဟုတ်စ''

''ဘယ်လိုပဲဖြစ်ဖြစ်၊ ကျွန်မသမီးလေးအိုမီကို ဝံပုလွေမဘဝနဲ့ လုံးဝမရှင်သန်ဖို့ မိခင်ကောင်းတစ်ဦးအနေနဲ့ တစ်နည်းနည်းနဲ့ တားဆီးရမှာပဲ မယ်တော်ကြီး''

မယ်တော်ကြီးဆာဆာသည် အလွန်စိတ်ဆိုးသွားကာ...

''ဒီလိုဆိုရင် ... နင် ငါ့ကို ယှဉ်ပြိုင်တိုက်ခိုက်၊ နင်နိုင်ရင် နင့်သမီးကိစ္စ နင့်သဘောအတိုင်း ဆောင်ရွက်ခွင့်ပေးမယ်''

''ကောင်းပါပြီ၊ မယ်တော်ကြီးသာ ကတိတည်ပါစေ''

''ငါ့စကားကို ငါ တာဝန်ယူတယ် မိချိုနာ''

''ကျေးဇူးတင်ပါတယ်၊ ထိခိုက်နာကျင်အောင်ပြုမိရင် ကျွန်မ မိချိုနာကို ဖွေမယူပါနဲ့တော့ မယ်တော်ကြီး''

''ကောင်းပြီ မိချိုနာ။ နင်သာ ငါ့ကို နိုင်အောင်တိုက်ခိုက်ပါ''

အခြေအနေများက တစ်စတစ်စနဲ့ တင်းမာလာပြီး သမီးဇောနှင့် မိချိုနာသည် မယ်တော်ကြီးကို စတင်တိုက်ခိုက်ရန် အားထုတ်ပါတော့သည်။

မိချိုနာသည် အလွန်ကြီးမားသော ကိုးတောင်အရွယ် ဝံပုလွေမသတ္တဝါအဖြူရောင်အဖြစ်သို့ လျင်မြန်စွာပြောင်းလဲလိုက်ပြီး လေပေါ်တွင် ဝဲ၍ မယ်တော်ကြီးဆာဆာကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

"ဂါး ဂရူး ဂါး"

မယ်တော်ကြီးဆာဆာကလည်း ကိုးတောင်အရွယ် ဝံပုလွေမသတ္တဝါ မီးခိုးရောင်အဖြစ်သို့ ချက်ချင်းပြောင်းလဲလိုက်သည်။ မိချိုနာ ဝံပုလွေမရှိရာ လေပေါ်သို့ ခုန်တက်လာကာ တိုက်ခိုက်ရန် မာန်ဖီလိုက်သည်။

"ဂါး ဂါး ဂါး"

မိချိုနာဝံပုလွေမ၏ ကိုယ်အနှံ့အပြား၌ အဖြူရောင်အလင်းတန်းများ ဖြာထွက်နေသည်။ ထိုနည်းတူ မယ်တော်ဆာဆာ ဝံပုလွေကိုယ်တစ်ခုလုံးသည်လည်း မီးခိုးရောင်အလင်းတန်းများ တောက်ပစွာ ဖြာထွက်နေသည်။





လေထုထဲတွင် မိချိုနာဝံပုလွေသည် မယ်တော်ဆာဆာဝံပုလွေမအား ခုန်အုပ်၍ စတင်တိုက်ခိုက်ခဲ့သည်။

"ဂါး"

လေထုထဲမှာပင် မိချိုနာဝံပုလွေမနှင့် မယ်တော်ဆာဆာဝံပုလွေမ နှစ်ကောင်တို့သည် လုံးထွေးသတ်ပုတ် ကိုက်ခဲတိုက်ခိုက်ကြပါတော့သည်။ တစ်ကောင်နှင့်တစ်ကောင် သတ်ပုတ်တိုက်ခိုက်ကြသည်မှာ အလွန်ရှုလျင်မြန်လွန်းသဖြင့် ဝံပုလွေ သတ္တဝါပုံပန်းသဏ္ဌာန်ပင် မမြင်ရတော့ဘဲ တောက်ပသော အဖြူရောင်အလင်းတန်းအလုံးကြီးနှင့် တောက်ပသော မီးခိုးရောင်အလင်းတန်းအလုံးကြီးနှစ်လုံးအဖြစ်နှင့်သာ ရောထွေးလုံးချာလိုက်နေသည်ကို တွေ့ရပါတော့သည်။

ထိုသို့ စွမ်းအားရှင်ဝံပုလွေသတ္တဝါတို့၏ ဘာသာသဘာဝအလျောက် အတန်ကြာတိုက်ခိုက်ခဲ့ရာ အဖြူရောင်အလင်းလုံးကြီးထက် မီးခိုးရောင်အလင်းလုံးကြီးက တစ်စတစ်စ ပိုကြီးမား၍ ပိုတောက်ပလာသည်။ အဖြူရောင်အလင်းလုံးသည် တစ်စတစ်စ မှေးမှိန်သေးလာပါသည်။

ထိုသို့ဖြစ်လာပြီး ... သိပ်မကြာခင်အချိန်မှာပင် မြေပြင်

ခု နှစ် စဉ် ကြယ် စာ ပေ

ပေါ်သို့ အဖြူရောင်အလင်းလုံး လိမ့်ကျလာပါသည်။ ကောင်းကင်ယံ၌ မီးခိုးရောင်အလင်းတန်းအလုံးကြီးသည် အဆဲမတန် ကြီးလိုက်သေးလိုက် သုံးကြိမ်သုံးခါပြုလုပ်ပြီး အဖြူရောင်အလင်းလုံးကြီးကျရာ မြေပြင်ပေါ်သို့ အသာလိမ့်ဆင်းလာပါသည်။

ရလဒ်အဖြေက ရှင်းနေပါပြီ။ အဖြူရောင်အလင်းတန်းပိုင်ရှင် မီချိုနာဝံပုလွေမသည် မီးခိုးရောင်အလင်းတန်းပိုင်ရှင် မယ်တော်ကြီးဆာဆာအား အရေးနိမ့်၍ အရှုံးပေးရလေပြီ။

မီချိုနာ၏ ကိုယ်ခန္ဓာအနှံ့အပြားတွင် ဒဏ်ရာဒဏ်ချက်များစွာဖြစ်သွားကာ ပါးစပ်တွင်းမှ သွေးအချို့ ထွက်လာပါသည်။

မယ်တော်ကြီးဆာဆာ၏ရှေ့မှောက်တွင် ပုဆစ်ဒူးတုပ်လျက်နှင့် မီချိုနာက –

"မယ်တော်ကြီးကို ကျွန်မ မီချိုနာ ရှုံးပြီမို့ ကျွန်မကို သတ်လိုကသတ်ပါ။ စားလိုက စားပါတော့ မယ်တော်ကြီး"

မယ်တော်ကြီးဆာဆာက မီချိုနာအား အကြည့်စူးစူးတစ်ချက်ကြည့်ပြီး –

"ဝံပုလွေတို့ရဲ့ထုံးတမ်းအစဉ်အလာအရ ကိုယ့်ရဲ့အကြီးအကဲကို အာခံတိုက်ခိုက်လို့ရှုံးရင် ကိုက်သတ်အစားခံရတာပါပဲ။





တခြားဝံပုလွေဆိုရင်တော့ ငါကိုက်သတ်စားမိမှာပဲ။ နင် ငါ့ကို သမီးဇောနဲ့ အာခံပြီးတိုက်ခိုက်လို့ ရှုံးပေမယ့်လည်း နင့်ကိုငါ အစားရက်ပါဘူး။ နင်က တခြားသူမှမဟုတ်တာ။ ငါကိုယ်တိုင်မွေးထုတ်ခဲ့တဲ့ ငါ့သမီးဖြစ်နေလို့ပါပဲ မီချိုနာ"

"ရှင် ... ဘယ်လို မယ်တော်ကြီး"

မီချိုနာက မယ်တော်ကြီးဆာဆာအား အံ့ဩတကြီးနှင့်ကြည့်ပြီး မေးကာ မင်သက်ငေးမောနေရှာသည်။

အတန်ကြာ အံ့ဩမင်သက်ရာမှ မီချိုနာက မျက်ရည်စများနှင့် –

"ကျွန်မရဲ့မွေးမိခင်ဟာ မယ်တော်ကြီးဆိုတာ သိရတော့ ကျွန်မ ဝမ်းနည်းဝမ်းသာ ဖြစ်ရပါတယ်"

မီချိုနာသည် မျက်ရည်များနှင့်ပြုံးလိုက်ပြီး –

"ကျွန်မငယ်စဉ်အရွယ်ကတည်းကနေ ဒီအသက်အရွယ်အချိန်အထိ အမေအဖေတွေဆိုတာ တစ်ခါမှ မတွေ့ဖူး၊ မမြင်ဖူးခဲ့ပါဘူး။ ကျွန်မကို လူမမယ်ကလေးအရွယ်ကတည်းကနေ အရွယ်ရောက်သည်အထိ ဂရုတစိုက်နဲ့ အကြင်နာပို မေတ္တာအနှစ်တွေနဲ့ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့တဲ့ မွေးစားဖခင် လူသား

ကိုသာ အဖေလို အမေလို ချစ်ခင်တွယ်တာအားကိုးပြီး နေထိုင်ကြီးပြင်းလာခဲ့ရတာပါ။ အခုမှ ရုတ်တရက်ကြီး ကျွန်မရဲ့ကျေးဇူးရှင် မွေးမိခင်ကို တွေ့ရမြင်ရသိရတော့ အမေဆိုတာ ငါ့မှာ ရှိသေးပါလားဆိုပြီး အတိုင်းမသိ အံ့ဩပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါတယ် မယ်တော်ကြီး ...၊

ဝမ်းနည်းစရာကောင်းတာတစ်ခုကတော့ ... ကိုယ့်ကျေးဇူးရှင် မိခင်မှန်းမသိဘဲ ကျွန်မ တိုက်ခိုက်ခဲ့မိတယ်။ ကျွန်မရဲ့ရိုင်းပျတဲ့ ဒီအပြစ်တွေအတွက် မယ်တော်ကြီး အပြစ်ပေးပါ''

ဟုပြောရင်း မိချိုနာက မျက်ရည်များနှင့် မိခင်တော်စပ်သော မယ်တော်ကြီးဆာဆာအား ရှိခိုးကန်တော့ရာသည်။

မယ်တော်ကြီးဆာဆာသည် သမီးဖြစ်သူ မိချိုနာအား အသာဆွဲမထူလိုက်ပြီး သူမ၏ရင်ခွင်ထဲသို့ အသာဆွဲသွင်း၍ ဖက်တွယ်ထားလိုက်သည်။ မိချိုနာ၏ ကိုယ်ခန္ဓာက ဒဏ်ရာဒဏ်ချက်များကိုလည်း မယ်တော်ကြီးဆာဆာက မိခင်မေတ္တာအငွေ့ဖြင့် မှုတ်၍ အကောင်းပကတိအတိုင်း ဖြစ်စေခဲ့သည်။

မယ်တော်ကြီးဆာဆာသည် မျက်ရည်စများနှင့် –





''သနားစရာကောင်းတဲ့ မေမေ့သမီးရယ်၊ မေမေ့ကို နားလည်ခွင့်လွှတ်ပါ။ သမီးမွေးကာစအချိန်တုန်းက အင်မတန်ဆိုးသွမ်းတဲ့ အခြားသောဝံပုလွေမျိုးနွယ်စုတစ်ခုရဲ့ဘုရင်မ ကူမာလီဟာ မေမေတို့ ဒဏ္ဍာရီဝံပုလွေမျိုးနွယ်တွေကို ရန်ရှာတိုက်ခိုက်ပြီး နယ်လုနေတဲ့အချိန်မို့ အားလုံးအတွက် အင်မတန် အသက်အန္တရာယ်များနေတဲ့ အချိန်ပေါ့။ ဒဏ္ဍာရီ ဝံပုလွေမျိုးနွယ်စုရဲ့ဘုရင်မဖြစ်တဲ့မေမေဟာ သမီးကို ဂရုတစိုက်နဲ့ ကြင်နာဖို့အချိန်မရှိဘူး။ ကိုယ့်မျိုးနွယ် ဝံပုလွေတွေအားလုံးကို ကာကွယ်စောင့်ရှောက်ရမယ့်အချိန် မရှိဘူး။ ကိုယ့်မျိုးနွယ် ဝံပုလွေတွေအားလုံးကို ကာကွယ်စောင့်ရှောက်ရမယ့်အချိန်မို့ ငါ့သမီးလေးလည်း အန္တရာယ်ကင်းအောင်ဆိုပြီး ဘယ်သူမှ အသိမပေးဘဲ မေမေကိုယ်တိုင် လူ့သားမိန်းကလေးယောင်ဆောင်ပြီး စိတ်ထားကောင်းတဲ့ လူသားမုဆိုးတစ်ယောက်ကို သေသေချာချာ ပြောဆိုမှာကြားပြုစုဖို့ပြောပြီး ပေးခဲ့ရတယ် ...၊

ပြီးမှ ရန်သူလက်ချက်ကြောင့် ဘုရင်မဆာဆာရဲ့သမီးလေး သေခဲ့ရပြီဆိုပြီး သတင်းလွှင့် ကာကွယ်ထားလိုက်တယ်။ ငါ့သမီးလေး အန္တရာယ်ကင်းမှ ဆိုးသွမ်းတဲ့ ဘုရင်မကူမာလီကို

မေမေကိုယ်တိုင် ကိုက်သတ်နှိမ်နင်းခဲ့တယ်။ ဒီလိုနဲ့ အခြားသော ဝံပုလွေမျိုးနွယ်စုတွေရဲ့ ဘုရင်တွေ၊ ဘုရင်မတွေအားလုံးကိုလည်း မေမေပဲ သတ်ဖြတ်တိုက်ခိုက် အနိုင်ရရှိခဲ့တယ် ...၊

နောက်တော့ တစ်လောကလုံး ဝံပုလွေမျိုးနွယ်စုတွေ အားလုံးရဲ့ ကေရိဘုရင်မကြီးတစ်ဆူအဖြစ်နဲ့ နေလာခဲ့တယ်။ ဒီအချိန်မှာ သမီးလေးကို မေမေပြန်လာခေါ်ဖို့ လာခဲ့ပါသေးတယ်။ သမီးရဲ့မွေးစားဖခင် မုဆိုးကြီးချိကုဝဟာ ငါ့သမီးလေးကို အကြင်နာ မေတ္တာပိုပြီး ဂရုတစိုက်နဲ့ သမီးအရင်းပမာ စာပေတွေ၊ ယဉ်ကျေးမှုတွေသင်ပေး၊ သိုင်းတွေသင်ပေးနဲ့ မေမေတွေ့ရမြင်ရတော့ ဝံပုလွေတောထဲ ငါ့သမီးကို မခေါ်ရက်တော့ဘူး ...၊

ဒီလူသား ချိကုဝနဲ့နေတာမှ ငါ့သမီးအတွက် ပိုသင့်လျော်ပါတယ်ဆိုပြီး ထားခဲ့ပြန်တယ်။ အဝေးကပဲ မကြာမကြာ လာလာကြည့်ရှုစောင့်ရှောက်ပြီး မေမေ မေတ္တာဖြန့်ခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် မေမေ့သမီးဟာ အခုဆိုရင် မေမေဖြစ်စေချင်တဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံနေပြီ။ မေမေ့အရိုက်အရာကို ဆက်ခံဖို့လည်း အဆင်သင့်ဖြစ်နေပြီပဲ''

''သမီး ဘာဘုရင်မမှ မလုပ်ချင်တော့ပါဘူး မေမေ၊





ဘာသာရေးနဲ့ပဲ ပျော်မွေ့နေပြီမို့ အေးအေးဆေးဆေးပဲ နေပါရစေတော့''

''ငါ့သမီးလေး မိချိုနာဟာ အလိုရမွက်နည်းပြီး တည်ငြိမ်ရင့်ကျက်တယ်။ သမီးဖေဖေနဲ့တူတယ်''

''သမီးရဲ့ဖခင်က ဝံပုလွေမျိုးနွယ်ထဲကပဲလား မေမေ''

''မဟုတ်ဘူး။ သမီးရဲ့ဖခင်ဟာ လူသားတစ်ဦးပါ။ သူက ဆေးကုစားတဲ့ သမားတော်တစ်ယောက်ပေါ့။ သူဟာ အတော်ရုပ်ချောသလို စိတ်ကောင်းနှလုံးကောင်းရှိပြီး ဆေးကုတော်တဲ့ လူသားတစ်ဦးပါ။ သူ့နာမည်က ဆရာကွန်းတဲ့၊ အတိုချုံးပြောရရင် တောထဲ ဆေးမြစ်ဆေးရွက်တွေ လာရှာရင်း မေမေနဲ့တွေ့လို့ မေတ္တာမျှရည်ငံခဲ့ကြတယ်။ ဝံပုလွေမ,မုန်းသိပါလျက်နဲ့ကို သမီးဖေဖေက မေမေ့ကို လူတို့ထုံးစံအတိုင်း လက်ထပ်ယူခဲ့တာပါ။

တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် နားလည်မှုတွေနဲ့ပေါ့။ သမီးဖေဖေဆရာကွန်းကို တစ်ဖက်သတ်နှစ်သက်နေတဲ့ အခြားသော ဝံပုလွေမျိုးနွယ်စုရဲ့ဘုရင်မ ကူမာလီဟာ သူ့ကို မကြိုက်ရကောင်း၊ မယူရကောင်းလားဆိုပြီး မနာလိုစိတ် မကျေနပ်စိတ်တွေနဲ့ သမီးဖေဖေကို ကိုက်သတ်လိုက်တယ် ...၊

ဒါ့အပြင် မေမေတို့ မျိုးနွယ်စုတွေအားလုံးကိုပါ ရန်ရှာ တိုက်ခိုက်တော့တာပါပဲကွယ်။ ပြဿနာကတော့ မသီးဖေဖေက သူ့အချစ်ကိုငြင်းဆန်လို့ပါပဲ၊ ကုမာလီ ပြဿနာရှာ၊ ရန်ရှာလို့ တို့သားအမိနှစ်ယောက် မြေရာဖျောက် ခွဲပြီးနေလိုက်ရတာပါပဲ သမီးရယ်၊ ဒီလောက်ဆို ...မေမေ့အပေါ် အပြစ်မမြင်ဘဲ နားလည်ပါတော့ကွယ်''

''မေမေ့ကို သမီးအပြစ်မတင်ပါဘူး၊ မိဘတွေဟာ သား သမီးတွေအပေါ် အမြဲကောင်းစေချင်ပြီး စောင့်ရှောက်ကာကွယ် ပေးချင်တာပဲရှိကြတာပါ။ ဒီသဘောကို သမီးနားလည်ပါတယ် မေမေ''

မယ်တော်ကြီးဆာဆာက ခေါင်းတညိတ်ညိတ်နှင့်–

''မေမေလည်း ဒီလိုပါပဲ သမီးရယ်။ ကိုယ့်သားသမီး မြေးမြစ်အမျိုးအဆွေ ဝံပုလွေအားလုံးကို ဆိုးရွားလှတဲ့ ဝံပုလွေ ဘဝက လွတ်မြောက်အောင် ကြိုးစားအားထုတ်ပေးနေပါတယ်။ မေမေ့အနေနဲ့ကတော့ ကိုယ်ကျင့်သီလတွေ ကျင့်စဉ်တွေလည်း အားလုံးပြည့်စုံလို့ အောင်မြင်ပြီးပြီလေ ...၊

ခုချက်ချင်းလည်း ဒီဝံပုလွေမဘဝကနေ ကျွတ်လွတ်





မြောက်အောင်လုပ်ပြီး ကောင်းမြတ်တဲ့ အခြားသောဘဝတွေဆီကို မေမေသွားလို့ရပါပြီ။ ဒါပေမဲ့ ...မေမေ မသွားရက်ဘူး။ မေမေ့မှာ သမီးတစ်ယောက်နဲ့ မြေးတစ်ယောက် ကျန်သေးသလို ကိုယ့်ရဲ့ဆွေမျိုးသားချင်းတွေနဲ့ အောက်လက်ငယ်သားတွေလည်း ရှိသေးတယ်လေ။ သူတို့တွေ အားလုံးလည်း ဒီဆိုးရွားလှတဲ့ ဝံပုလွေဘဝကို ငြီးငွေ့စိတ်ပျက်နေကြတယ်။

အချိန်တန် လပြည့် လကွယ်ညတွေရောက်ရင် ဝံပုလွေ သတ္တဝါဘဝတွေနဲ့ တွေ့ကရာ မြင်ကရာ အမဲသားကောင်တွေကို ရှာစားရတဲ့အဖြစ်က တော်တော် စိတ်ကုန်စရာကောင်းလှပါ တယ် ...၊

ဒီအချိန်မှာ အံသိစိတ်တွေအားလုံးပျောက်ပြီး သားသမီး မှန်းမသိ၊ အဖေ အမေမှန်းမသိနဲ့ ဆိုးသွမ်းကောက်ကျစ်ရိုင်းစိုင်း နေတဲ့ သတ္တဝါဘဝကို မေမေအပါအဝင် ဘယ်ဝံပုလွေတွေမှ မဖြစ်ချင်ကြပါဘူး။ မေမေက တစ်လောကလုံး ဝံပုလွေတွေရဲ့ ဘေကရိဘုရင်မကြီးတစ်ဆူလေ။ အကြီးအကဲခေါင်းဆောင်ကောင်း အနေနဲ့ ကိုယ်တစ်ယောက်တည်း ကိုယ်လွတ်ရုန်းပြီး မသွားသင့် ဘူး။ အားလုံးလွတ်မြောက်အောင် လုပ်ပေးသင့်တာပေါ့ ...၊

ဒါကြောင့် မေမေ့သမီးနဲ့ မြေးမြစ်၊ အောက်လက်ငယ်သားတွေအားလုံး ကျွတ်လွတ်မှ မေမေလည်း ဒီဝံပုလွေဘဝကို အဆုံးသတ်လွတ်မြောက်ဖို့ ဆုံးဖြတ်ထားတယ်။ ဒါဟာ ... မေမေ့ရဲ့ သဘောထားပါပဲ''

မိချိုနာသည် မိခင်မယ်တော်ကြီးဆာဆာ၏ သဘောထားခံယူချက်စကားများကို ကြားသိလိုက်ရတော့ မိမိတစ်ကိုယ်တည်း ကိုယ်လွတ်ရုန်း ကျွတ်လွတ်ဖို့ ကြိုးစားခဲ့သည့်အဖြစ်ကို တွေးမိကာ မိမိကိုယ်မိမိ အလွန်ရှက်မိလေသည်။

မယ်တော်ကြီးဆာဆာက မြေးမလေးဖြစ်သူ အိုမိဆီသို့ သွားကာ မြားမှန်ထားသော ဒဏ်ရာနေရာနှင့် နှလုံးရှိရာနေရာသို့ စိတ်ညွှတ်၍ အဆိပ်များကိုထုတ်လိုက်ပြီး အိုမိအား အကောင်းပကတိအတိုင်း ပြန်လည်အသက်ရှင်သန်စေခဲ့သည်။

''အို ... မေမေ သမီးပြန်နေကောင်းလာပြီ''

သမီးအိုမိကို မိခင်ဖြစ်သူ မိချိုနာကလည်း ဝမ်းမြောက်ဝမ်းသာစိတ်နှင့် ပြေးဖက်ထားရင်း –

''မေမေ့သမီးလေး မသေတော့ဘူး။ မေမေ ဝမ်းသာလိုက်တာ သမီးရယ်''





သားအမိနှစ်ယောက်ကိုကြည့်နေသော မယ်တော်ကြီးဆာဆာက –

''မိချိုနာ ညည်းသမီးအိုမိ နှစ်သက်တဲ့ လူသားတစ်ယောက်နဲ့ သူ့ကို ထိမ်းမြားလက်ထပ်ပေးလိုက်ပါ။ ဒါမှ သူတည်ငြိမ်ရင့်ကျက်လာမှာ''

မယ်တော်ကြီးဆာဆာ၏စကားကြောင့် မိချိုနာတို့သားအမိ မျက်နှာမကောင်းဖြစ်ကုန်ကြသည်။ အဆိုးဆုံးက အိုမိပင်။ မျက်ရည်များပင်ဝဲနေသည်။

အိုမိက ...

''ကျွန်မ ဒီဝံပုလွေဘဝနဲ့ ဘယ်ယောက်ျားကိုမှ မယူတော့ဘူး မယ်တော်။ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးပဲ နေခွင့်ပေးတော်မူပါ မယ်တော်ကြီး''

မယ်တော်ကြီးဆာဆာက မျက်နှာထားတင်းတင်းနှင့်...

''မရဘူး ... ဒါ အမိန့်ပဲ၊ ဘုရင်မလုပ်မယ့်သူမှာ ကြင်ယာတော်တစ်ပါးတော့ အနည်းဆုံး ထားရှိရမယ်။ ဘုရင်တွေ၊ ဘုရင်မတွေဟာ ကိုယ့်ရဲ့မျိုးဆက်တွေကို မပြတ်မနေ ချန်ထား

ခဲ့ရမှာ။ ဒါ . . . သဘာဝပဲ''

မိချိုနွာက –

''မေမေ သူ မနှစ်သက်တဲ့သူနဲ့တော့ မစီစဉ်လိုက်ပါနဲ့။ သမီးလေး စိတ်ဆင်းရဲမှာ ကျွန်မ မလိုလားဘူး''

''ငါသိတယ် မိချိုနွာ။ ညည်းသမီး ဘာကြောင့် အသည်းကွဲလွမ်းဆွတ်နေတာ မအေဖြစ်ပြီး ညည်းမသိဘူး မဟုတ်လား။ သူ့အတွက် ပျော်ရွှင်မှုတွေရအောင်လုပ်ဖို့ အကောင်းနဲ့ငါ စီစဉ်မှာပါ။ ညည်း စိတ်မပူနဲ့''

''မေမေက အကောင်းနဲ့စီစဉ်တာတော့ ဟုတ်ပါပြီ။ သူမကြိုက်တဲ့သူကိုယူပြီး ပိုလို့ စိတ်ဆင်းရဲမှာစိုးရိမ်လို့ပါ။ သူ့ချစ်သူလူသားက ဘုန်းကြီးဝတ်သွားပြီလေ။ ဘယ်လိုလုပ်မလဲ၊ အဲဒီဘုန်းကြီးကို မေမေက အတင်းလူထွက်ခိုင်းပြီး သမီးနဲ့ ပေးစားမလို့လား။ မလုပ်ပါနဲ့မေမေရယ်။ သူ့ချစ်သူလူသားလေး ဘုန်းကြီးဆက်ဝတ်နေတာပဲ ကောင်းပါတယ်မေမေရယ်။ ထားလိုက်ပါတော့''

မယ်တော်ကြီးဆာဆာက အသာပြုံးလိုက်ပြီး –

''ညည်းက အကြောင်းစုံမသိသေးဘူးပဲ။ ကဲပါ . . .





ထားလိုက်ပါတော့၊ ဟိုရောက်တော့ ညည်းသဘောပေါက်သွားပါ့မယ်၊ မနက်ဖြန် . . . ညည်းသမီးအိုမီ ငါ့မြေးအတွက် မြန်မာနိုင်ငံထဲက လူသားယောကျ်ားတစ်ယောက်ကို ငါသွားတင်တောင်းပေးမယ်။ တို့သားအမိ အတူသွားကြတာပေါ့''

''ရှင်''

မိချိုနွာနှင့် သမီးအိုမီတို့နှစ်ယောက် အလွန်အံ့ဩ၍ စိတ်ညစ် စိတ်ရှုပ်ကုန်ကြသည်။

❄ ❄ ❄

## မြန်လည်ဆုံဆည်းခြင်း

မယ်တော်ကြီးဆာဆာနှင့် မိချိုနာတို့သားအမိနှစ်ဦးသည် မြန်မာနိုင်ငံ ရန်ကုန်မြို့ဘက်သို့ ခရီးထွက်သွားကြသည်။ ရက်အနည်းငယ်အကြာတွင် မယ်တော်ကြီးဆာဆာတို့သားအမိနှစ်ဦးနှင့်အတူ အမျိုးသားလူငယ်တစ်ဦး ညွှန့်သည်လည်း ပါလာသည်။

ဟိမဝန္တာတောင်၏ အလေ့ကျပေါက်နေသော ပန်းတောတစ်နေရာတွင် ငေးငေးဆွေးဆွေးနှင့် အိုမိနေနေသည်။

ထိုအချိန်တွင် မယ်တော်ကြီးဆာဆာက –

"အိုမိ ဝို့မြေးလေး ... ဒီမှာ ညွှန့်သည်တစ်ယောက်





ပါလာတယ်။ ဘယ်သူလဲဆိုတာ ကြည့်လိုက်ပါဦးကွယ်"

အသံကြားရာသို့ အိုမိ လှည့်ကြည့်လိုက်ရာ –

"ဟင် ... ကိုဖြိုး"

ဟု အံ့ဩဝမ်းသာစိတ်နှင့် အိုမိသည် အောင်ဖြိုးအား ပြေးဖက်လေသည်။ မျက်ရည်များနှင့် အောင်ဖြိုးကလည်း ပြေးဖက်ရင်း –

"အိုမိ အချစ်ရယ် ... ကိုယ်ဖြင့် မင်း တုကာယ်သေပြီမှတ်နေတာ၊ မင်းကို အခုတွေ့ရတော့ ကိုယ်လေ သိပ်ဝမ်းသာတာပဲကွာ၊ ဒီတစ်ခါတော့ ကိုယ်တို့နှစ်ယောက် သေအတူရှင်အတူ မခွဲမခွာဘဲ တစ်သက်လုံး အတူနေကြမယ်နော်"

အိုမိက ခေါင်းအသာညိတ်ပြရင်း –

"ကိုဖြိုးကို ဘွားဘွားက အတင်းလူထွက်ခိုင်းတာလားဟင်"

အောင်ဖြိုးက ပြုံးလိုက်ရင်း –

"ဒီလိုမဟုတ်ပါဘူး အိုမိ၊ ကိုယ် ဘုန်းကြီးဝတ်ပြီး တစ်လကျော်လောက်မှာ အပြင်းစား အစာအိမ်နာရောဂါရလို့ ရက်ကြာကြာ ဆေးရုံတက်ကုရမှာမို့ လူထွက်လိုက်ရတာပါ၊ ဘယ်သူ

မှ ကိုယ့်ကို အတင်းလူ မထွက်နိုင်းပါဘူး။ ဆေးရုံပေါ်မှာ ကိုယ် စိတ်ဓာတ်ကျပြီး သေမလိုဖြစ်နေတဲ့အချိန်မှာ အိုမိရဲ့ဘွားဘွားက ကိုယ့်ဆီရောက်လာတယ်၊ တိုတိုပြောရရင် ကိုယ့်အသက်ကို ဘွားဘွားကပဲ ကယ်ပေးခဲ့တယ်၊ အခုလို ကိုယ် တို့နှစ်ယောက် ပြန်ပြီးဆုံဆည်းရအောင်လည်း ဘွားဘွားကပဲ လုပ်ပေးခဲ့တာပေါ့၊ ဒါကြောင့် ... ဘွားဘွားကို ကျေးဇူးတင်တဲ့အနေနဲ့ ကိုယ်တို့ နှစ်ယောက် ကန်တော့ကြရအောင်''

အိုမိနှင့်အောင်ဖြိုးတို့ ချစ်သူနှစ်ယောက်သည် မြေပေါ်၌ ပင် ပုဆစ်တုပ်ထိုင်လိုက်ပြီး –

''ဘွားဘွားကို သိပ်ကျေးဇူးတင်ပါတယ်ဗျာ''

''ဘွားဘွားမယ်တော်ကြီးကို သမီး အရမ်းကျေးဇူးတင် ပါတယ်''

ဟုဆိုကာ ဦးသုံးကြိမ်ကန်တော့လိုက်ကြသည်။

မယ်တော်ကြီးဆာဆာက ကျေနပ်စွာပြုံးလိုက်ပြီး –

''မင်းတို့ချစ်သူနှစ်ယောက် ပြန်လည်ဆုံဆည်းကြပြီမို့ ပျော်ရွှင်ချမ်းမြေ့စွာ သစ္စာရှိရှိနဲ့ အတူနေထိုင်ကြပါတော့''

မိချိုနာသည် သမီးနှင့်အောင်ဖြိုးတို့ ချစ်သူမောင်နှံ





နှစ်ယောက်ကိုကြည့်ပြီး ပြုံးပျော်နေရှာသည်။

''မေမေ့ကို သမီး သိပ်ကျေးဇူးတင်တာပဲ၊ ကလေးတွေ လည်း ပြန်ဆုံဆည်းလို့ ပျော်ကြရပြီ''

မယ်တော်ကြီးဆာဆာက သမီးဖြစ်သူမိချိုနာအား ပြုံး၍ ကြည့်လိုက်ပြီး –

''ဘာများ ထူးဆန်းလို့လဲ ငါ့သမီးရယ်၊ မပြောပလောက် တဲ့ ကိစ္စလေးကို၊ နောက်ငါးနှစ်ဆို ငါ့သမီး ဒီဝံပုလွေဘဝက ကျွတ်လွတ်တဲ့အခါမှာလည်း အကောင်းဆုံးဘဝကို ရောက်သွား တဲ့အထိ မိခင်တစ်ယောက်အနေနဲ့ ငါ့သမီးမိချိုနာကို မျက်စိ တဆုံးနဲ့ မေမေ ကြည့်ရှုစောင့်ရှောက်ပေးဦးမှာ။ ဒါ ... မိခင်တစ် ယောက်က ကိုယ့်သားသမီးအပေါ်ထားတဲ့ ရိုးရှင်းတဲ့မေတ္တာ တရားပါ။ အဲဒီအချိန်ရောက်တဲ့အခါ ငါ့သမီးလေး မိချိုနာ တစ် ယောက် ဝံပုလွေဘဝက ကျွတ်လွတ်သွားလို့ မေမေ မငိုဘဲ ဝမ်းမြောက်ဝမ်းသာဖြစ်နေမှာပါကွယ်။ ကျန်တဲ့ မြေးမြစ်ဆွေမျိုး တွေနဲ့ အမျိုးအနွယ်တွေအားလုံးအပေါ်မှာလည်း ဒီလိုပါပဲ သမီး ရယ်''

''အို ... မေမေရယ်''

ဟု မိချိုနာက ပြောရင်း မိခင်ရင်ခွင်ထဲသို့ တိုးဝင်ခိုလိုက်သည်။

ထိုအချိန်တွင် ကောင်းကင်တစ်ခွင်လုံး ကြည်လင်ကာနေသာနေသည်။ ပန်းရိုင်းတောထဲတွင် အောင်ဖြိုးနှင့်အိုမိတို့ချစ်သူနှစ်ဦးသည် ကလူကျီစယ် ချစ်တုံ့ပြန်ရင်း ပျော်ရွှင်ကြည်နူးနေကြသည်။

မြန်မာနိုင်ငံမှ လူသားလေးအောင်ဖြိုးနှင့် ဒဏ္ဍာရီဝံပုလွေမလေး အိုမိတို့ ချစ်သူနှစ်ဦးသည် အသက်ထက်ဆုံးပျော်ရွှင်စွာ ပေါင်းဖက်နေထိုင်သွားကြပါတော့သည်။

ပျော်ရွှင်ချမ်းမြေ့ပါစေ

စောပြုတ်ဘုန်းခံ

ခု နှစ် ဝဉ် ကြယ် တ ပေ